မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်၊ ၂၀၀၆ ခုနှစ်၊ မတ် ၁ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၅)၊ အမှတ်(၁၅၂)

လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေဆိုင်ရာ အမျိုးသားအဆင့် နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲကျင်းပ

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာစံချိန်စံညွှန်းနှင့် ကိုက်ညီသည့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေပြဋ္ဌာန်းပြီး ဥပဒေစိုးမိုးသည့် အဝန်းအဝိုင်းကို ထူထောင်နိုင်ခဲ့ နစ်နာသည့် လူကုန်ကူးခံရသည့်ဘက်မှ ရပ်တည်ပြီး လူ့အခွင့်အရေးကို အခြေခံသည့် ဥပဒေတစ်ခုဖြစ် လူကုန်ကူးမှုပြဿနာ တိုက်ဖျက်ရာတွင် ဌာနပေါင်းစုံပါဝင်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးနှင့် အဖွဲ့ဝင်များ၊ နှီးနှောဖလှယ်ပွဲ သဘာပတိအဖွဲ့ အဖွဲ့ဝင်များ၊ စာတမ်းရှင်များ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှ ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ သံတမန်အဖွဲ့နာယက ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး အမှူးပြုသော သံတမန်များ၊ မြန်မာနိုင်ငံရှိ ကုလသမဂ္ဂအဖွဲ့အစည်းများ ညှိနှိုင်းရေးမှူး အမှူးပြုသော ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကြစဉ်။ (သတင်းစဉ်)

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ပြည်ထဲရေးဝန်ကြီးဌာနနှင့် လူကုန်ကူးခြင်းကိုတိုက်ဖျက်သည့် ကုလသမဂ္ဂအစီအစဉ်(UNIAP)တို့ ပူးပေါင်းကျင်းပသည့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေဆိုင်ရာ အမျိုးသားအဆင့်နှီးနှောဖလှယ်ပွဲ(National Seminar on the Anti-Trafficking in Persons Law)ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ဒုတိယဝန်ကြီးများနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင်များ၊

စာမျက်နှာ ၈ ကော်လံ ၁ ✡

အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဆူဆီလို ဘန်ဘန်းယူဒိုရိုနို၏ ကိုယ်ရေးအကျဉ်း

သမ္မတ ဒေါက်တာဆူဆီလို ဘန်ဘန်း ယူဒိုရိုနို

မဒမ် ခရစ္စတီယာနီ ဟယ်ယာဝါတီ

ဒေါက်တာဆူဆီလို ဘန်ဘန်း ယူဒိုရိုနိုသည် ၁၉၄၉ ခုနှစ် စက်တင်ဘာ ၉ ရက်က အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျာဗားပြည်နယ် ပါစီတန်မြို့၌ မွေးဖွားခဲ့ပါသည်။ ၁၉၇၃ ခုနှစ်တွင် အင်ဒိုနီးရှား ခြေလျင်တပ်ဖွဲ့ဆိုင်ရာ စစ်တက္ကသိုလ်မှ ဘွဲ့ရရှိခဲ့ပြီး ၁၉၈၂ ခုနှစ်မှ ၁၉၈၃ ခုနှစ်အထိ အမေရိကန်နိုင်ငံတွင် ခြေလျင်တပ်ဖွဲ့အရာရှိများ၏ အဆင့်မြင့်သင်တန်းသို့ တက်ရောက်ခဲ့ပါသည်။ ၎င်းသည် ၁၉၈၈ ခုနှစ်မှ ၁၉၈၉ ခုနှစ်အထိ ခြေလျင်တပ်ဖွဲ့ဆိုင်ရာ အုပ်ချုပ်မှုသင်တန်းကျောင်းသို့ တက်ရောက်ခဲ့ပြီး ၁၉၉၀ ပြည့်နှစ်မှ ၁၉၉၁ခုနှစ်အထိ အမေရိကန်နိုင်ငံရှိ စစ်ဦးစီးတက္ကသိုလ်သို့ တက်ရောက်ခဲ့ပါသည်။ ၁၉၉၀ ပြည့်နှစ်မှ ၁၉၉၁ ခုနှစ်အထိမှာပင် ၎င်းသည် အမေရိကန်နိုင်ငံရှိ ဝက်ဘ်စတာတက္ကသိုလ်တွင် ဘွဲ့လွန်သင်တန်းတက်ရောက်၍ စီမံခန့်ခွဲမှုဆိုင်ရာ မဟာဝိဇ္ဇာဘွဲ့ကို ဆည်းပူးရယူခဲ့ပါသည်။ ထို့နောက် ၂၀၀၁ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ ၎င်းသည် အင်ဒိုနီးရှားနိုင်ငံ အနောက်ဂျာဗားပြည်နယ် ဘိုဂေါမြို့ရှိဘိုဂေါစိုက်ပျိုးရေးသိပ္ပံတွင် ဘွဲ့လွန်သင်တန်းတက်ရောက်၍ စိုက်ပျိုးရေးဘောဂဗေဒဘာသာဖြင့် ဒေါက်တာဘွဲ့ရရှိသည်အထိ တက်ရောက်လေ့လာဆည်းပူးခဲ့ပါသည်။

ဒေါက်တာဆူဆီလိုသည် ၁၉၇၃ ခုနှစ်တွင် ဒုတိယဗိုလ်အဖြစ် တပ်မတော်၌ ခန့်အပ်ခြင်းခံရပြီးသည့်နောက် ၂၇ နှစ်တာကြာမျှ တပ်ဘက်နှင့်အရပ်ဘက် အစိုးရဆိုင်ရာ အဖွဲ့အစည်းများတွင် ရာထူးတာဝန်အဆင့်ဆင့်ကို ထမ်းဆောင်ခဲ့ပြီး သင်တန်းကိစ္စဖြင့်လည်းကောင်း၊ ချစ်ကြည်ရေး အလည်အပတ်ခရီးအဖြစ်လည်းကောင်း၊ ခေတ္တတာဝန်ထမ်းဆောင်ရန်အတွက်လည်းကောင်း အမေရိကန်၊ ရုရှား၊ ဂျာမနီ၊ ယူကေ၊ ပနားမား၊ ဘယ်လ်ဂျီယံနှင့် ဩစတြေးလျအပါအဝင် နိုင်ငံပေါင်း ၂၈ နိုင်ငံသို့ လှည့်လည်သွားရောက်ခဲ့ပါသည်။ ၎င်းသည် ခြေလျင်တပ်ရင်း၏ တပ်ရင်းမှူးအဖြစ်လည်းကောင်း၊ စစ်ဦးစီးအရာရှိအဖြစ်လည်းကောင်း၊ နယ်မြေတာဝန်ခံ တိုင်းမှူးအဖြစ်လည်းကောင်း၊ လေ့ကျင့်ရေးအရာရှိနှင့် ကထိကအဖြစ်လည်းကောင်း၊ စစ်ဆင်ရေးဇုန်များ၊ အခြေပြုစခန်းများနှင့် ပင်လယ်ရပ်ခြားရှိ စစ်စခန်းများစသည်တို့တွင် တာဝန်များကို ထမ်းဆောင်ခဲ့သူဖြစ်ပါသည်။ ဒေါက်တာဆူဆီလိုသည် ၂၀၀၀ ပြည့်နှစ်တွင် အင်ဒိုနီးရှားကာကွယ်ရေးတပ်မတော်(တီ-အင်န်-အိုင်)တွင် ဗိုလ်ချုပ်ကြီးရာထူးသို့ တိုးမြှင့်ခြင်းခံခဲ့ရပါသည်။

ထို့အပြင် ၎င်းသည် အမျိုးသားညီညွတ်ရေးဝန်ကြီးအဖွဲ့တွင် သတ္တုတွင်းနှင့် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးအဖြစ်လည်းကောင်း၊ နိုင်ငံရေး၊ လူမှုရေးနှင့် လုံခြုံရေးဆိုင်ရာ ညှိနှိုင်းဝန်ကြီးအဖြစ်လည်းကောင်း တာဝန်ယူခဲ့ပြီး ဂိုတောင် ရိုရောင်းဝန်ကြီးအဖွဲ့တွင် နိုင်ငံရေးနှင့် လုံခြုံရေးဆိုင်ရာ ညှိနှိုင်းဝန်ကြီးအဖြစ် တာဝန်ယူခဲ့ဖူးသူဖြစ်ပါသည်။

ဒေါက်တာဆူဆီလိုသည် ၂၀၀၄ ခုနှစ်က ကျင်းပခဲ့သည့် နိုင်ငံ၏ ပထမဦးဆုံးအကြိမ် တိုက်ရိုက်သမ္မတ ရွေးချယ်တင်မြှောက်ပွဲတွင် ၂၀၀၄ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိကာလအတွက် အင်ဒိုနီးရှားသမ္မတနိုင်ငံ၏ သမ္မတ အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရပါသည်။

ဒေါက်တာဆူဆီလိုသည် မဒမ် ခရစ္စတီယာနီ ဟယ်ယာဝါတီနှင့် အိမ်ထောင်ပြုခဲ့ပြီး သားသမီးနှစ်ဦးရှိပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန
ရက်စွဲ၊ ၂၀၀၆ ခုနှစ်၊ မတ်လ ၁ ရက်။

နိုင်ငံတော်ပွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ မတ်လ ၁ ရက်)

အမျိုးသား ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်း အောင်မြင်စေရေး ဝိုင်းဝန်းပံ့ပိုးကူညီဆောင်ရွက်ပေး

ရေကောင်းရေသန့်ရရှိရေး၊ အညစ်အကြေးများကို စနစ်တကျစွန့်ပစ်ရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေး၊ အထူးသဖြင့် လက်သန့်ရှင်းစင်ကြယ်ရေးနှင့် အစားအစာသန့်ရှင်းရေးတို့သည် တစ်ခုနှင့်တစ်ခု ဆက်စပ်လျက်ရှိသည်။ ပြည်သူများ၏ကျန်းမာရေး၊ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုများကိုလည်း များစွာအထောက်အကူပြုနေသည်။ ရေနှင့်သန့်ရှင်းရေး လွှမ်းခြုံမှုကိန်းဂဏန်းများသည် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ပြနေသည့် အညွှန်းကိန်းများလည်း ဖြစ်ကြသည်။

မြန်မာနိုင်ငံ၌ လေထုနှင့်ရေထု ညစ်ညမ်းမှုကာကွယ်ထိန်းသိမ်းရေး လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန် မူဝါဒချမှတ်ထားရှိသည်။

နိုင်ငံတော်က အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများ တိုးတက်ကောင်းမွန်ရေးကို အလေးထားသကဲ့သို့ ပြည်သူလူထု ရေကောင်းရေသန့် ရရှိသုံးစွဲနိုင်ရေးကိုလည်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်တွင် အရေးကြီးလုပ်ငန်းစဉ်တစ်ရပ်အနေဖြင့် ဆောင်ရွက်ရန် မူဝါဒချမှတ်ပေးထားပြီးဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာနနှင့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် နဝမနှစ် အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ် (၂၀၀၆) ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီလ ၂၇ ရက်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာနအဆောက်အအုံ၌ ကျင်းပရာ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကား ပြောကြားသည်။

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က-

"ပြည်သူလူထုအနေဖြင့် အညစ်အကြေးများကို စနစ်တကျစွန့်ပစ်မည်၊ ရေကောင်းရေသန့်များကိုသာ သုံးစွဲကြမည်၊ လက်သန့်ရှင်းရေးနှင့် အစားအစာသန့်ရှင်းရေးတို့ကို ဂရုပြုလိုက်နာဆောင်ရွက်ကြမည်ဆိုလျှင် ဝမ်းလျှောဝမ်းပျက်ရောဂါ၊ သန်ကောင်ရောဂါ၊ အသည်းရောင်အသားဝါရောဂါ၊ ပိုလီယိုအကြောသေရောဂါ စသည့်ရောဂါများဖြစ်ပွားမှုမှ ကင်းဝေးနိုင်ကြမည်ဖြစ်ကြောင်း"

ပြောကြားသွားသည်။

သန့်ရှင်းရေးလုပ်ငန်းများအရှိန်အဟုန်မြင့်မားစေရန်အတွက် ၁၉၉၈ ခုနှစ်မှစတင်၍ အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်များကို နှစ်စဉ်ကျင်းပလာခဲ့သည်မှာ ယခုနှစ်တွင် နဝမအကြိမ်ရှိပြီဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ရှေးဦးတီထွင်ဆောင်ရွက်ခဲ့သည့် အမျိုးသားရေးလှုပ်ရှားမှုကြီးဖြစ်ပြီး ထိုအောင်မြင်မှုကိုအကြောင်းပြု၍ အခြားနိုင်ငံများက အတုယူ လှုပ်ရှားလာကြသည့် လုပ်ငန်းလည်း ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် တစ်နိုင်ငံလုံးတွင် ယင်လုံအိမ်သာလွှမ်းခြုံမှု အများဆုံးနှင့်အမြန်ဆုံး တိုးမြှင့်နိုင်စွမ်းရှိခြင်း၊ နိုင်ငံတော်က ချမှတ်ပေးသည့်မူဝါဒကို ပြည်သူတစ်ရပ်လုံးက လက်တွေ့အကောင်အထည်ဖော်နိုင်စွမ်းရှိခြင်း၊ ကိုယ့်အားကိုယ်ကိုးပြီး ထိထိရောက်ရောက် ဆောင်ရွက်နိုင်စွမ်းရှိခြင်း၊ ယင်လုံအိမ်သာနှင့်အတူ ရေကောင်းရေသန့်ရရှိရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေး၊ အစားအစာ သန့်ရှင်းရေးဟူသည့် သန့်လေးသန့်လုပ်ငန်းများကိုပါ ပူးတွဲဆောင်ရွက်နိုင်စွမ်းရှိခြင်းတို့ကြောင့် နိုင်ငံအချို့ကပင် စိတ်ဝင်စားလာခဲ့ခြင်းဖြစ်သည်။

တစ်နိုင်ငံလုံးရှိ မြို့နယ်များနှင့် ကျေးရွာများတွင် ယင်လုံအိမ်သာများ စနစ်တကျသုံးစွဲရေး၊ ဈေးအိမ်သာများသန့်ရှင်းရေး၊ အမှိုက်သရိုက်များ စနစ်တကျ စွန့်ပစ်ရေးတို့ကို ယခင်ကထက် ပိုမိုမြှင့်တင်ဆောင်ရွက်ကြရေး၊ အခြေခံပညာကျောင်းများတွင်လည်း ယင်လုံအိမ်သာ ရာခိုင်နှုန်းပြည့်ဆောက်လုပ်သုံးစွဲရေးနှင့် ရေကောင်းရေသန့်ရရှိရေးတို့အတွက် တွန်းအားပေးဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေး လှုပ်ရှားမှုလုပ်ငန်းများ အောင်မြင်ရေးအတွက် ရုပ်ရှင်၊ ဂီတ၊ သဘင်အစည်းအရုံးများ၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း စသည်တို့က လှုပ်ရှားမှုဆိုင်ရာ သတင်းများ၊ ကျန်းမာရေးပညာပေး အစီအစဉ်များအား ပိုမိုတိုးမြှင့်ထုတ်လုပ်နိုင်ရန် ပူးပေါင်းဆောင်ရွက်သွားကြရမည် ဖြစ်သကဲ့သို့ ကျန်းမာရေးဝန်ထမ်းများ၊ နီးနွယ်ဆက်စပ်သောဌာနဆိုင်ရာများ၊ ပြည်တွင်းပြည်ပ လူမှုရေးအသင်း အဖွဲ့များကလည်း ဝိုင်းဝန်းပံ့ပိုးကူညီဆောင်ရွက်ပေးသွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၁-၃-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၂၀ ၄။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၃၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၄၀ ၆။ မျိုးချစ်တပ်မတော်
- ၄:၅၀ ၇။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
- ၅:၀၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၅:၃၀ ၉။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅:၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၃။ မိုးလေဝသသတင်း
- ၆:၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၄၀ ၁၅။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"နန်းတွင်းရတနာ"** (အပိုင်း-၁၆)
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၉။ ဗွီစီဒီကျော်ကြားတေးများ
- ၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပါရမီရှင်သိုင်းလုလင်"** (အပိုင်း-၂၁)

ပြည်သူ့သဘောထား

- * ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- * ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရွှေတိဂုံစေတီတော်ဗုဒ္ဓပူဇနီယပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၈

လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီး၌ နှစ်စဉ်ကျင်းပပူဇော်မြဲဖြစ်သော ဗုဒ္ဓပူဇနီယပွဲတော်ကို ၁၃၆၇ ခုနှစ်တွင် ၂၅၉၄ နှစ်မြောက်အဖြစ် ဗုဒ္ဓပူဇာ၊ ဓမ္မပူဇာ၊ သံဃပူဇာဟု ဆိုအပ်သော ပူဇော်ခြင်းအရပ်ရပ်တို့ဖြင့် ပူဇော်ပြီး စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ မတ် ၄ ရက် နံနက် ၉ နာရီတွင် ရွှေတိဂုံစေတီရင်ပြင်တော် ရာဟု ထောင့်ချမ်းသာကြီးတန်ဆောင်း၌ ဖွင့်ပွဲအခမ်းအနားကျင်းပပြီး တပေါင်းလပြည့်နေ့ မတ် ၁၃ ရက် နံနက် ၉ နာရီအထိ သံဃာတော်အပါး ၁၂၀ တို့က ၁၀ ရက်တိုင်တိုင် အသံမစဲမဟာ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ကြမည်ဖြစ်သည်။ မတ် ၁၂ ရက် ညနေ ၄ နာရီတွင် ရွှေတိဂုံစေတီရင်ပြင်တော်ပေါ်၌ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဆရာတော်ကြီး များအပါအဝင် သံဃာတော် ၈၁ပါးနှင့် သီလရှင် ၂၇ပါးတို့အား ဆွမ်းဆန်တော်လောင်းလှူပွဲကျင်းပမည်ဖြစ်ပြီး တပေါင်းလပြည့်နေ့ မတ် ၁၃ ရက်နံနက် ၅နာရီတွင် စေတီတော်မြတ်ကြီးအား ဆွမ်းတော်ကြီး စုပေါင်းဆက်ကပ်လှူဒါန်း၍ ယင်းနံနက် ၉ နာရီခွဲတွင် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချအနုမောဒနာ အခမ်းအနားကျင်းပမည်ဖြစ်သည်။

ဆွမ်းဆန်တော်လောင်းလှူပွဲတွင် ပါဝင်ကုသိုလ်ပြုလိုသူများသည် ဗုဒ္ဓပူဇနီယပွဲတော်ကာလအတွင်း ရုံးပိတ်ရက်များတွင် ဂေါပကအဖွဲ့သို့ ဆက်သွယ်နိုင်ကြောင်းနှင့် နံနက် ၅ နာရီမှ ၇နာရီအထိ အများပြည်သူများ လွယ်လင့်တကူသင့်တင့်သော အလှူငွေဖြင့်အသင့်ဆွမ်းတော်ကြီးကပ်လှူနိုင်ရန် ဂေါပကအဖွဲ့က စီစဉ်ထားသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁-၃-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ အဘိဓေအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၅ ၅။ အတီးပြိုင်ပွဲ
- ၈:၀၅ ၆။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၈:၁၅ ၇။ အဆိုပြိုင်ပွဲ
- ၈:၂၀ ၈။ မင်းလှ ရေလှောင်တမံ
- ၈:၃၀ ၉။ International News
- ၈:၄၅ ၁၀။ Let's Go.,
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ တပ်မတော်နေ့ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲဆုရတေးများ (၂၀၀၃ခုနှစ်)
- ၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (ဓာတုဗေဒအထူးပြု) [ဓာတုဗေဒ]
- ၁၇:၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၁၇:၁၅ ၆။ မြန်မာစာ မြန်မာစကား
- ၁၇:၃၀ ၇။ သီချင်းကြီးပဒေသာ
- ၁၇:၄၅ ၈။ **"မင်းမသိသေးပါဘူးကွာ"** ဇော်ငှက်ပျော့ကြော်၊ချစ်စရာ၊ ကြူကြူသင်း၊ အေးအေးခိုင် (ဒါရိုက်တာ-ဆွေဇင်ထိုက်)
- ၁၇:၅၀ ၉။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၁၈:၀၀ ၁၀။ ညနေခင်းသတင်း
- ၁၈:၃၀ ၁၁။ မိုးလေဝသအခြေအနေ
- ၁၈:၃၅ ၁၂။ သုတစုံလင်ရွှေဉာဏ်ရှင်
- ၁၉:၀၅ ၁၃။ အတီးပြိုင်ပွဲ
- ၁၉:၁၅ ၁၄။ တေးဂီတအစီအစဉ်
- ၁၉:၃၀ ၁၅။ အသွင်သဏ္ဌာန်တောက်သည့် သဇင်တန်ပေါက်တံတား
- ၁၉:၃၅ ၁၆။ (၆၁)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၁၉:၄၅ ၁၇။ ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
- ၂၀:၀၀ ၁၈။ ပြည်တွင်းသတင်း
- ၁၉။ နိုင်ငံတကာသတင်းများ
- ၂၀။ မိုးလေဝသအခြေအနေ
- ၂၁။ ၂၀၀၆ ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု ပဒေသာကပွဲ

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁-၃-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

- ၇:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
- ၇:၀၅ တေးဂီတအစီအစဉ်
- ၇:၁၀ မေးကြည့်ဖြေကြည့် ပဟေဠိ
- ၇:၃၀ ပြည်တွင်းသတင်းအကျဉ်း
- ၇:၄၀ ပြည်သူ့အတွက် ကျန်းမာရေး (အရေပြား လေးဖက်နာရောဂါ မေးမြန်းခန်း)
- ၇:၅၀ တေးဂီတအစီအစဉ်
- ၇:၅၅ မြန်မာ့မီးရထားစွမ်းအား ကျောက်ရေတွင်း ခုံးကျော်တံတား
- ၈:၀၅ နိုင်ငံတကာသတင်းအကျဉ်း
- ၈:၁၀ တေးဂီတအစီအစဉ်
- ၈:၁၅ ကျန်းမာရေးအတွက် သန့်လေးသန့်
- ၈:၂၅ မိုးလေဝသခန့်မှန်းချက်
- ၈:၃၀ မြန်မာစာ၊မြန်မာစကား(၈)
- ၈:၄၅ တေးဂီတအစီအစဉ်
- ၈:၅၀ ကျေးလက်စာကြည့်တိုက် ဖွံ့ဖြိုးရေး (ဦးမျိုးမြတ်သူ၊ ဦးချစ်နိုင်-စိတ်ပညာ)
- ၉:၃၅ တေးဂီတအစီအစဉ်
- ၉:၄၀ ဂက်(စ်)မီးဖိုနှင့်ဖြစ်တတ်သော အန္တရာယ်များ
- ၉:၄၅ ပြည်တွင်းသတင်းအကျဉ်း
- ၉:၅၅ ရောင်းမယ်၊ ဝယ်မယ် (မေသဥ္ဇာဦး၊ ခင်လေးနွယ်)
- ၁၀:၁၀ ဆူနာမီရေလှိုင်း ကာကွယ်ရေးအကြောင်း သိကောင်းစရာ (ပထမပိုင်း)
- ၁၀:၄၀ တေးဂီတအစီအစဉ်
- ၁၀:၄၅ စံပြကျေးရွာဖြစ်စေဖို့ ဝိုင်းဝန်းကြိုးပမ်းစို့
- ၁၁:၀၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၁:၁၀ Myanmar Video Rhythm
- ၁၂:၀၀ MRTV-4 အပိတ် Logo

အထက်ပါ ငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀ နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

ရွှေပြည်ဟိန်း ကုသိုလ်ဖြစ်ဆေးခန်းသို့ အလှူငွေလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ရန်ကင်း ပြည်သာယာ(တာမွေလေးသံလမ်းအနီး) ရွှေပြည်ဟိန်းကျောင်း၌ဖွင့်လှစ်ထားသော ကုသိုလ်ဖြစ်ဆေးခန်းသို့ လိုအပ်သောဆေးပစ္စည်းများ ဝယ်ယူလှူဒါန်းနိုင်ရန်အတွက် လမ်းမတော် လမ်းသစ်ရိပ်သာ တိုက်၁၀၁(အေ) အခန်း၄၀၄နေ ဖခင်ဦးချမ်းအမှူးထား၍ ဦးခင်မောင်ရင်-ဒေါ်မော်မော်ချမ်း မိသားစုက ကျပ်တစ်သိန်းငါးထောင်ငါးရာကိုလည်းကောင်း၊ ဦးမြသန်းစံ-ဒေါ်သီဂီမိုး၊ သမီး ခိုင်ငြိမ်းငြိမ်းစံ၊ သားကောင်းငြိမ်းစံ(အပ္ပမာဒစာစဉ်) မိသားစုက ကျပ်ငါးသောင်း၊ ဗဟန်း ဆရာစံမြောက်အရှေ့ ဗဟိုလမ်းနေ ဦးပြည့်စုံ၊ ဒေါ်အေးအေး မိသားစုက ကျပ်သုံးသောင်းကို ပဓာန ဦးဆောင်ဆရာတော် အရှင်ခေမာသိရီလင်္ကာရထံ လှူဒါန်းကြသည်။ ဆေးနှင့်အလှူငွေများကို ရွှေပြည်ဟိန်းကျောင်း ဖုန်း-၅၄၁၄၉၃သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မွန်ပြည်နယ် ပေါင်မြို့နယ် ရင်းငြိမ်ရေထိန်းတံခါးဖွင့်ပွဲတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

❒ **ကျောဖုံးမှ**

ရေထိန်းတံခါး ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ရေထိန်းတံခါးဖွင့်ပွဲတက်ရောက်

အဆိုပါ ရေထိန်းတံခါးဖွင့်ပွဲအခမ်းအနားသို့ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ တပ်မတော်အရာရှိကြီးများ၊ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ မွန်၊ ပအိုဝ်း၊ ကရင် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၊ သူနာပြုများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ မင်္ဂလာစည်တော်နှင့်ဘင်ခရာ အဖွဲ့ဝင်များ၊ ပန်းဖွားအကအဖွဲ့ဝင်များ၊ ဆည်မြောင်းဦးစီးဌာနတည်ဆောက်ရေး(၆)မှ တာဝန်ရှိသူများ စုစုပေါင်းအင်အား ၄၅၀၀ ကျော်တို့ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက အမှာစကားပြောကြားရာတွင် ယခုဖွင့်လှစ်မည့်ရင်းငြိမ်ရေထိန်း တံခါးသည် နိုင်ငံသားများ၏ စိုက်ပျိုးစီးပွား ဖွံ့ဖြိုးတိုးတက်မှုအတွက် လုပ်ငန်းတစ်ခုဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် တစ်နိုင်ငံလုံးတွင် တည်ဆောက်ခဲ့သော ဆည်တမံလုပ်ငန်းများအနက် ၁၈၃ခုမြောက်လုပ်ငန်းဖြစ်ကြောင်း၊ ရင်းငြိမ်ရေထိန်းတံခါးကနေပြီး အကျိုးပြု ဧကမှာ ၂၀၀၀၀ခန့်ရှိသည့်အတွက် မွန်ပြည်နယ်၏ စိုက်ပျိုးမှု စွမ်းအားသည်လည်း မလွဲမသွေ တိုးတက်လာမည်ဖြစ်ကြောင်း။

ရင်းနီးမြှုပ်နှံသုံးစွဲခဲ့

မွန်ပြည်နယ်အတွင်းတွင် ယခုဖွင့်လှစ်သည့် ရေထိန်းတံခါးအပြင် အဇင်းရေလှောင်တမံ၊ ဝါးပါးရေလှောင်တမံ၊ ဘီးလင်းရေလွှဲဆည်၊ ရွှေနတ်တောင်ရေလှောင်တမံ၊ ဝင်းဖနုံရေလှောင်တမံ၊ ဇိုက္ကရဲရေထိန်းတံခါး၊ကျုံထော်ရေထိန်းတံခါးများတည်ဆောက်ပေးထားပြီးဖြစ်သည့်အတွက် စုစုပေါင်း အကျိုးပြုဧက ၈၄၀၀၀ ခန့်ရှိနေပြီဖြစ်ကြောင်း၊ ကုန်ကျငွေအနေဖြင့် ကျပ်သန်း ၃၉၀၀ နီးပါးခန့်ရှိကြောင်း၊ ဆက်လက်ပြီး ကတိုက်ရေလှောင်တမံ၊ မရမ်းကုန်းရေထိန်းတံခါးနှင့် တနောရေလှောင်တမံတို့ကို တည်ဆောက်နေဆဲဖြစ်ကြောင်း၊ ယခုအချိန်ထိ တစ်နိုင်ငံလုံးတွင် ဆည်၊ တာတမံလုပ်ငန်းပေါင်း ၁၈၃ခု တည်ဆောက်ပြီးစီးခဲ့ပြီး ကျပ်သန်းထောင်ပေါင်း ၁၂၀၀ကျော် ရင်းနှီးမြှုပ်နှံသုံးစွဲခဲ့ပြီးဖြစ်ကြောင်း၊ ယနေ့ဆိုလျှင် မွန်ပြည်နယ် အပါအဝင် ပြည်နယ်၊တိုင်းအားလုံးသည် အပြိုင်အဆိုင်ဖွံ့ဖြိုးတိုးတက်လျက်ရှိကြောင်း။

နိုင်ငံတော်အနှံ့အပြား၌ အိပ်မက်များပမာ ထင်ခဲ့သောလမ်းများ၊တံတားများ၊ ဆည်တမံကြီးများသည် ယနေ့လက်တွေ့ကျကျ ပေါ်ထွက်လာပြီး

မွန်ပြည်နယ် ပေါင်မြို့နယ် ရင်းငြိမ်ရေထိန်းတံခါးဖွင့်ပွဲတွင် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပြည်သူလူထုကိုအကျိုးပြုနေပြီဖြစ်ခြင်းကို အားလုံးမျက်မြင်ပင်ဖြစ်ကြောင်း။

ဤနေရာတွင် နိုင်ငံတော်အကြီးအကဲဗိုလ်ချုပ်မှူးကြီးသန်းရွှေက သံလွင်တံတား(မော်လမြိုင်) ဖွင့်ပွဲအခမ်းအနား၌**“တိုင်းပြည်၌ စည်းလုံးညီညွတ်မှု အင်အား၊ ရပ်ရွာဒေသ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အင်အားတို့ ခိုင်မာစွာရှိနေရန်အရေးကြီးကြောင်း၊ ယင်းအင်အားနှစ်ရပ်ဖြင့်ပင် ကြုံတွေ့ရသော အခက်အခဲ မှန်သမျှကို မိမိတို့ကျော်လွှားနိုင်ကြောင်း”** ဖြင့် နှုတ်ခွန်းဆက် အမှာစကားပြောကြားခဲ့သည်ကို မွန်ပြည်နယ်ဒေသခံများပြန်လည်သတိရမည်ဆိုလျှင် အသိတရားနှင့်ယှဉ်ပြီး လိုက်နာ အကောင်အထည်ဖော်နိုင်ရန် ထပ်မံအသိပေးတင်ပြလိုကြောင်း။

ဤနေရာတွင် နှစ်စဉ်တိုးတက်နေသော လူဦးရေတိုးနှုန်းအရ စားဝတ်နေမှု ပို၍ပြည့်စုံရန်ဆိုလျှင် စိုက်ပျိုးရေးအခြေခံသော စီးပွားရေးကို လက်မှုစနစ်မှ စက်မှုစနစ်သို့ကူးပြောင်းနိုင်မှ ခေတ်မီသောစိုက်ပျိုးထုတ်လုပ်မှုဖြစ်လာမည်ဖြစ်ကြောင်း။

ထို့ကြောင့် ခေတ်မီစက်မှုစိုက်ပျိုးရေးဘဝသို့သွားမည်ဆိုလျှင်လောင်စာဆီသည် မလွဲမသွေလိုအပ်ကြောင်း၊ မိမိတို့နိုင်ငံတွင်ဒီဇယ်ဆီအစားကြက်ဆူစေ့မှ လောင်စာဆီ ထုတ်လုပ်မှုနည်းပညာကို အောင်မြင်စွာဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်က တစ်နိုင်ငံလုံးကို တောရောမြို့ပါမကျန် ခြံစည်းရိုးကြက်ဆူပင်ကို သုံးနှစ်အတွင်း ဧကခုနစ်သန်းအနည်းဆုံး စိုက်ပျိုးရန် တိုက်တွန်းနှိုးဆော်လျက်ရှိကြောင်း။

ယခုဖွင့်လှစ်မည့် ရေထိန်းတံခါးသည် ဒေသခံပြည်သူများ၏ အကျိုးကိုမျှော်ရည်ပြီး နိုင်ငံတော်၏ ငွေကြေးများစွာဖြင့် ရင်းနှီးတည်ဆောက်ထားခြင်းဖြစ်သည့်အတွက် ဒေသခံပြည်သူများက ယင်းရေထိန်းတံခါးကြီးကို ကမ္ဘာတည်သရွေ့ ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ကြရန် အလေးအနက်တိုက်တွန်းအပ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က အမှာစကားပြောကြားရာတွင် ပေါင်မြို့နယ်သည် မိုးရာသီတွင် နှစ်စဉ်မိုးရေချိန်လက်မ ၁၈၀မှ လက်မ၂၀၀အထိ ရွာသွန်းလေ့ရှိကြောင်း၊ ထို့ကြောင့် မိုးရာသီတွင် အချိန်မီရေထုတ်မပေးနိုင်သည့်အတွက် လယ်မြေများ ရေလျှံရေလွှမ်းသည့်ဒဏ်ခံနေရသော ဒေသဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လမ်းညွှန်ချက်နှင့်အညီ ဒီဒေသအတွင်း မိုးရာသီ၌ ရေနစ်မြုပ်ခြင်းဘေးမှ ကာကွယ်ရေး၊ နွေရာသီရေငန်ဝင်ရောက်မှုမှ တားဆီးနိုင်ရေးတို့အတွက် ရင်းငြိမ်ရေထိန်းတံခါးကို နိုင်ငံတော်အနေဖြင့် စီမံကိန်းခန့်မှန်း ကုန်ကျငွေ ကျပ်သန်းပေါင်း ၁၆၀၀ကျော် အကုန်အကျခံပြီး တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း။

တိုက်ရိုက်အကျိုးဖြစ်ထွန်း

ရင်းငြိမ်ရေထိန်းတံခါးကို တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် ပေါင်မြို့နယ်အတွင်းရှိ ရေနက်ကွင်း၊ ရေကြီးကွင်း လယ်ယာမြေများ ပြန်လည်ဖော်ထုတ် စိုက်ပျိုးလာနိုင်မှာဖြစ်ကြောင်း၊ ထို့အပြင် မိုးရာသီအတွင်း ရေကြီးကွင်းများသို့ ပြင်ပမြစ်ရေဝင်ရောက်မလာစေရန်နှင့် ပိုလျှံရေများကို မုတ္တမကွေ့ဘက်သို့ ထုတ်နုတ်နိုင်မှာဖြစ်ကြောင်း၊ အထူးသဖြင့် ပေါင်မြို့နယ်အတွင်းရှိ ရေနက်ကွင်း၊ ရေကြီးကွင်း ဧက ၂၀၀၀၀ကျော်ကိုလည်း မိုးရာသီရေနစ်မြုပ်ခြင်းဘေးနှင့် နွေရာသီရေငန်ဝင်ရောက်မှုဘေးမှ ကာကွယ်နိုင်မှာဖြစ်သဖြင့် ဒေသခံတောင်သူလယ်သမားများ တိုက်ရိုက်အကျိုးဖြစ်ထွန်းမှာဖြစ်ကြောင်း။

စိုက်ပျိုးရန်စီစဉ်

ထို့အပြင် အခြားသီးနှံဖြစ်သည့် မိုးမြေပဲ၊ ဆောင်းမြေပဲ၊ မိုးနှမ်း၊ ဆောင်းနှမ်း၊နေကြာ၊ပဲမျိုးစုံ၊ ချက်ကြံ၊ ရော်ဘာ၊ ငရုတ်ကောင်းတို့ကို တိုးတက်စိုက်ပျိုးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ဇီဝ လောင်စာဆီ ထုတ်လုပ်နိုင်ရေးအတွက် ခြံစည်းရိုးကြက်ဆူပင်နှင့် စပ်လျဉ်းပြီး သုံးနှစ်အတွင်း ဧကငါးသိန်းပြည့်မီအောင် စိုက်ပျိုးရန်ဖြစ်သည့်အတွက် ယခုပထမနှစ် ဖြစ်သည့် ၂၀၀၆ ခုနှစ်တွင် ဧက တစ်သိန်းစိုက်ပျိုးရန်နှင့် ၂၀၀၇ ခုနှစ်တွင် ဧကနှစ်သိန်း၊ ၂၀၀၈ ခုနှစ်တွင် ဧကနှစ်သိန်း စိုက်ပျိုးသွားရန် စီစဉ်ဆောင်ရွက်ထားပါကြောင်း၊ နိုင်ငံတော်အနေဖြင့် လုပ်ပေးစရာရှိသည်များကို လုပ်ပေးသကဲ့သို့ တောင်သူ လယ်သမားများကလည်း စိုက်ပျိုးရေး လုပ်ငန်းများကို တာဝန်ကျေပွန်စွာ ပြည့်ပြည့်ဝဝ ကြိုးစား လုပ်ကိုင်သွားကြရန် အထူးမှာကြားလိုပါကြောင်း။

မွန်ပြည်နယ် ပေါင်မြို့နယ် ရင်းငြိမ်ရေထိန်းတံခါးဖွင့်ပွဲတွင် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လမ်းညွှန်မှာကြားချက်ဖြစ်သည့်–

“မိမိတို့နိုင်ငံကို ခေတ်မီတိုးတက်အောင် ဆောင်ရွက်ရာမှာ ရေနဲ့မြေဟာ တကယ့်အရင်းအနှီးများပဲဖြစ်တယ်။ ရေနဲ့မြေကို တန်ဖိုးထားတဲ့စိတ်၊ လုပ်ချင်ကိုင်ချင်စိတ်များနဲ့ အလေးအနက်ထား အသုံးချသွားရမှာဖြစ်တယ်။ ရေနဲ့ မြေရဲ့တန်ဖိုးကို မြှင့်တင်နိုင်ရေး (Value Added) ဖြစ်ရန်အတွက် အစဉ် ကြံဆလုပ်ဆောင်နေရမှာဖြစ် ပါတယ်”

ဆိုသည့် အချက်ကို အလေးအနက်ခံယူပြီး မွန်ပြည်နယ်အတွင်း တည်ဆောက်ပြီးဖြစ်သည့် ဆည်မြောင်းတာတမံများ၊ ရေထိန်းတံခါးများ အစွန့်ရှည်တည်တံ့ခိုင်မြဲပြီး ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် ပြည်နယ်အတွင်းရှိ ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်း အဆင့်ဆင့်နှင့် ဌာနဆိုင်ရာများ၊ ဒေသခံတောင်သူလယ်သမားများက ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် အသိစိတ်ဓာတ်ရှိရှိ တာဝန်သိသိ၊ ဝိုင်းဝန်းဆောင်ရွက်ကြပါရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက အမှာစကားပြောကြားရာတွင် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်အောင် ဆောင်ရွက်ရာတွင် စိုက်ပျိုးရေရရှိရေးနှင့် ရေကြီး နစ်မြုပ်သည့်ဒေသများက စိုက်ပျိုးမြေများအောင်မြင်စွာစိုက်ပျိုးနိုင်ရန် ရေဘေးကာကွယ်ရေးတို့သည်လည်း အဓိကကျသည့်အချက်ဖြစ်ကြောင်း၊ နိုင်ငံတော် အကြီးအကဲဖြစ်သည့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်နှင့်အညီ စိုက်ပျိုးထုတ်လုပ်ရေးတွင် အဓိက ကျသည့် စိုက်ပျိုးရေရရှိရေးအတွက် မြန်မာနိုင်ငံ အထက်ပိုင်း၊ အလယ်ပိုင်းနှင့် မိုးနည်းရေရှားဒေသများတွင် အကြီးစား၊ အလတ်စားနှင့် အငယ်စားရေလှောင် တမံစီမံကိန်းများ၊ မြစ်ရေတင် စီမံကိန်းများကို လိုအပ်ချက်နှင့်အညီ ဖြန့်ကြက် တည်ဆောက်ပေးလျက် ရှိသည့်အပြင် မြန်မာနိုင်ငံအောက်ပိုင်း ဒေသများတွင်လည်း ယခုကဲ့သို့ ရေထိန်းတံခါးစီမံကိန်းကြီးများနှင့် ရေဘေးကာကွယ်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုဖွင့်လှစ်လိုက်သည့် ရင်းငြိမ်ရေထိန်းတံခါး စီမံကိန်းသည် နိုင်ငံတော်၏ ၁၈၃ခုမြောက် ဆည်မြောင်းစီမံကိန်းအဖြစ် မှတ်တမ်းတင်ထားနိုင်ခဲ့ပြီဖြစ်ကြောင်း။

တိုးတက်လာ

တပ်မတော်အစိုးရက နိုင်ငံတော်ကို စတင်တာဝန်ယူခဲ့သည့်အချိန်က တစ်နိုင်ငံလုံးတွင် ဆည်၊ တမံလုပ်ငန်းပေါင်း ၁၃၈ ခုသာရှိခဲ့ပြီး အကျိုးပြုဧက ၁ ဒသမ ၃၄ သန်းသာရှိခဲ့ကြောင်း၊ ယခုအချိန်တွင် တစ်နိုင်ငံလုံးအနေဖြင့် ဆည်တမံ လုပ်ငန်းပေါင်း ၁၈၃ ခု တိုးတက်ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် အကျိုးပြု ဧက ၂ ဒသမ ၅ သန်း တိုးတက်လာခဲ့ပြီဖြစ်ကြောင်း၊ သီးနှံများ ရေသွင်းစိုက်ပျိုးနိုင်မှု ပမာဏသည် တစ်နိုင်ငံလုံးတွင် သီးနှံအသားတင်စိုက် ဧရိယာဧက ၂၈ သန်းကျော်၏ ၁၉ ရာခိုင်နှုန်းအထိ ရှိလာခဲ့ပြီဖြစ်ကြောင်း။

တောင်သူများအနေဖြင့် မိမိတို့ကိုယ်တိုင် စိုက်ပျိုးထုတ်လုပ်ရရှိသည့် ကြက်ဆူရိုင်းအဆီဖြင့် လယ်ယာသုံးစက်ကိရိယာများကို မောင်းနှင်နိုင်ပြီး စက်မှုစွမ်းအားဖြင့် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားစေမှာဖြစ်ကြောင်း၊ ထို့အပြင် ရေစုပ်စက်၊ မီးစက်စသည့်စက်များတွင် ထည့်သွင်းသုံးစွဲနိုင်ခြင်းကြောင့် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်သကဲ့သို့ လူနေမှုအဆင့်များကိုလည်း တိုးတက်လာစေမှာဖြစ်ပါကြောင်း။

ယခု ရင်းငြိမ်ရေထိန်းတံခါး စီမံကိန်းပြီးစီးမှုကြောင့် အလျား ပေ၂၆၀၀ ရှိသည့် ရေခေါ်မြောင်းမကြီးနှင့် အလျား ပေ၂၄၀၀ရှိသည့် ရေထုတ်မြောင်းမကြီးတို့က ဤဒေသမှ လယ်မြေဧက နှစ်သောင်းကို နွေစပါးနှင့် မိုးစပါးများ အောင်အောင်မြင်မြင် စိုက်ပျိုးနိုင်ရေးအတွက် အထောက်အကူပြုနေပြီဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့်ပြောကြားလိုသည်မှာ ဒေသခံပြည်သူများအနေဖြင့် ယခင်က မိုးကာလ လယ်မြေများ ရေကြီး၊ ရေလွှမ်း၍ သီးနှံစိုက်ပျိုးထုတ်လုပ်ရေးတွင် မိမိတို့စွမ်းအားရှိသလောက် ထုတ်လုပ်ခြင်းမရှိနိုင်သည့် အခြေအနေ အခက်အခဲကို ကျော်လွှားနိုင်တော့မှာ ဖြစ်ကြောင်း၊

စာမျက်နှာ ၆ ကော်လံ ၁ သို့

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

နှစ်ပေါင်း၃၀၀၀ခန့်က ရေးဟောင်းပန်းချီကား တရုတ်နိုင်ငံ အနောက်တောင်ပိုင်း၌ ရှာဖွေတွေ့ရှိ

ကူမင်း ဖေဖော်ဝါရီ ၂၈

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ယူနန်ပြည်နယ်ရှိ ကျင်ရှာမြစ်တစ်လျှောက်ရှိ ချောက်ကမ်းပါးပေါ်တွင် ရေးဆွဲထားသော လွန်ခဲ့သော နှစ်ပေါင်း ၃၀၀၀ခန့်က ပန်းချီကားအား တရုတ်ရှေးဟောင်း သုတေသနပညာရှင်များ ရှာဖွေတွေ့ရှိခဲ့ကြောင်း ပညာရှင်တစ်ဦးက ဖေဖော်ဝါရီ၂၆ရက်က အတည်ပြု ပြောကြားသည်။

ရှာဖွေတွေ့ရှိ

ဒေသခံများ၏ လမ်းညွှန်ပြသမှု ကြောင့် ယောင်ရင်းဒေသ ကျင်ရှာမြစ်တစ်လျှောက်ရှိ ချောက်ကမ်းပါးပေါ်တွင် ရေးဆွဲထားသော ပန်းချီကားကို ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း ယူနန်ယဉ်ကျေးမှု အမွေအနှစ်နှင့် ရှေးဟောင်း သုတေသနဌာနမှ ပါမောက္ခ ကျီကျူပြင်းက ပြောကြားသည်။

ရေးဆွဲထား

ယင်း ပန်းချီကားကြီးသည် အလျားနှင့်အနံ ၁၁သမ ၄ X ၁၁သမ ၆မီတာ ရှိသည်။ ပန်းချီကားတွင် ကနေသော အရုပ်များကို ရေးဆွဲထားသည်။ အချိန်ကာလများစွာ ကျော်လွန်ခဲ့သော်လည်း ယင်းအနီရောင် ပန်းချီကားကြီးသည် သဲသဲကွဲကွဲ မြင်နေရဆဲဖြစ်သည်။ ရှေးခေတ်လူသားများသည် ၎င်းပန်းချီကားကို သတ္တုရိုင်းအမှုန်နှင့် တိရစ္ဆာန်များ၏ သွေးများကိုရောစပ်၍ ရေးဆွဲထားခြင်းဖြစ်ကြောင်း ရှေးဟောင်းသုတေသနပညာရှင်များက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ရှားပါး စိမ်းဝါရောင် ပင်လယ်လိပ်ကြီးများ မျိုးသုဉ်းပျောက်ကွယ်မည်ကို စိုးရိမ်နေရ

သြရိသ ဖေဖော်ဝါရီ ၂၈

မျိုးသုဉ်းမည်ကို စိုးရိမ်ရသည့် ထောင်ပေါင်းများစွာသော ပင်လယ်လိပ်ကြီးများသည် ဥအုရန် အိန္ဒိယနိုင်ငံ အရှေ့ပိုင်းပင်လယ်ကမ်းခြေသို့ ရောက်လာကြပြန်သည်။ သို့သော် ဤစိမ်းဝါရောင် အိုအာပင်လယ်လိပ်ကြီးများ၏ အနာဂတ်ရေးမှာ ရင်လေးစရာဖြစ်သည်ဟု ထိန်းသိမ်းစောင့်ရှောက်ရေးသမားများက ဝေဖန် ပြောဆိုကြသည်။

သတင်းကောင်းမှာ သြရိသပြည်နယ်၏ ပင်လယ်ကမ်းခြေတစ်လျှောက်တွင် နှစ်စဉ် နှစ်တိုင်း အိုအာပင်လယ်လိပ်ကြီးပေါင်း အကောင် ၂၀၀၀၀၀မှ ၃၀၀၀၀၀အထိလာရောက် ဥအုကြသည်ဆိုခြင်း ဖြစ်သည်။ ဤရှားပါးသတ္တဝါများအတွက် သြရိသကမ်းခြေသည် ကမ္ဘာ့အကြီးမားဆုံး လိပ်ဥရာ ဒေသတစ်ခု ဖြစ်သည်။

မွန်းကျပ်မှုခံစားရ

ဝမ်းနည်းစရာကောင်းသည်မှာ လွန်ခဲ့သည့် ၁၃နှစ်အတွင်း ထိုသို့သော ပင်လယ်လိပ်ကြီးပေါင်း ၁၂၉၀၀၀ သေဆုံးကြရမှုဖြစ်သည်။ စည်းမျဉ်း စည်းကမ်းအရ လိပ်များဖယ်ရှားရေး ကိရိယာများ တပ်ဆင်ရန်ဖြစ်သော်လည်း ထိုကိရိယာအသုံးမပြုသည့် ငါးဖမ်း သင်္ဘောများကြောင့် ပင်လယ်လိပ်ကြီးများမှာ ငါးဖမ်းပိုက်အတွင်း အသက်ရှူမဝအောင် မွန်းကျပ်မှုကို ခံစားကြရရှာသည်။

အကောင်များပေါက်

ရတ်ရှီကူလာမြစ်ဝသည် ဒေဝီမြစ်ဝ၊ နာဆီကျွန်းများနှင့်အတူ သြရိသပြည်နယ်မှ အဓိကလိပ်ဥအုရာ နေရာသုံးခုအနက် တစ်ခုဖြစ်သည်။ စိမ်းဝါရောင် အိုအာပင်လယ်လိပ် တစ်ကောင်သည် ပျမ်းမျှ ဥပေါင်း ၁၂၀မှ ၁၅၀အထိ ဥချပြီး ၄၅ရက်၊ ရက်၅၀ အကြာတွင် ထိုဥများမှ အကောင်များ ပေါက်သည်။

လေ့လာတွေ့ရှိ

သို့သော် အဆိုပါ လိပ်ဥများမှာ ခွေး၊ ခွေးအ၊ တောဝက်ကြီး၊ ကျီးကန်း၊ လင်းယုန်ငှက်၊ စင်ရော်ကဲ့သို့သော သားရဲတိရစ္ဆာန်တို့၏ရန်ကြောင့်ပျက်စီးတတ်ကြသည်။ ထို့ပြင် မြစ်ကမ်းပါးတိုက်စားမှုကြောင့် ဥများ ရေနှင့်မျောပါသွားတတ်သည်။ ထို့ကြောင့် ဥအုပြီးအနည်းငယ်သာလျှင် အကောင်ပေါက်သည်ကို လေ့လာတွေ့ရှိရသည်။

သုံးသပ်

ဤမြင့်မားသော သေဆုံးပျက်စီးမှုအတိုင်းသာဆိုလျှင် ရှားပါးသည့် စိမ်းဝါရောင်ပင်လယ်လိပ်များ မျိုးသုဉ်းသွားနိုင်သည်ဟု ပင်လယ်လိပ်ထိန်းသိမ်းရေးစီမံကိန်းမှ ဘစ္စဝါဂျစ်မိုဟန်တီက သုံးသပ်သည်။

ယခုအခါ လိပ်ဥအုသည့်နေရာများမှာ ရာသီဥတုအပြောင်းအလဲကြောင့် ပိုမိုကျဉ်းမြောင်းလာပြီး ငါးဖမ်းသင်္ဘောများ၏ စည်းကမ်းမဲ့မှုကြောင့် ဤလိပ်ကြီးများ မျိုးသုဉ်းမည်ကို စိုးရိမ်နေရသည်။

အိုအာပင်လယ်လိပ်ကြီးများမှာ အိန္ဒိယပင်လယ်ကမ်းခြေသို့ လာရောက်ပြီး မိတ်လိုက်၊ ဥအုကြသည့် ပင်လယ်လိပ် ငါးမျိုးတွင် တစ်မျိုးဖြစ်သည်။

၁၉၇၂ခုနှစ် တောရိုင်းတိရစ္ဆာန် ကာကွယ်ရေးဥပဒေအရ ပင်လယ်လိပ်ဖမ်းဆီးသတ်ဖြတ်သူကို အနည်းဆုံး ထောင်ဒဏ်နှစ်နှစ်နှင့် အမြင့်ဆုံး ထောင်ဒဏ်ခုနစ်နှစ်အထိ ပြစ်ဒဏ်ကျခံရမည် ဖြစ်သည်။ **(အင်တာနက်)**



အိန္ဒိယနိုင်ငံ အရှေ့ပိုင်း ပင်လယ်ကမ်းခြေသို့ ဥချရန် ရောက်ရှိလာသော လိပ်များကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တရုတ်နိုင်ငံ၏ ရှူးဖိနပ်ပို့ကုန်များအပေါ် အီးယူ၏အကောက်ခွန်ဥပဒေ တရုတ်မကျေနပ်

ပေကျင်း ဖေဖော်ဝါရီ ၂၈

တရုတ်နိုင်ငံထုတ် ရှူးဖိနပ် ပို့ကုန်များအပေါ် ကောက်ခံသည့် အခွန်ဥပဒေနှင့်ပတ်သက်၍ မကျေနပ်သောကြောင့် ဥရောပသမဂ္ဂအား ဖေဖော်ဝါရီ ၂၇ရက်၌ တရုတ်နိုင်ငံက တုံ့ပြန်ပြောကြားလိုက်သည်။

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့ရှိ ရှူးဖိနပ်များ ထုတ်လုပ်သည့် စက်ရုံတစ်ရုံ၏လုပ်ငန်းခွင်ကို ဖေဖော်ဝါရီ ၂၆ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တရုတ်နှင့် ဗီယက်နမ်နိုင်ငံများမှသားရေဖိနပ်သွင်းကုန်များအပေါ် အကောက်ခွန်များကို တိုးမြှင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၂၃ရက်က အီးယူကုန်သွယ်ရေး အထူးတာဝန်ခံ ဗီတာမန်ဒယ်လ်သွန်က ပြောကြားသည်။

အခွန်တိုးမြှင့်

ဥရောပသမဂ္ဂနိုင်ငံများသို့ တရုတ်နှင့် ဗီယက်နမ်မှ ရှူးဖိနပ်များ ဝင်ရောက်မှု အရေအတွက် များလာသည်ကို တွေ့ရှိနေရသောကြောင့် တရုတ်နိုင်ငံမှ တင်သွင်းသော ရှူးဖိနပ်များအပေါ် အခွန် ၁၉ဒသမ ၄ရာခိုင်နှုန်းအထိ တိုးမြှင့်သွားမည်ဖြစ်ပြီး ဗီယက်နမ်နိုင်ငံမှ တင်သွင်းသော ရှူးဖိနပ်များအပေါ် ၁၆ဒသမ ၈ရာခိုင်နှုန်းအထိ တိုးမြှင့်သွားမည်ဟု ဆိုသည်။

ကုန်သွယ်ခွင့်ချိုးဖောက်

ဥရောပသမဂ္ဂ၏ အကောက်ခွန်စနစ်သည် ကမ္ဘာ့လွတ်လပ်စွာကုန်သွယ်ခွင့် ဥပဒေစည်းမျဉ်းစည်းကမ်းများကို ချိုးဖောက်မှု ဖြစ်လာလိမ့်မည်ဖြစ်ကြောင်း တရုတ်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ချောင်ကွမ်က ပြောဆိုလိုက်သည်။

အမ်အင်အေ၊ရိုက်တာ

မိကျောင်းနှင့် နပန်းသတ်သည့်အဘွား ရဲရင့်သော ဆုတံဆိပ်ချီးမြှင့်ခံရ

ဆစ်ဒနီ ဖေဖော်ဝါရီ ၂၈

အသက် ၆၁နှစ်အရွယ်ရှိ သြစတြေးလျအဘွားတစ်ဦးသည် ဧရာမ မိကျောင်းတစ်ကောင်နှင့် နပန်း သတ်ခဲ့ရာ သူမ၏ သတ္တိကို ချီးကျူးသောအားဖြင့် ရဲရင့်သောဆုတံဆိပ်ကို ချီးမြှင့်ပေးအပ်လိုက်ကြောင်း သိရသည်။

အလီစီယာဆိုရိုဟမ် အမည်ရှိသော အဆိုပါ အဘွားအိုသည် ၂၀၀၄ ခုနှစ် အောက်တိုဘာလက ကွင်းစလင်းပြည်နယ်၌ အရှည် ၁၄ပေရှိသော မိကျောင်းကြီးတစ်ကောင်၏ ကျောပေါ်သို့ ခုန်ချကာ နပန်းသတ်ခဲ့ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

ပစ်သတ်လိုက်ရ

အဆိုပါ မိကျောင်းက သူမအား ပြန်ကိုက်ခဲ့ရာ မျက်နှာနှင့်လက်တို့ ထိခိုက် ဒဏ်ရာရခဲ့သဖြင့် ၎င်းမိကျောင်းအား သားဖြစ်သူက သေနတ်ဖြင့် ပစ်သတ်လိုက်ရသည်ဟု ဆိုသည်။ သြစတြေးလျ မြောက်ပိုင်း၌ ရေငန်မိကျောင်း အကောင် ၁၀၀၀၀၀ ခန့် ရှိကြောင်း သိရသည်။

ရဲရင့်ဆုချီးမြှင့်

ယင်းသို့ တိုက်ခိုက်မှုကြောင့် သူမသည် လက်များပြတ်သွားခဲ့ရကြောင်း၊ သူမအား သြစတြေးလျ သတ္တိပြောင်မြောက်သူများ ဆုချီးမြှင့်ရေးအဖွဲ့က ယခုကဲ့သို့ ရဲရင့်ဆုချီးမြှင့်ခဲ့ကြောင်း သိရသည်။

(အင်တာနက်)

သြစတြေးလျ နိုင်ငံ မြောက်ပိုင်း မြစ်တစ်ခု အတွင်းရှိ ရေငန် မိကျောင်းတစ်ကောင်ကို ဖေဖော်ဝါရီ ၂၆ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တရားဥပဒေစိုးမိုးရေး မဖော်ဆောင်နိုင်ဘဲ ဒီမိုကရေစီမရှင်သန်နိုင် အမျိုးသားရေးဂုဏ်ရည်ကင်းမဲ့သည့် နိုင်ငံရေးသည် နိုင်ငံကိုအကျိုးပြုမည်မဟုတ် နီပေါဘုရင်က ၎င်း၏ပြည်သူများထံ သဝဏ်လွှာပေးပို့

ရန်ကုန် ဖေဖော်ဝါရီ ၂၈

နီပေါနိုင်ငံ ဘုရင် ဂျန်ဒရာဘီရာဘီကရမ်ရှာဒေ့ဗ်က ၁၉-၂-၂၀၀၆ ရက်နေ့တွင် ၎င်း၏ပြည်သူများထံ သဝဏ်လွှာတစ်စောင် ပေးပို့ခဲ့သည်။ အဆိုပါသဝဏ်လွှာကို အောက်ပါအတိုင်း ကောက်နုတ်၍ ဘာသာပြန်ဆိုဖော်ပြလိုက်ပါသည်-

ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီရရှိရေးသည် လူတိုင်းလိုလားတောင့်တကြသောအရာ ဖြစ်သည်။ သို့ဖြစ်၍ ပါတီစုံဒီမိုကရေစီကို ယုံကြည်သက်ဝင်သူအားလုံး ညီညွတ်ရေးရရှိနိုင်ရန် နီပေါနိုင်ငံအနေဖြင့် ကြိုးပမ်းလျက်ရှိသည်။ နိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီဖော်ဆောင်နိုင်မှုအခြေအနေများ နောက်တစ်ကြိမ် ပျက်ပြားသွားရသည့်အဖြစ်မျိုး မကျရောက်စေရန် ညီညွတ်မှုကို မဖြစ်မနေ အမြန်ဆုံးတည်ဆောက်သွားရန် လိုအပ်လျက်ရှိသည်။

နီပေါပြည်သူများ၏ အကျိုးစီးပွားကိုဖော်ဆောင်ရန်အတွက် နိုင်ငံ၏ အခြေခံဥပဒေ မယိုင်မလဲခိုင်မြဲစေရန် ကျွန်ုပ်တို့အနေဖြင့် ကာကွယ်စောင့်ရှောက်ကြရန် တာဝန်ရှိပေသည်။ အခြေခံဥပဒေသည် တရားဥပဒေစိုးမိုးနိုင်ရေးအတွက် အဓိကမဏ္ဍိုင်ဖြစ်ပေသည်။ တရားဥပဒေစိုးမိုးရေးကို မဖော်ဆောင်နိုင်ဘဲ ဒီမိုကရေစီရှင်သန်ရေးဖြစ်ထွန်းနိုင်မည် မဟုတ်သည်ကို သတိချပ်သင့်လှသည်။

ကိုယ်ကျင့်သိက္ခာမရှိသည့်၊ အမျိုးသားရေးဂုဏ်ရည်ကင်းမဲ့သည့် နိုင်ငံရေးမျိုးသည် နိုင်ငံနှင့်လူမျိုးအတွက် အကျိုးပြုမည်မဟုတ်သည်ကို နီပေါနိုင်ငံ ပြည်သူများက ကောင်းစွာသိမြင်သဘောပေါက်ထားကြပြီး ဖြစ်သည်။ ဖော်ပြပါ အားနည်းချက်များပါရှိလေသော နိုင်ငံရေးမျိုးသည် ပြည်သူ့ဆန္ဒကို ဖြည့်ဆည်းပေးနိုင်မည် မဟုတ်သကဲ့သို့ နီပေါနိုင်ငံ ရင်ဆိုင်နေရသော အခက်အခဲ၊ စိန်ခေါ်မှုများကိုလည်း ကျော်လွှားနိုင်မည်မဟုတ်ပေ။

လက်ရှိကျင့်သုံးနေသော နီပေါနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒသည် ရှင်းလင်းမှုရှိပြီး တည်ငြိမ်မှုလည်းရှိပေသည်။ လျင်မြန်စွာ ပြောင်းလဲဖြစ်ထွန်းနေသော မျက်မှောက်ကမ္ဘာကြီးတွင် နီပေါနိုင်ငံ၏ အကျိုးစီးပွားကို အကောင်းဆုံးဖြစ်ထွန်းစေမည့်အပြင် အထိရောက်ဆုံး ကာကွယ်စောင့်ရှောက်မှုပေးနိုင်သည့် ရှေးရှုချက်များအပေါ် မူတည်ကာ ကျွန်ုပ်တို့၏ နိုင်ငံခြားရေးမူဝါဒနှင့် ဆက်ဆံမှုများကို ဆောင်ရွက်လျက်ရှိသည်။ ဤသို့အားဖြင့် နိုင်ငံတကာမျက်နှာစာတွင် နီပေါနိုင်ငံ၏ဂုဏ်သိက္ခာကို ဖော်ဆောင်လျက်ရှိပေသည်။

နီပေါနိုင်ငံသည် နိုင်ငံအားလုံးနှင့် မိတ်ဆွေအဖြစ် ဆက်ဆံရန်ဆန္ဒရှိပြီး နှစ်နိုင်ငံအကျိုးတူကိစ္စများ၌လည်း ပူးပေါင်းဆောင်ရွက်မည်ဖြစ်သည်။ မိတ်ဆွေနိုင်ငံများအပေါ် ရန်သတ္တုရပြုသော အင်အားများ နီပေါပိုင်နက်နယ်မြေကို အသုံးမပြုရေးအတွက်လည်း အစဉ်သတိရှိစွာ ကာကွယ်တားဆီးသွားမည်။ အိမ်နီးချင်းနိုင်ငံများနှင့်လည်း အစဉ်သဖြင့် ချစ်ကြည်ရင်းနှီးစွာ နှစ်ဦးနှစ်ဖက် အကျိုးစီးပွားများကို ဆောင်ကြဉ်းသယ်ပိုးသွားမည်။ ထိုမူဝါဒသည် မပြောင်းမလဲတည်ရှိနေမည့် မူဝါဒဖြစ်သည်။ နီပေါသည် အိမ်နီးချင်းနိုင်ငံ နှစ်နိုင်ငံဖြစ်သော တရုတ်နှင့် အိန္ဒိယတို့အကြား စီးပွားရေးဆောင်ရွက်ရာတွင် ကြားခံသဖွယ်ရပ်တည်ကာ ဒေသဆိုင်ရာ အကျိုးစီးပွားကိုလည်း တစ်ပါတည်း ဖော်ဆောင်သွားမည်ဖြစ်သည်။

နီပေါပြည်သူများသည် ၂၁ ရာစုတွင် အေးချမ်းသာယာပြီး တိုးတက်ကြွယ်ဝကာ ဒီမိုကရေစီထွန်းကားသည့် နိုင်ငံတော်အဖြစ် တွေ့မြင်ခွင့်ရရန် သန္နိဋ္ဌာန်ချမှတ်ထားသည်။ နီပေါနိုင်ငံ၏မွန်မြတ်လှသော သမိုင်းကြောင်းကို ကြည့်လျှင် နီပေါပြည်သူများသည် နိုင်ငံတော်၏ အကျိုးစီးပွားအတွက် အမျိုးသားရေးတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြောင်း တွေ့ရှိရမည်ဖြစ်သည်။

ဒီမိုကရေစီပြည့်ဝသော လူ့ဘောင်တစ်ရပ် ဖန်တီးရေးတွင် မျိုးချစ်စိတ်ဓာတ်သည် အဓိကအချက်ဖြစ်သည်။ မိမိတို့သည် ခါးသီးသောအတိတ်ကာလကို မေ့ဖျောက်ကာ နိုင်ငံတော်နှင့် ပြည်သူလူထု၏ အနာဂတ်ရေးရာ သာယာလှပအောင် ကြိုးပမ်းကြမည်ဟု သန္နိဋ္ဌာန်ချမှတ်ကြပါစို့၊ လုံခြုံအေးချမ်းမှုရှိပြီး တိုးတက်ဖွံ့ဖြိုးသော အနာဂတ်နိုင်ငံတော်ကို ဒီမိုကရေစီကျင့်စဉ်နှင့်အညီ တက်ညီလက်ညီ တည်ဆောက်သွားကြပါစို့။ ။

အင်တာနက် သတင်းနှင့်ဓာတ်ပုံ

ကိုရီးယားသရုပ်ဆောင်များ ရုပ်ရှင်ကား အရောင်းမြှင့်တင်ရန် ဟောင်ကောင်သို့ထွက်ခွာ

တောင်ကိုရီးယား ရုပ်ရှင်ကားများသည် အာရှတွင်သာမက ကမ္ဘာတွင် အောင်မြင်မှုရရှိနေပြီ ဖြစ်သည်။

တောင်ကိုရီးယား ရုပ်ရှင်သရုပ်ဆောင် မင်းသား ချာတေဟွန်း**(ဝဲ)**နှင့် သရုပ်ဆောင်မင်းသမီး ဆောင်ဟေးကျို (အွန်စော) **(အလယ်)**တို့ ဦးဆောင်သော အနုပညာရှင်များအဖွဲ့သည် ဟောင်ကောင်သို့ ရုပ်ရှင်ကား အရောင်းမြှင့်တင်ရေးအတွက် ဖေဖော်ဝါရီ ၂၆ ရက်က ဆိုးလ်မြို့တော်မှ ထွက်ခွာသွားသည်။

မြှင့်တင်ရေးဆောင်ရွက်

အဆိုပါ အနုပညာရှင်အဖွဲ့သည် ဟောင်ကောင်တွင် ၎င်းတို့ ပါဝင်သရုပ်ဆောင်ထားသည့် **"ကျွန်တော့်မိန်းကလေးနှင့် ကျွန်တော်"**အမည်ရှိ ဇာတ်ကားကို မြှင့်တင်ရေးဆောင်ရွက်ရန်အတွက် သုံးရက်ကြာခရီးအဖြစ် သွားရောက်ခြင်းဖြစ်ကြောင်း သိရသည်။ **(ရိုက်တာ)**



ပူနွေးလာသောကျွဲကမ္ဘာ

ကမ္ဘာ့ ရာသီဥတု ဖောက်လွဲဖောက်ပြန်မှုကြောင့် ကမ္ဘာတစ်ဝန်း အပူချိန် မြင့်တက်လာမှုများနှင့် ကြုံတွေ့နေရလျက်ရှိသည်။ **(အပေါ်ပုံ)** သုတေသနပညာရှင်များ၏ တွက်ချက်မှုအရ လာမည့် ၂၁၀၀ ပြည့်နှစ်တွင် ကမ္ဘာ့အပူချိန်သည် ၁ ဒသမ ၄ စင်တီဂရိတ်မှ ၅ ဒသမ ၈ စင်တီဂရိတ်အထိ ပိုမိုပူနွေးလာမည်ဟု ဆိုသည်။

ပိုမိုပူနွေးလာ

သို့သော်လည်း လူသားတို့၏ လုပ်ဆောင်မှုများ၊ ရုပ်ကြွင်းလောင်စာ ပြုလုပ်သုံးစွဲမှုများကြောင့် လည်းကောင်း၊ ဖန်လုံအိမ်အာနိသင်များနှင့် ကာဗွန်ဒိုင်အောက်ဆိုဒ် ပိုမိုထုတ်လွှတ်မှုများကြောင့် ယခုအခါ ကမ္ဘာကြီး ပိုမိုပူနွေးလာလျက်ရှိသည်။

ရုပ်ကြွင်းလောင်စာများ သုံးစွဲရေး ပိုမိုများပြားလာခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု လျော့နည်းလာခြင်းကြောင့် ကမ္ဘာ့အပူချိန် တိုးမြင့်လာခြင်းဖြစ်ရာ နိုင်ငံတကာ အဖွဲ့အစည်းများက ဖန်လုံအိမ်အာနိသင် လျှော့ချရေး အလေးထားဆောင်ရွက်ကြရန် တိုက်တွန်းလျက်ရှိသည်။

ကြုံတွေ့ရ

လွန်ခဲ့သည့် ၂၀၀၀ ပြည့်နှစ်နောက်ပိုင်းတွင် ကမ္ဘာ့နိုင်ငံ အနှံ့အပြား၌ ရာသီဥတုဖောက်လွဲ ဖောက်ပြန်မှုများ၊ သဘာဝဘေးအန္တရာယ်များနှင့် ကြုံတွေ့ရမှု အဖြစ်အပျက်များ ပိုမိုခံစားခဲ့ကြရသည်။

(ကိုးကား-အင်တာနက်)

ရွှေဒင်္ဂါးများဖြင့်ပြုလုပ်ထားသော မွေးနေ့ကိတ်ကြီး

ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ ကျောက်မျက်ရတနာရောင်းချသည့် ဆိုင်တစ်ဆိုင်တွင် ရွှေဒင်္ဂါးများဖြင့် မွမ်းမံစီခြယ်ထားသော မွေးနေ့ကိတ်ကြီးတစ်ခုကို ပြသထားသည်။ (အပေါ်ပုံ)

ထိုမွေးနေ့ကိတ်မှာ လွန်ခဲ့သော နှစ်ပေါင်း ၂၅၀ ခန့်က သေဆုံးခဲ့သော ကမ္ဘာကျော်စိန်ပညာရှင် မိုးဇတ် အမှတ်တရမွေးနေ့ကိတ်ဖြစ်ပြီး မတ် ၁ ရက်မှ စတင်ကာ အဆိုပါမွေးနေ့ကိတ်ကို ပြသရောင်းချမည်ဖြစ်သည်။ မွေးနေ့ကိတ်ကြီး၏ တန်ဖိုးမှာ ဂျပန်ယန်းငွေ သန်း ၂၅၀ (အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၆ သန်း)ခန့်ရှိကြောင်း သိရသည်။ (အင်တာနက်)

ထူးဆန်းဖွယ်ရာ ဆံကေသာ

ရုရှားနိုင်ငံ အနောက်မြောက်ဘက် စိန့်ပီတာစဘတ်မြို့တွင် မကြာမီက ကျင်းပခဲ့သော အပြည်ပြည်ဆိုင်ရာ ဆံကေသာအလှပြိုင်ပွဲတွင် ရုရှား မော်ဒယ်တစ်ဦးက ထူးဆန်းဖွယ် ဆံကေသာပြင်ဆင်မှုဖြင့် ပါဝင်ဆင်နွှဲခဲ့သည်။ ပြိုင်ပွဲဝင် ရုရှားမယ်သည် ဆံပင်အရောင်မျိုးစုံစွာ ခြယ်သပြီး ဆံပင်အလှပုံဆန်းဖြင့် ပါဝင်ယှဉ်ပြိုင်သည့်အပြင် မျက်လုံး၊ ခြေသည်း၊ လက်သည်းများတွင်လည်း တောက်ပသော အရောင်များသုံးကာ ပြိုင်ပွဲဝင်ခဲ့ကြောင်း သိရသည်။

(ယာပုံ) (ကိုးကား-အင်တာနက်)

ဟိုက်ဒရောလစ်သုံး မော်တော်ကား

အနာဂတ်ကာလတွင် တိုးတက်အသုံးပြုနိုင်ရန်အတွက် ဟိုက်ဒရောလစ်စွမ်းအင်သုံး မော်တော်ယာဉ်များကို စမ်းသပ်ထုတ်လုပ်လျက်ရှိသည်။ **(အောက်ပုံ)** အဆိုပါ ဟိုက်ဒရောလစ်စနစ်သုံး မော်တော်ကားများကို အီးပီအေကုမ္ပဏီမှ စမ်းသပ်ထုတ်လုပ်လျက်ရှိပြီး ယခုအခါ လန်ဒန်မြို့တွင် စမ်းသပ်မောင်းနှင်လျက်ရှိသည်။

(ကိုးကား-အင်တာနက်)

စာမျက်နှာ ၃ မှ

သီးနှံပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်သည်နှင့် အမျှ ဒေသခံတောင်သူများ၏ လူမှုစီးပွားရေး ပိုမိုမြင့်မား တိုးတက်လာအောင် ဆောင်ရွက်နိုင်တော့မှာ ဖြစ်ကြောင်း၊ သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက် မြင့်မားလာသည်နှင့်အမျှ ဆက်နွယ်နေသည့် အခြားစီးပွားရေးလုပ်ငန်းများလည်း ပိုမိုတိုးတက်လာတော့မည်ဖြစ်၍ ဒေသခံပြည်သူများ၏ လူမှုရေးဘဝ၊ စီးပွားရေးဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်သွားနိုင်တော့မှာ ဖြစ်ကြောင်း၊ ဤရေထိန်းတံခါးသည် သားစဉ် မြေးဆက် အကျိုးခံစားသွားနိုင်မှာဖြစ်၍ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းကူညီစောင့်ရှောက် ပေးကြရန် မှာကြားလိုပါကြောင်းဖြင့် ပြောကြားသည်။

ကျေးဇူးတင်

ယင်းနောက် ဒေသခံပြည်သူများကိုယ်စား သထုံခရိုင် ပေါင်မြို့နယ် ရင်းငြိမ် ကျေးရွာအုပ်စု သပြုချောင်းရွာမှ ဦးဘထောက်က ရင်းငြိမ်ရေထိန်းတံခါး တည်ဆောက်ပေးခြင်းကြောင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရအား ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် ဖွင့်ပွဲအခမ်းအနားတက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးလိုက်လံတွေ့ဆုံနှုတ်ဆက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် ကမ္ပည်းကျောက်စာတိုင်ဖွင့်လှစ်မည့်နေရာသို့ သွားရောက်နေရာယူကြသည်။

ဖွင့်လှစ်ပေး

ထို့နောက်မင်္ဂလာအချိန်ကျရောက်သည်နှင့်ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ရင်းငြိမ်ရေထိန်းတံခါး ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးတို့က ကမ္ပည်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးတို့က ရင်းငြိမ်ရေထိန်းတံခါးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးတို့သည် တည်ဆောက်ရေး(၆)မှ တာဝန်ရှိသူများ၊ ဧည့်သည်တော်များ၊ ဒေသခံပြည်သူများနှင့်အတူ ရေထိန်းတံခါးဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ဖွင့်ပွဲမုခ်ဦးရှေ့၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် ရင်းငြိမ်ရေထိန်းတံခါးကို ကြည့်ရှုစစ်ဆေးကြပြီး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ထပ်မံ၍တွေ့ဆုံနှုတ်ဆက်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖွင့်ပွဲအခမ်းအနား အပြီးတွင် တက်ရောက်လာကြသော ဒေသခံပြည်သူများသည် ဖွင့်လှစ်လိုက်သော ရင်းငြိမ် ရေထိန်းတံခါးကို ကြည့်ရှုကြသည်။

ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် ရေထိန်းတံခါးအနီး၌ ခြံစည်းရိုးကြက်ဆူပင်ရိုင်း ပျိုးထောင်ထားမှုကို ကြည့်ရှုသည်။

ရှင်းလင်းတင်ပြ

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် ဌေးဦးက ရေထိန်းတံခါး တည်ဆောက်ရသည့် ရည်ရွယ်ချက်နှင့် ရေထိန်း တံခါး၏အကျိုးပြုမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်က ရေထိန်းတံခါး၏ အကျိုးပြုဧရိယာတွင် မိုးစပါးနှင့် နွေသီးနှံ သီးထပ် စိုက်ပျိုးရာတွင် သီးနှံပုံစံများကို ရှင်းလင်းတင်ပြသည်။

အကျိုးပြုနိုင်မည်

အဆိုပါ ရင်းငြိမ်ရေထိန်းတံခါးသည် မွန်ပြည်နယ် ပေါင်မြို့နယ် ကျုံဟော်ရွာအထက် တစ်မိုင်ခွဲခန့်အကွာ ရင်းငြိမ်ချောင်းအနီး တည်ဆောက်ထားခြင်းဖြစ်ပြီး ရေဆင်းဧရိယာမှာ ၃၁၃သမ၂၅စတုရန်းမိုင်ရှိ၍ ကွန်ကရစ်ရေထိန်းတံခါးအမျိုးအစားဖြစ်ပြီး ရေတံခါးအရွယ်အစားမှာ အကျယ်၁၆ပေ၊ အမြင့်၁၆ပေရှိ တံခါးပေါက်၄၀ပါဝင်သည်။ ရေခေါ်မြောင်းမကြီးမှာ အလျားပေ ၂၆၀၀ရှိ၍ ရေထုတ်မြောင်းမကြီးမှာ အလျားပေ ၂၄၀၀ရှိပြီး လယ်မြေဧက၂၀၀၀၀ကို အကျိုးပြုနိုင်မည်ဖြစ်သည်။

ရည်ရွယ် တည်ဆောက်

ရင်းငြိမ်ရေထိန်းတံခါး တည်ဆောက်ရခြင်း၏ ရည်ရွယ်ချက်မှာ နွေရာသီတွင် ရေငန်ဝင်ရောက်မှုမှ တားဆီး ပေးနိုင်ရန်၊ မိုးရာသီတွင် မိုးရေများကို အချိန်မီထုတ်ပေးရန်၊ ပြင်ပရေမြင့်တက်ချိန်တွင် ကန်းတွင်းသို့ မဝင်ရောက်နိုင်ရေး ကာကွယ်ရန်၊ မိုးရာသီကုန်တွင်ကန်းတွင်းပိုင်းရေနက်ကွင်းမှ ရေများကို ဆောလျင်စွာထုတ်ပစ်နိုင်သဖြင့် စိုက်ပျိုးသီးနှံများကို အချိန်စော၍ စိုက်ပျိုးနိုင်ရန် ရည်ရွယ်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

(သတင်းစဉ်)

မှတ်တမ်းတင် ဓာတ်ပုံရိုက်

ဖေဖော်ဝါရီ ၂၆ ရက်က ၂၀၀၅-၂၀၀၆ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ) ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ခြင်း အခမ်းအနားကို မန္တလေးမြို့ ရေတံခွန်တောင် ဂေါက်ကွင်း (Yadagun Taung Golf Resort)၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် အဖွဲ့ဝင်များ အသင်းလိုက် အကျော မဲ့ပြိုင်ပွဲတွင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် တံခွန်စိုက်ဒိုင်းဆုဖလားကြီး ဆွတ်ခူးရရှိသွားသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)အသင်းနှင့် အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းဖော်ပြပြီး)

(သတင်းစဉ်)

ရွှေနိုင်ငံဂျာနယ် အတွဲ(၄)၊အမှတ်(၂၀)ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ရွှေနိုင်ငံဂျာနယ် အတွဲ(၄)၊ အမှတ်(၂၀)ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်သည်။ **(ယာပုံ)**

အဆိုပါဂျာနယ်တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ မြန်မာ့ရေးရာနှင့်အပြည်ပြည်ဆိုင်ရာ လေ့လာမှု သင်တန်းအမှတ်စဉ်(၁၁) သင်တန်းဖွင့်ပွဲ တက်ရောက်သည့်သတင်း၊ စန်းနီလာဝင်း၊ ကျော်ဇင်ညွန့် (တရားရုံးချုပ်ရှေ့နေ)၊ မောင်ကွန်ပျူတာ၊ တက္ကသိုလ်တင်ခ၊ ရေနံ့သာမောင်ကျော်ညွန့်၊ ဆင်ဖြူကျွန်းမြင့်သိန်း၊ တက္ကသိုလ်မြတ်သူ၊ ချစ်နိုင်(စိတ်ပညာ)၊ခင်လယ်လယ်ချစ် (မြန်/ဂုဏ်)၊ ဝေမှူးတင်(သုတေသန)၊ အောင်စိုး(တိ/ကဆရာဝန်)၊ ညွန့်သစ်ဝေ(ဇေယျာ)တို့၏ သုတ၊ရသ ဆောင်းပါးများ၊ မောင်ထည်ဝါ(ပျော်ဘွယ်)၏ ကဗျာ၊ မောင်မီဒီယာ၏ ရုပ်ဝေးမြေခြားဟာသများ၊ သန့်သီရိညွန့်၏ မြန်မာစာအုပ်အညွှန်း၊ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းများ၏ နယ်မြေဖွံ့ဖြိုးရေး၊ စည်းရုံးရေးဆောင်ရွက်မှုသတင်းများ၊ နိုင်ငံတကာဖြစ်ရပ်သတင်းများ စုံလင်စွာဖော်ပြပါရှိသည်။ **(သတင်းစဉ်)**

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား စင်ကာပူသမ္မတနိုင်ငံ NTEGRATOR Pte Ltd.မှ Managing Director Mr. Jimmy Chang နှင့် Deputy General Manager Mr. Jason Leong တို့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား စင်ကာပူသမ္မတနိုင်ငံ NTEGRATOR Pte Ltd.မှ Managing Director နှင့် အဖွဲ့တွေ့ဆုံ

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းအား စင်ကာပူသမ္မတနိုင်ငံ NTEGRATOR Pte Ltd. မှ Managing Director Mr. Jimmy Chang နှင့် Deputy General Manager Mr. Jason Leong တို့သည် ယနေ့မွန်းလွဲ၂နာရီခွဲတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံရာသို့ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ပန်းအလှပြင်သင်တန်းဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၈

မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်းက အခြေခံပန်းအလှပြုပြင်မှုသင်တန်း(၁/၂၀၀၆)ကို မတ်၁၄ရက်မှ ၁၈ရက်အထိ နေ့စဉ်မွန်းတည့်၁၂နာရီမှ ညနေ၄နာရီအတွင်း ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်အတွင်းရှိ ပြည်ထောင်စု အေးရိပ်ငြိမ်ခန်းမဆောင်၌ ဖွင့်လှစ်ရန်စီစဉ်ထားသည်။

သင်တန်းကြေးအဖြစ် အသင်းဝင်များနှင့် အစိုးရဝန်ထမ်းများအတွက် တစ်ဦးလျှင်ကျပ်၄၀၀၀စီ၊ ပြင်ပပုဂ္ဂိုလ်များအတွက် တစ်ဦးလျှင်ကျပ် ၅၀၀၀ စီသတ်မှတ်ထားရာ တက်ရောက်လိုသူများသည် ဖုန်း-၃၇၉၃၆၁သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ **(၃၀၈)**

မိုးကုတ်ဝိပဿနာ တရားစခန်းပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ဧရာဝတီတိုင်း ဇလွန်မြို့နယ် မြို့သစ်ခပေါင်းလမ်းရှိ မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ အမှတ်(၉၆)ဓမ္မရိပ်သာကြီးတွင် ဧပြီ ၆ ရက်မှ မေ ၅ ရက်အထိ အကြိမ်(၆၀)မြောက်တစ်လစခန်းပွဲကြီး၌ ကျေးဇူးတော်ရှင်မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း မိုးကုတ်ဓမ္မကထိက ဦးပညာတိက္ခ (သန်လျင်မြို့) အရှင်သူမြတ်နှင့် ဓမ္မကထိက ဆရာကြီး ဦးကျော်စိန်၊ ကမ္မဋ္ဌာန်းနည်းပြဆရာ ဦးအေးဖေတို့က သစ္စာလေးပါး ဝိပဿနာလုပ်ငန်းစဉ်များကို ခန္ဓာဉာဏ်ရောက် သဘောပေါက်အောင် ဟောဖော်ပြမည်ဖြစ်သည်။

တရားစခန်းဝင် ယောဂီများသည် အထက်ပါရိပ်သာတွင်လည်းကောင်း၊ ဆရာကြီး ဦးကျော်စိန် အမှတ် ၅၁(ဘီ) ကိုယ့်မင်းကိုယ့်ချင်းလမ်း ဗဟန်းမြို့နယ် ဖုန်း-၅၅၄၄၃၅ နှင့် ဆရာဦးအေးဖေ ဖုန်း-၅၈၀၇၄၇၊ အမှတ် ၁၂(က) (၂၆)ရပ်ကွက် ပြည်ထောင်စုလမ်းမကြီး တောင်မြောက်လမ်းဆုံ ဒဂုံမြို့သစ်တောင်ပိုင်းသို့လည်းကောင်း ဆက်သွယ်စာရင်းပေးပို့နိုင်ကြောင်း သိရသည်။

(က-ပ)

ပြည်ထောင်စုမြန်မာနိုင်ငံတော်
အစိုးရအဖွဲ့

အမိန့်ကြော်ငြာစာ

အမှတ်၊ ၂/၂၀၀၆

ရန်ကုန်မြို့၊ ၁၃၆၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်
(၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်)

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဖွဲ့စည်းခြင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရအဖွဲ့သည် လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ယင်းဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ(က)အရ **"လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့"**ကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်ပါသည်-

(၁)	ဝန်ကြီး ပြည်ထဲရေးဝန်ကြီးဌာန	ဥက္ကဋ္ဌ
(၂)	ဒုတိယဝန်ကြီး ပြည်ထဲရေးဝန်ကြီးဌာန	ဒုတိယဥက္ကဋ္ဌ
(၃)	ဒုတိယရှေ့နေချုပ် ရှေ့နေချုပ်ရုံး	ဒုတိယဥက္ကဋ္ဌ
(၄)	ဒုတိယဝန်ကြီး လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန	ဒုတိယဥက္ကဋ္ဌ
(၅)	ဒုတိယတရားသူကြီးချုပ် တရားရုံးချုပ်	အဖွဲ့ဝင်
(၆)	ဒုတိယစာရင်းစစ်ချုပ် စာရင်းစစ်ချုပ်ရုံး	အဖွဲ့ဝင်
(၇)	ဒုတိယဝန်ကြီး နိုင်ငံခြားရေးဝန်ကြီးဌာန	အဖွဲ့ဝင်
(၈)	ဒုတိယဝန်ကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန	အဖွဲ့ဝင်
(၉)	ဒုတိယဝန်ကြီး အလုပ်သမားဝန်ကြီးဌာန	အဖွဲ့ဝင်
(၁၀)	ဒုတိယဝန်ကြီး ကျန်းမာရေးဝန်ကြီးဌာန	အဖွဲ့ဝင်
(၁၁)	ဒုတိယဝန်ကြီး ပညာရေးဝန်ကြီးဌာန	အဖွဲ့ဝင်
(၁၂)	ဒုတိယဝန်ကြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန	အဖွဲ့ဝင်
(၁၃)	ဒုတိယဝန်ကြီး ပြန်ကြားရေးဝန်ကြီးဌာန	အဖွဲ့ဝင်
(၁၄)	ဒုတိယဝန်ကြီး ရထားပို့ဆောင်ရေးဝန်ကြီးဌာန	အဖွဲ့ဝင်
(၁၅)	ဒုတိယဝန်ကြီး ပို့ဆောင်ရေးဝန်ကြီးဌာန	အဖွဲ့ဝင်
(၁၆)	ဒုတိယဝန်ကြီး ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန	အဖွဲ့ဝင်
(၁၇)	ဒုတိယဝန်ကြီး အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုဝန်ကြီးဌာန	အဖွဲ့ဝင်
(၁၈)	ဒုတိယဝန်ကြီး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန	အဖွဲ့ဝင်
(၁၉)	ညွှန်ကြားရေးမှူးချုပ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	အဖွဲ့ဝင်
(၂၀)	ဌာနချုပ်မှူး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်း(ဗဟို)	အဖွဲ့ဝင်
(၂၁)	ဥက္ကဋ္ဌ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်	အဖွဲ့ဝင်
(၂၂)	ဥက္ကဋ္ဌ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း(ဗဟို)	အဖွဲ့ဝင်
(၂၃)	ဥက္ကဋ္ဌ မြန်မာနိုင်ငံကြက်ခြေနီအသင်း	အဖွဲ့ဝင်
(၂၄)	ရဲချုပ် မြန်မာနိုင်ငံရဲတပ်ဖွဲ့	အတွင်းရေးမှူး
(၂၅)	ရဲဦးစီးအရာရှိချုပ် မြန်မာနိုင်ငံရဲတပ်ဖွဲ့	တွဲဖက်အတွင်းရေးမှူး

အမိန့်အရ-

(ဗိုလ်မှူးကြီးသန့်ရှင်း)
အတွင်းရေးမှူး
ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့။

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ ဗဟိုအဖွဲ့၊ လုပ်ငန်းအဖွဲ့ဝင်များနှင့် ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် အဆင့်ဆင့်သော လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့များဖွဲ့စည်း

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရအဖွဲ့သည် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ (က)အရ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဥက္ကဋ္ဌအဖြစ် ပါဝင်သော လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကို ဖေဖော်ဝါရီ ၁၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၀၆ ဖြင့် ဖွဲ့စည်းခဲ့ပြီးဖြစ်သည်။

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့သည် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သော လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးလုပ်ငန်းအဖွဲ့၊ ဒုတိယရှေ့နေချုပ် ဦးဆောင်သော ဥပဒေရေးရာနှင့် တရားစွဲဆိုရေးဆိုင်ရာ လုပ်ငန်းအဖွဲ့၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သော လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့ စသည့် လုပ်ငန်းအဖွဲ့သုံးဖွဲ့တို့ကို ဖေဖော်ဝါရီ ၂၇ ရက်စွဲဖြင့် အမိန့်ထုတ်ပြန် ဖွဲ့စည်းခဲ့သည်။

အလားတူ ပြည်နယ်နှင့်တိုင်း လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့၊ ခရိုင်အဆင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့နှင့် မြို့နယ်အဆင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ စသည့် အဆင့်ဆင့်သောအဖွဲ့များကိုလည်း ဖေဖော်ဝါရီ ၂၇ ရက်တွင်ပင် ဖွဲ့စည်းထုတ်ပြန်ခဲ့သည်။

မြန်မာနိုင်ငံသည် လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းကို အရှိန်အဟုန်ဖြင့် တိုးမြှင့်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် အထက်ပါအတိုင်း ဗဟိုမှစ၍ မြို့နယ်အထိ အဆင့်ဆင့်သောအဖွဲ့များ ဖွဲ့စည်းခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့

အမိန့်အမှတ် ၁/၂၀၀၆

ရန်ကုန်မြို့၊ ၁၃၆၇ခုနှစ်၊ တပေါင်းလဆန်း ၁ ရက်
(၂၀၀၆ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်)

လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့်လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးလုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်း

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့သည် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၇ အရ **"လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးလုပ်ငန်းအဖွဲ့"**ကို အောက်ပါ ပုဂ္ဂိုလ်များဖြင့်ဖွဲ့စည်း၍ ယင်းဥပဒေပုဒ်မ ၈ ပါ လုပ်ငန်းတာဝန်များကို အပ်နှင်း လိုက်သည်-

၁။	ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန	ဥက္ကဋ္ဌ
၂။	ရဲချုပ်၊မြန်မာနိုင်ငံရဲတပ်ဖွဲ့	ဒုတိယဥက္ကဋ္ဌ
၃။	ညွှန်ကြားရေးမှူးချုပ်၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	ဒုတိယဥက္ကဋ္ဌ
၄။	ညွှန်ကြားရေးမှူးချုပ်၊ တရားရုံးချုပ်	အဖွဲ့ဝင်
၅။	ညွှန်ကြားရေးမှူးချုပ်၊ ရှေ့နေချုပ်ရုံး	,,
၆။	ညွှန်ကြားရေးမှူးချုပ်၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန	,,
၇။	ညွှန်ကြားရေးမှူးချုပ်၊ လူမှုဝန်ထမ်းဦးစီးဌာန	,,
၈။	ညွှန်ကြားရေးမှူးချုပ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန	,,
၉။	ညွှန်ကြားရေးမှူးချုပ်၊ အလုပ်သမားညွှန်ကြားရေး ဦးစီးဌာန	,,
၁၀။	ညွှန်ကြားရေးမှူးချုပ်၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန	,,
၁၁။	ညွှန်ကြားရေးမှူးချုပ်၊ဟိုတယ်နှင့်ခရီးသွားလာရေး ညွှန်ကြားမှုဦးစီးဌာန	,,
၁၂။	ညွှန်ကြားရေးမှူးချုပ်၊ ကျန်းမာရေးဦးစီးဌာန	,,
၁၃။	ညွှန်ကြားရေးမှူးချုပ်၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန	,,
၁၄။	ညွှန်ကြားရေးမှူးချုပ်၊ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန	,,
၁၅။	ညွှန်ကြားရေးမှူးချုပ်၊မြန်မာ့အသံနှင့်ရုပ်မြင်သံကြား	,,
၁၆။	ဦးဆောင်ညွှန်ကြားရေးမှူး၊ ဆိပ်ကမ်းအာဏာပိုင်အဖွဲ့	,,
၁၇။	ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့မီးရထား	,,
၁၈။	တပ်မတော်(ရေ)မှ ကိုယ်စားလှယ်တစ်ဦး	,,
၁၉။	ဦးဆောင်ညွှန်ကြားရေးမှူး၊သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း	,,
၂၀။	ဌာနချုပ်မှူး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း(ဗဟို)	,,
၂၁။	အထွေထွေအတွင်းရေးမှူး၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်	,,
၂၂။	အတွင်းရေးမှူး၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)	,,
၂၃။	ရဲဦးစီးအရာရှိချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်	အတွင်းရေးမှူး
၂၄။	ဌာနမှူး၊ နိုင်ငံဖြတ်ကျော်မှုခင်းဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့	တွဲဖက်အတွင်းရေးမှူး

ဥက္ကဋ္ဌ
(ဗိုလ်ချုပ်မောင်ဦး)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့

အမိန့်အမှတ် ၂/၂၀၀၆

ရန်ကုန်မြို့၊ ၁၃၆၇ခုနှစ်၊ တပေါင်းလဆန်း ၁ ရက်
(၂၀၀၆ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ရက်)

ဥပဒေရေးရာနှင့် တရားစွဲဆိုရေးဆိုင်ရာလုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်း

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့သည် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၇ အရ **"ဥပဒေရေးရာနှင့် တရားစွဲဆိုရေးဆိုင်ရာ လုပ်ငန်းအဖွဲ့"**ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်း၍ ယင်းဥပဒေပုဒ်မ ၉ပါ လုပ်ငန်းတာဝန်များကို အပ်နှင်းလိုက်သည်-

၁။	ဒုတိယရှေ့နေချုပ်၊ ရှေ့နေချုပ်ရုံး	ဥက္ကဋ္ဌ
၂။	ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရှေ့နေချုပ်ရုံး	အဖွဲ့ဝင်
၃။	ညွှန်ကြားရေးမှူး(ပြစ်မှု)၊ ရှေ့နေချုပ်ရုံး	,,
၄။	ဒုတိယညွှန်ကြားရေးမှူး၊ တရားစွဲနှင့် အမှုလိုက်ဌာန ရှေ့နေချုပ်ရုံး	,,
၅။	တရားရုံးချုပ်မှ ကိုယ်စားလှယ်တစ်ဦး	,,
၆။	မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ကိုယ်စားလှယ်တစ်ဦး	,,
၇။	အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး	,,
၈။	လူမှုဝန်ထမ်းဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး	,,
၉။	လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး	,,
၁၀။	အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှကိုယ်စားလှယ်တစ်ဦး	,,
၁၁။	နိုင်ငံခြားရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်တစ်ဦး	,,
၁၂။	ပြန်ကြားရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်တစ်ဦး	,,
၁၃။	ကျန်းမာရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်တစ်ဦး	,,
၁၄။	သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ကိုယ်စားလှယ်တစ်ဦး	,,
၁၅။	မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ကိုယ်စားလှယ်တစ်ဦး	,,
၁၆။	ညွှန်ကြားရေးမှူး၊တရားစွဲနှင့်အမှုလိုက်ဌာန၊ ရှေ့နေချုပ်ရုံး	အတွင်းရေးမှူး
၁၇။	ဒုတိယညွှန်ကြားရေးမှူး၊ တရားစွဲနှင့် အမှုလိုက်ဌာန၊ ရှေ့နေချုပ်ရုံး	တွဲဖက်အတွင်းရေးမှူး

ဥက္ကဋ္ဌ
(ဗိုလ်ချုပ်မောင်ဦး)

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေဆိုင်ရာ အမျိုးသားအဆင့် နှီးနှောဖလှယ်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ပြည်ထဲရေးဝန်ကြီးဌာနနှင့်မဲခေါင်မြစ်ဝှမ်းဒေသအတွင်း လူကုန်ကူးခြင်းကို တိုက်ဖျက်သည့် ကုလသမဂ္ဂ အစီအစဉ် (United Nations Inter Agency Project on Human Trafficking in the Greater Mekong Sub-region)တို့ ပူးပေါင်းကျင်းပသည့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေဆိုင်ရာအမျိုးသားအဆင့်နှီးနှောဖလှယ်ပွဲ (National Seminar on the Anti-Trafficking in Persons Law)ကို ယနေ့ နံနက် ၁၀ နာရီ မိနစ်၂၀တွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။

တက်ရောက်

နှီးနှောဖလှယ်ပွဲသို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ ဒုတိယရှေ့နေချုပ်များဖြစ်ကြသော ဒေါက်တာထွန်းရှင်နှင့် ဦးမြင့်နိုင်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်တွင်း၊ပြည်ပရှိ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ UNIAPမှ တာဝန်ရှိသူများ၊ စာတမ်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၉ ကော်လံ ၅

အမှာစကားပြောကြား

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ပြည်ထဲရေးဝန်ကြီးဌာနနှင့် လူကုန်ကူးခြင်းကို တိုက်ဖျက်သည့် ကုလသမဂ္ဂအစီအစဉ်(UNIAP)တို့ ပူးပေါင်းကျင်းပသည့်လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေဆိုင်ရာ အမျိုးသားအဆင့် နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

လူလူချင်းညှဉ်းပန်းနှိပ်စက်သည့် လူကုန်ကူးမှုပြဿနာကို တိတိပပတိုက်ဖျက်ရန်နှင့် လူကုန်ကူးခံရသူများကို ထိထိရောက်ရောက်အကာအကွယ်ပေးရန် ဥပဒေပြဋ္ဌာန်းလိုက်ပြီဖြစ်

✡ **ရှေ့ဖုံးမှ**

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ သံတမန်များအဖွဲ့နာယက ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး H.E Mme Phoebe A.Gomezအမှူးပြုသော ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ မြန်မာနိုင်ငံရှိ ကုလသမဂ္ဂအဖွဲ့အစည်းများ၏ ညှိနှိုင်းရေးမှူး Mr. Charles James Petrieအမှူးပြုသော ရန်ကုန်မြို့ရှိ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စား လှယ်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်တွင်းပြည်ပရှိ လူမှုရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ နှီးနှောဖလှယ်ပွဲဆိုင်ရာကော်မတီအသီးသီးမှ တာဝန်ရှိသူများ၊ စာတမ်းရှင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အဖွင့်အမှာစကားပြောကြားရာတွင် ယခုကဲ့သို့ အလွန်အရေးကြီးသည့် လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေဆိုင်ရာ နှီးနှောဖလှယ်ပွဲကြီးသို့ တက်ရောက်ပြီး အဖွင့်အမှာစကားပြောကြားခွင့်ရသည့်အတွက် လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူမိကြောင်း။

ကြိုးပမ်းအားထုတ်

လွန်ခဲ့သည့်နှစ်များက မြန်မာနိုင်ငံ အနေဖြင့် လူကုန်ကူးမှုတိုက်ဖျက်ရေးအတွက် မလျှော့သောဇွဲ၊ လုံ့လဖြင့် ကြိုးပမ်း အားထုတ်မှုများမှာ ယခုအကောင်အထည်ပေါ်လာပြီဖြစ်ကြောင်းပြောကြားလိုကြောင်း၊ ယနေ့ဆိုလျှင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပြဋ္ဌာန်းပြီး ဥပဒေစိုးမိုးသည့် အဝန်းအဝိုင်းကို ထူထောင်နိုင်ခဲ့သည့်အတွက် မြန်မာနိုင်ငံ အနေဖြင့် ဂုဏ်ယူရမည့်နေ့တစ်နေ့ဖြစ်သည်ဟု ပြောရမှာဖြစ်ကြောင်း။

ပထမဦးစွာ ဥပဒေပေါ်ပေါက်လာရန်အတွက် ကြိုးပမ်းအားထုတ်ခဲ့ကြသည့် ဥပဒေလေ့လာသုံးသပ်ရေးနှင့် ဥပဒေမူကြမ်းရေးဆွဲရေးလုပ်ငန်းအဖွဲ့ကို ဤနေရာမှ ချီးကျူးဂုဏ်ပြုလိုကြောင်း၊ ဥပဒေရေးဆွဲသည့် ဤလုပ်ငန်းအဖွဲ့ဆိုလျှင် ယင်းဥပဒေမူကြမ်း ရေးဆွဲသည့်ကာလတစ်လျှောက်လုံးတွင် အကြိမ်ကြိမ် အစည်းအဝေးပြုလုပ်ကြ၊ ညှိနှိုင်းကြ၊ တက်ကြွစွာဆွေးနွေးသုံးသပ်ကြပြီး မနားမနေလုပ်ကိုင်ကြသည်ကို မိမိတို့ သိရှိထားကြောင်း။

တက်ကြွစွာပူးပေါင်း

လူကုန်ကူးမှုတိုက်ဖျက်ရေးအတွက် အဓိကတာဝန်ယူသည့် ပြည်ထဲရေးဝန်ကြီးဌာနသည် ဥပဒေလေ့လာသုံးသပ်ရေးနှင့် ဥပဒေမူကြမ်းရေးဆွဲရေးလုပ်ငန်းတစ်လျှောက်တွင် များပြားလှသည့် တာဝန်များကိုထမ်းဆောင်ပြီး အဘက်ဘက်က ဦးဆောင်မှုဖြင့် လိုအပ်ချက်များကို ကူညီဖြည့်ဆည်းပေးခဲ့ကြောင်း၊ ထို့အတူ ရှေ့နေချုပ်ရုံးအနေဖြင့်လည်း ဥပဒေမူကြမ်းရေးဆွဲစဉ်ကအားတက်သရော တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ပြီးကူညီခဲ့ကြောင်း၊ အကြံကောင်း ဉာဏ်ကောင်းများလည်းပေးခဲ့ကြောင်း၊ ထို့အပြင် ဆက်စပ်ကူညီခဲ့ကြသည့် ဝန်ကြီးဌာနများဖြစ်သော အလုပ်သမားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ တရားရုံးချုပ်နှင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်တို့ကိုလည်း အထူးမှတ်တမ်းတင်ရမှာဖြစ်ကြောင်း။

လူ့အခွင့်အရေးချိုးဖောက်ပြီး လူ့အသိုင်းအဝိုင်းကလက်မခံနိုင်သည့် ဤလူကုန်ကူးမှုပြဿနာကို တိုက်ဖျက်သည့်နေရာတွင် ဌာနပေါင်းစုံပါဝင်မှသာ အောင်မြင်မှာဖြစ်ကြောင်း၊ ဤဥပဒေကိုရေးဆွဲစဉ်အခါကလည်း ဌာနပေါင်းစုံမှ ပညာရှင်များပါဝင်ရေးဆွဲကြတာဖြစ်ကြောင်း၊ ဥပဒေရေးဆွဲသည့် ကာလတစ်လျှောက်လုံးမှာ ပြည်တွင်းပညာရှင်များသာမက ပြည်ပ ပညာရှင်များပါ ပါဝင်ကူညီခဲ့သည်ကို တွေ့ရှိရသည့်အတွက် အဆိုပါပုဂ္ဂိုလ်များအား ကျေးဇူးတင်ရမှာဖြစ်ကြောင်း။

ဤဥပဒေမူကြမ်းရေးဆွဲရာတွင် မြန်မာ့သမိုင်းတွင် တစ်ကြိမ်တစ်ခါမျှ မကျင့်သုံးခဲ့သည့် လုပ်ထုံးလုပ်နည်းကို ကျင့်သုံးခဲ့တာဖြစ်ကြောင်း၊ လုပ်ရိုးလုပ်စဉ်မဟုတ်ဘဲ ဥပဒေမူကြမ်းကို ပြည်တွင်းပြည်ပ ပညာရှင်များပါ ဖိတ်ကြားပြီးချပြခဲ့ပါကြောင်း၊ UNIAP၏ ကူညီမှု၊ ပေါင်းစပ်ညှိနှိုင်းမှုဖြင့် UNODC၊ ARCPPTက ပညာရှင်များတက်ရောက်ပြီး ၂၀၀၄ ခုနှစ် စက်တင်ဘာလတွင် ဥပဒေမူကြမ်းလေ့လာသုံးသပ်ရေး အလုပ်ရုံဆွေးနွေးပွဲကို အောင်မြင်စွာ ကျင်းပခဲ့ကြောင်း၊ ယင်းအလုပ်ရုံ ဆွေးနွေးပွဲတွင် အပြန်အလှန်ဆွေးနွေးပြီး အကြံပြုချက်များဖော်ထုတ်နိုင်ခဲ့ကြောင်း၊ ထို့ကြောင့် မိမိတို့၏ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေသည် ပြည်တွင်းပြည်ပ ပညာရှင်များနှင့် ဆွေးနွေးပြီး နိုင်ငံတကာစံချိန်စံညွှန်းနှင့် ကိုက်ညီသည့် ဥပဒေဖြစ်သည်ဟု ပြောကြားလိုကြောင်း။

ခြေလှမ်းစပြီးလှမ်းနိုင်

ဤဥပဒေကိုပြဋ္ဌာန်းနိုင်သည့်အတွက် ဂုဏ်ယူရမှာဖြစ်သကဲ့သို့ တစ်ဖက်ကလည်း သတိမူရမည့် အချက်များရှိနေသည်ကို သတိပေးပြောကြားလိုကြောင်း၊ အားလုံးသိရှိပြီးဖြစ်သည့်အတိုင်း ဤဥပဒေမှာ ဒေသအတွင်းမှာသာမက အပြည်ပြည်ဆိုင်ရာကပါ အပြုသဘောဖြင့် သုံးသပ်ထားသည်ကို တွေ့ရကြောင်း၊ တစ်ဆက်တည်းမှာ ယင်းသို့ စံမီသည့်ဥပဒေကို မိမိတို့ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ပါ့မလားဟု သုံးသပ်ဝေဖန်သည်ကိုလည်း ကြားနေရကြောင်း၊ ထို့ကြောင့် အခုကဲ့သို့ ခြေလှမ်းစပြီး လှမ်းနိုင်သည်ကို ဝမ်းသာရမှာဖြစ်သကဲ့သို့ ရှေ့မှာစိန်ခေါ်မှုများ အများကြီးရှိနေသည်ဆိုသည်ကိုလည်း သတိချပ်ကြရမှာဖြစ်ကြောင်း။

ဥပဒေရေးဆွဲသည်ဆိုသည်မှာ လွယ်ကူသည့်အလုပ် မဟုတ်သကဲ့သို့ နေ့ချင်းညချင်း ရေးဆွဲ၍ရသည့် အရာမဟုတ်ဘူးဆိုသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ယင်းဥပဒေမရေးဆွဲခင်မှာ ဥပဒေရေးဆွဲရန် လို/မလိုကို နှစ်နှင့်ချီပြီး ညှိနှိုင်းဆွေးနွေးကြရပါကြောင်း၊ လက်ရှိလူကုန်ကူးမှုနှင့် ဆက်စပ်သည့်တည်ဆဲဥပဒေများကို လေ့လာသုံးသပ်ခဲ့ကြရကြောင်း၊ ထို့အပြင် ၂၀၀၃ ခုနှစ်တွင် ကျင်းပခဲ့သည့် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ နှီးနှောဖလှယ်ပွဲက အကြံပြုချက်၊ ၂၀၀၄ ခုနှစ် အောက်တိုဘာလတွင် လက်မှတ်ရေးထိုးခဲ့သည့် မဲခေါင်မြစ်ဝှမ်းဒေသ ခြောက်နိုင်ငံအတွင်း လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ နားလည်မှု စာချွန်လွှာ၊ ၁၉၉၅ ခုနှစ် ပေကျင်းကြေညာစာတမ်း၊ ၂၀၀၄ ခုနှစ် နိုဝင်ဘာလတွင် အာဆီယံထိပ်သီးအစည်းအဝေးက ထုတ်ပြန်ခဲ့သည့် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အာဆီယံကြေညာစာတမ်းတို့က တိုက်တွန်းချက်တို့ကို ထည့်သွင်းစဉ်းစားပြီး ရေးဆွဲခဲ့သည့် ဥပဒေတစ်ခုဖြစ်ကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံက အဖွဲ့ဝင်အဖြစ်ပါဝင်ခဲ့ပြီးဖြစ်သည့် နိုင်ငံဖြတ်ကျော်မှုခင်းများတိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေး နောက်ဆက်တွဲစာချုပ်တို့ကို အပြည့်အဝ လိုက်နာကြောင်း ဤဥပဒေကသက်သေထူနေပါကြောင်း။

နှုတ်ခွန်းဆက်စကား

မြန်မာနိုင်ငံရှိ ကုလသမဂ္ဂ အဖွဲ့အစည်းများ၏ ညှိနှိုင်းရေးမှူး Mr. Charles James Petrie နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။

(သတင်းစဉ်)

အပြည့်အဝအကာအကွယ်ပေး

ဤဥပဒေကို ဌာနပေါင်းစုံပါဝင်ပြီးရေးဆွဲခဲ့သည့်အတွက် ပူးပေါင်းဆောင်ရွက်မှုတွင် အလွန်ပင်အားရဖွယ်ရှိကြောင်း၊ နစ်နာသည့်လူကုန်ကူးခံရသူဘက်မှ မားမားမတ်မတ်ရပ်တည်ပြီး လူ့အခွင့်အရေးကိုအခြေခံသည့် ဥပဒေတစ်ခုဖြစ်ကြောင်း၊ ထို့အပြင် အမျိုးသမီးနှင့်ကလေးသူငယ်များဘက်ကလည်း အထူးပြုရပ်တည်ပေးထားကြောင်း၊ လူကုန်ကူးခံရသူများကို အပြည့်အဝ အကာအကွယ်ပေးထားပြီး ဆေးကုသခြင်းနှင့်ဆေးစစ်ခြင်းကိုလည်း ကာယကံရှင်၏ ဆန္ဒကိုအလေးထားပြီး ဝန်ဆောင်မှုပေးရန်၊ ယင်းတို့၏ တစ်ဦးချင်း အခွင့်အရေးကို လေးစားရန်ပြဋ္ဌာန်းထားကြောင်း။

အမှာစကားပြောကြား

လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

အောင်မြင်စွာဖြေရှင်းနိုင်

ဤဥပဒေမှာမရှိမဖြစ်လိုအပ်နေသည့် တရားရေးဆိုင်ရာယန္တရားကြီးတစ်ခု ဖြစ်ကြောင်း၊ အကောင်အထည်ဖော်သည့်အခါ မည်မျှအခက်အခဲရှိမည်ဆိုသည်ကို ယခုနှစ်ရက်ကြာဆွေးနွေးပွဲတွင် သိရှိကြမှာဖြစ်ကြောင်း၊ ယခုအခါ ဤ ဥပဒေကို ထိရောက်အောင်မြင်အောင် အကောင်အထည်ဖော်ရန်မှာ မိမိတို့ ကိုင်တွယ်ဖြေရှင်းရမည့် စိန်ခေါ်မှုတစ်ခုဖြစ်လာကြောင်း၊ ယင်းစိန်ခေါ်မှုကို ပြစ်မှုဆိုင်ရာတရားစီရင်ရေးအဖွဲ့အစည်းများနှင့် ပြည်သူတစ်ရပ်လုံး ပူးပေါင်းဆောင်ရွက်ကြမှသာ အောင်မြင်စွာဖြေရှင်းနိုင်မှာဖြစ်ကြောင်း။

ထိရောက်စွာအကောင်အထည်ဖော်

မိမိတို့ထက်စောပြီး လူကုန်ကူးမှုဆိုင်ရာဥပဒေကိုပြဋ္ဌာန်းခဲ့သည့် အခြားတိုင်းပြည်များ၏ သင်ခန်းစာကိုကြည့်မည်ဆိုလျှင် ဥပဒေသစ်တစ်ခုအကောင်အထည်ဖော်ရာတွင် စိန်ခေါ်မှုများစွာရှိသည်ကိုတွေ့ရမှာဖြစ်ကြောင်း၊ ဥပဒေသစ်ဖြစ်သည့်အားလျော်စွာ တာဝန်ရှိပုဂ္ဂိုလ်များသည် ဥပဒေကို ဂဃနဏနားလည်သဘောပေါက်ရန်လိုအပ်ကြောင်း၊ ဥပဒေပြဋ္ဌာန်းချက်များကို ကောင်းစွာသဘောပေါက်ပြီး အကျွမ်းတဝင်ရှိရမှာဖြစ်ကြောင်း၊ လူလူချင်းညှဉ်းပန်းနှိပ်စက်သည့် လူကုန်ကူးမှုပြဿနာကို တိတိပပတိုက်ဖျက်ရန်နှင့် လူကုန်ကူးခံရသူများကို ထိထိရောက်ရောက်အကာအကွယ်ပေးရန် ဤဥပဒေကပြဋ္ဌာန်းလိုက်ပြီဖြစ်ကြောင်း၊ ဥပဒေသည် ယခုအခါ မိမိတို့လက်ထဲရောက်နေပြီဖြစ်၍ ထိရောက်စွာ အကောင်အထည်ဖော်ရန်သာလိုပါတော့ကြောင်း။

ဤအမျိုးသားအဆင့်နှီးနှောဖလှယ်ပွဲကြီးသည် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေကို အကောင်အထည်ဖော်ရန်အတွက် လှမ်းရမည့်ခြေလှမ်းများစွာထဲမှ ပထမခြေလှမ်းတစ်ခုမျှသာဖြစ်ကြောင်း၊ နစ်နာသူဘက်က ရပ်တည်ပြီး ပြစ်မှုကျူးလွန်သူများကိုထိရောက်ဟန့်တားလောက်သည့်ပြစ်ဒဏ်ချမှတ်ပြီး တရားဥပဒေစိုးမိုးမှုအတွက် မိမိတို့လက်တွေ့သက်သေပြကြရန်လိုအပ်ကြောင်း။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးနှင့်အဖွဲ့ဝင်များ၊ နီးနှောဖလှယ်ပွဲ သဘာပတိအဖွဲ့ အဖွဲ့ဝင်များ၊ စာတမ်းရှင်များ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှ ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ သံတမန်အဖွဲ့နာယက ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီးအမှူးပြုသော သံတမန်များ၊ မြန်မာနိုင်ငံရှိ ကုလသမဂ္ဂအဖွဲ့အစည်းများ ညှိနှိုင်းရေးမှူး အမှူးပြုသော ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကြစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၇ မှ

နီးနှောဖလှယ်ပွဲအစီအစဉ် ပထမပိုင်း လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ၏နောက်ခံသမိုင်းအကြောင်းဆိုင်ရာစာတမ်းများဆွေးနွေးတင်ပြခြင်းအစီအစဉ်ကို စတင်ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာနဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ဘုန်းဆွေက သဘာပတိအဖြစ် ဆောင်ရွက်ပြီး နှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆွေးနွေးမေးမြန်း

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာန နိုင်ငံဖြတ်ကျော်မှုခင်းဌာန ဌာနမှူး ရဲမှူးကြီးစစ်အေးက "လူကုန်ကူးမှုပြဿနာနှင့် နိုင်ငံတကာ၏တုံ့ပြန်မှု" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ "UNIAP မှ Regional Programme Manager ဒေါက်တာစုစုသာထွန်းက "မဲခေါင်မြစ်ဝှမ်းဒေသအတွင်း လူကုန်ကူးမှု အခြေအနေနှင့် တားဆီးကာကွယ်ရေး ဆောင်ရွက်ချက်များ" (COMMIT) ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးခင်မောင်စိုးက "မြန်မာနိုင်ငံကြပြီး နီးနှောဖလှယ်ပွဲကို ခေတ္တရပ်နားသည်။

ယင်းနောက် နီးနှောဖလှယ်ပွဲ အစီအစဉ် ဒုတိယပိုင်းဥပဒေအကောင်အထည်ဖော် ဆောင်ရွက်မှုနှင့် သက်ဆိုင်သော စာတမ်းများ ဆွေးနွေးခြင်း အစီအစဉ်ကို ကျင်းပရာ သဘာပတိအဖြစ် ဒုတိယရှေ့နေချုပ် ဦးမြင့်နိုင်က ဆောင်ရွက်ပြီး သဘာပတိက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် ရှေ့နေချုပ်ရုံးညွှန်ကြားရေးမှူးချုပ် ဦးမြညိမ်းက "လူကုန်ကူးမှု အဓိပ္ပာယ် ဖွင့်ဆိုချက်နှင့် စီရင်ပိုင်ခွင့်၊ ပြစ်မှုနှင့် ပြစ်ဒဏ်များကို လေ့လာတင်ပြချက်" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူး ဒေါ်ကျင်စန်းက "လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့နှင့် လုပ်ငန်းအဖွဲ့များ၏ လုပ်ငန်းတာဝန်များ" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူး ဒေါ်ခင်မျိုးမြင့်က "လူကုန်ကူးခံရသူများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ခြင်းနှင့် အမျိုးသမီး၊ မေးမြန်းကြရာ စာတမ်းရှင်များက ပြန်လည် ရှင်းလင်းဖြေကြားကြပြီး နီးနှောဖလှယ်ပွဲ ပထမနေ့အစီအစဉ်များကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။

ဆက်လက်ကျင်းပမည်

လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေဆိုင်ရာ အမျိုးသားအဆင့်နီးနှောဖလှယ်ပွဲကို လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေအား ပြည်သူလူထုနှင့် တာဝန်ရှိပုဂ္ဂိုလ်များ ပိုမိုသိရှိစေရန်၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေအား ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန်နှင့် ပြစ်မှုဆိုင်ရာ တရားစီရင်ရေး အဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ အကြားပေါင်းစပ်ညှိနှိုင်းမှုပိုမိုရရှိရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ပြီး နီးနှောဖလှယ်ပွဲကို မတ် ၁ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

နိဂုံးချုပ်အနေဖြင့် ယခုနီးနှောဖလှယ်ပွဲနှစ်ရက်တာအတွင်းမှာ မိမိတို့၏ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေကို ထိရောက်စွာအကောင်အထည်ဖော်နိုင်ရန်အတွက် အားဖြည့်ပေးမည့်အလွန်တန်ဖိုးရှိသည့် ရှေ့လုပ်ငန်းစဉ်များ ချမှတ်နိုင်မည်ဟုယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက အမှာစကားပြောကြားရာတွင် အခုကျင်းပသည့် နီးနှောဖလှယ်ပွဲကို ၂၀၀၅ ခုနှစ် စက်တင်ဘာ ၁၃ ရက်နေ့က ပြဋ္ဌာန်းခဲ့သည့်ဥပဒေနှင့်ပတ်သက်ပြီး အကောင်အထည်ဖော်မည့် တာဝန်ရှိ ပုဂ္ဂိုလ်များအနေဖြင့် ပိုမိုသိရှိနားလည်သဘောပေါက်ပြီး ထိထိရောက်ရောက် အကောင်အထည်ဖော်ရန်နှင့် ပြစ်မှုဆိုင်ရာတရားစီရင်ရေးအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ အစိုးရအဖွဲ့အစည်းများ၊ NGO များအကြားတွင် ပူးပေါင်းဆောင်ရွက်မှုပိုမိုကောင်းမွန်စေရန် ရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းဖြစ်ကြောင်း။

ဦးစားပေးအဆင့်တွင်ထား

ယခုအခါ လူကုန်ကူးမှုပြဿနာသည် ကမ္ဘာတွင်ဖြစ်ပွားနေသည့် ပြဿနာများစွာထဲက ရှေ့တန်းရောက်လာသော ပြဿနာတစ်ခုဖြစ်လာကြောင်း၊ ထို့ကြောင့်လည်း ကမ္ဘာ့နိုင်ငံအသီးသီးက လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းကို ဦးစားပေးအဆင့်တွင်ထားပြီး ဆောင်ရွက်နေကြခြင်းဖြစ်ကြောင်း၊ အားလုံးသိပြီးဖြစ်သည့်အတိုင်း ဤပြစ်မှုသည်လျှို့ဝှက်ပြီး ကျူးလွန်လေ့ရှိသည့် သဘောသဘာဝကြောင့် ယနေ့ကမ္ဘာပေါ်တွင် လူကုန်ကူးမှုဖြစ်ပွားသည့်အရေအတွက်ကို အတိအကျသိရန် အလွန်ပင်ခက်ခဲကြောင်း၊ သို့သော်လည်း သုတေသီများ၏ခန့်မှန်းချက်အရ နှစ်စဉ် လူတစ်သန်းကနေ နှစ်သန်းအထိ လူကုန်ကူးခံနေရသည်ဟု သိရကြောင်း၊ ထို့ပြင် မိမိတို့ မဲခေါင်မြစ်ဝှမ်းဒေသတွင် နှစ်စဉ်အမျိုးသမီးနှင့် ကလေးသူငယ် သုံးသိန်းခန့်မှာ လူကုန်ကူးခံရသည်ဟု သိရကြောင်း၊ ယင်းကိန်းဂဏန်းများကိုကြည့်မည်ဆိုလျှင် အလွန်ထိတ်လန့်ဖွယ်ကောင်းသည့် အခြေအနေမှာရှိနေကြောင်း၊ လူကုန်ကူးခံရသည့်သူများသာမက ယင်းတို့၏မိသားစုများပါ ကြီးမားသည့်ဘေးအန္တရာယ်ကြုံတွေ့ခဲ့ကြရမှာဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံသည် လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် မူဝါဒချမှတ်ပြီး ပြည်တွင်း၌ ကြိုးပမ်းအားထုတ်အကောင်အထည်ဖော်ဆောင်ရွက်ရုံမကဘဲ အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းရှိနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကို အလေးအနက်ထားဆောင်ရွက်ခဲ့ကြောင်း။

၂၀၀၃ ခုနှစ် ဒီဇင်ဘာလတွင် မြန်မာနိုင်ငံလူဦးရေ၏ တစ်ဝက်မကသည့် အမျိုးသမီးထုကြီးကို ကိုယ်စားပြုသည့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကို ဖွဲ့စည်းခဲ့ပြီး အမျိုးသမီးများဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘဝလုံခြုံရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းအဖွဲ့ချုပ်၏ အောက်တွင် လူမှောင်ခိုမှုနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းအဖွဲ့ခွဲ တစ်ခုဖွဲ့စည်းပြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို အစဉ်တစိုက် ဆောင်ရွက်နေကြောင်း၊ ထို့အပြင် ၂၀၀၃ ခုနှစ် ဒီဇင်ဘာလမှာပင် အာရှဒေသအတွင်း လူကုန်ကူးမှုတားဆီးကာကွယ်ရေးစီမံကိန်းနားလည်မှု စာချွန်လွှာကို မြန်မာ၊ ထိုင်း၊ ကမ္ဘောဒီးယား၊ လာအိုနိုင်ငံတို့နှင့်အတူ ဩစတြေးလျအစိုးရနှင့် လက်မှတ်ရေးထိုးပြီး လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအထူးအဖွဲ့များ ဖွဲ့စည်းကာ ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း။

၂၀၀၄ ခုနှစ် မတ်လတွင် မြန်မာနိုင်ငံသည် နိုင်ငံဖြတ်ကျော်မှုခင်းများတိုက် ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်းနှင့် နောက်ဆက်တွဲ စာချုပ်များဖြစ်သည့် လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့် လူမှောင်ခိုမှုတိုက်ဖျက်ရေး စာချုပ်တို့မှာ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့ကြောင်း၊ ယင်းသို့ စာချုပ်ဝင်နိုင်ငံဖြစ်လာရခြင်းမှာ မြန်မာနိုင်ငံအနေဖြင့် လူကုန်ကူးမှုပြဿနာကို အလေးအနက်ထားကြောင်းနှင့် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နေကြောင်း ထင်ဟပ်စေခဲ့ကြောင်း။

တိုက်ဖျက်ရန် သန္နိဋ္ဌာန်ချမှတ်

၂၀၀၄ ခုနှစ် အောက်တိုဘာလမှာ အားလုံးသိပြီးဖြစ်သည့်အတိုင်း ကမ္ဘာပေါ်တွင် လူကုန်ကူးမှုနှင့်ပတ်သက်၍ ပထမဦးဆုံးဒေသဆိုင်ရာ သဘောတူညီချက်တစ်ရပ်ဖြစ်သည့် COMMIT MoU ကို မဲခေါင်မြစ်ဝှမ်းဒေသအတွင်းမှာရှိသည့် ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့နှင့်အတူ ရန်ကုန်မြို့တွင် လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း၊ မဲခေါင်မြစ်ဝှမ်းဒေသသည် လူကုန်ကူးမှုများပြားသည့်ဒေသဖြစ်သည်ဟု နိုင်ငံတကာက သတ်မှတ်ထားသည့်အတွက် မိမိတို့ဒေသအတွင်း၌ လူကုန်ကူးမှု ပြဿနာပပျောက်သွားအောင် တိုက်ဖျက်ရန် သန္နိဋ္ဌာန်ချပြီး ရှေ့လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ကြောင်း။

၂၀၀၅ ခုနှစ်တွင် အားလုံးသိရှိပြီးဖြစ်သည့်အတိုင်း အလွန်ပြည့်စုံကောင်းမွန်သော လူကုန်ကူးမှုတားဆီး ကာကွယ်ရေးဥပဒေကို ပြဋ္ဌာန်းနိုင်ခဲ့ကြောင်း။

ယင်းဥပဒေကို လေ့လာမည်ဆိုလျှင် ပြစ်မှုကျူးလွန်သူများကို တရားစွဲဆိုအပြစ်ပေးရုံသက်သက် မဟုတ်ဘဲ လူ့အခွင့်အရေးကို တန်ဖိုးထားလေးစားသည့် ပြဋ္ဌာန်းချက်များ ပါဝင်သည်ကိုတွေ့ရမှာဖြစ်ကြောင်း။

ယခုကျင်းပမည့် နီးနှောဖလှယ်ပွဲကြီးတွင် ဥပဒေအကောင်အထည်ဖော်သည့်အခါ တွေ့ကြုံရမည့် အခြေအနေနှင့် အခက်အခဲများကို ဥပဒေအခန်းကဏ္ဍအလိုက် ကျွမ်းကျင်သူပညာရှင်များက စာတမ်းများ တင်သွင်းဆွေးနွေးကြမှာဖြစ်သကဲ့သို့ တက်ရောက်လာသူများကလည်း ဆွေးနွေးခွင့်ရကြမှာဖြစ်ကြောင်း၊ ဤသို့ ဆောင်ရွက်ခြင်းဖြင့် ဥပဒေပါ ပြဋ္ဌာန်းချက်များကို ပိုမိုနားလည်သဘောပေါက်ပြီး ရှေ့လုပ်ငန်းစဉ်များချမှတ်နိုင်မှာဖြစ်သကဲ့သို့ နောက်ထပ်ရေးဆွဲပြဋ္ဌာန်းရမည့် နည်းဥပဒေအတွက်လည်း အရေးပါသည့် အချက်အလက်များ ဖော်ထုတ်နိုင်မှာဖြစ်ကြောင်း၊ ထို့ကြောင့် ယခု ကျင်းပပြုလုပ်သည့် နီးနှောဖလှယ်ပွဲသည် မြန်မာနိုင်ငံ၏ လူကုန်ကူးမှုတိုက်ဖျက်ရေးသမိုင်းတွင် အရေးကြီးသည့် မှတ်တိုင်တစ်ခုဟု ဆိုရမှာဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံရှိ ကုလသမဂ္ဂအဖွဲ့အစည်းများ၏ ညှိနှိုင်းရေးမှူး Mr. Charles James Petrie က နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် ကလေးသူငယ်များ၊ အမျိုးသမီးများ၊ အမျိုးသားများအား နည်းလမ်း အမျိုးမျိုးဖြင့် ခေါင်းပုံဖြတ်နေသည့် ဤလူကုန်ကူးခြင်းကိစ္စရပ်မှာ အလွန်ရွံရှာမုန်းတီးစရာကောင်းသည့် ပြစ်မှုတစ်ခုဖြစ်သကဲ့သို့ အခြေခံအကျဆုံးသော လူ့အခွင့်အရေးချိုးဖောက်မှုတစ်ခုလည်းဖြစ်ကြောင်း၊ ယနေ့အချိန်အခါမှာဆိုလျှင် ကမ္ဘာပေါ်တွင် အလျင်မြန်ဆုံးကြီးထွားနေသည့် နယ်စပ်ဖြတ်ကျော်မှုခင်းများထဲမှ တစ်ခုလည်းဖြစ်ကြောင်း။

ကူညီပံ့ပိုးရန်အသင့်ရှိ

ကုလသမဂ္ဂအဖွဲ့ကြီးသည် ဤလူကုန်ကူးခြင်းမှုခင်းအပေါ် တာဝန်အလွန်ရှိသည်ဟု ခံယူသည်နှင့်အမျှ ဤမှုခင်းအပေါ် ကမ္ဘာပေါ်ရှိနိုင်ငံများ ပူးပေါင်းတိုက်ဖျက်နိုင်ရန်အတွက် နိုင်ငံဖြတ်ကျော် အုပ်စုဖွဲ့မှုခင်းများ တိုက်ဖျက်ရေး ကွန်ဗင်းရှင်းနှင့် လူကုန်ကူးခြင်းဆိုင်ရာ နောက်ဆက်တွဲစာချုပ်ကဲ့သို့သော ၏လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ မူဝါဒ၊ နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်မှုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေ၏ နောက်ခံအကျဉ်း"ခေါင်းစဉ်ဖြင့်လည်းကောင်း ဖတ်ကြားဆွေးနွေးတင်ပြကြပြီး တက်ရောက်လာကြသူများက သိလိုသည်များကိုဆွေးနွေးမေးမြန်းကြရာစာတမ်းရှင်များက ပြန်လည်ရှင်းလင်းဖြေကြား ကလေးသူငယ်နှင့် လူငယ်များအား အထူး ကာကွယ်စောင့်ရှောက်ခြင်း" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ တရားရုံးချုပ် ညွှန်ကြားရေးမှူး ဦးထင်ဇော်က "လူကုန်ကူးမှုနှင့်စပ်လျဉ်း၍ တရားစီရင်ရေး ရှုထောင့်" ခေါင်းစဉ်ဖြင့် လည်းကောင်း ဖတ်ကြား ဆွေးနွေးတင်ပြကြပြီး တက်ရောက်လာကြသူများက သိလိုသည်များကို ဆွေးနွေး နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးယန္တရားများ တည်ဆောက်ခဲ့ကြောင်း၊ ယနေ့ အခမ်းအနားမှာရှိနေကြသည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ စီမံချက်များသည် ဤကွန်ဗင်းရှင်းပါ အချက်အလက်များ အကောင်အထည်ဖော်ရာ၌ ကူညီပံ့ပိုးရန်အသင့်ရှိနေကြကြောင်း။

ဒေသဆိုင်ရာအဆင့်တွင် အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းပြီး 'မဲခေါင်မြစ်ဝှမ်းဒေသနိုင်ငံများ လူကုန်ကူးခြင်း တိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှု' လုပ်ငန်းဖြစ်သည့် COMMIT လုပ်ငန်းစဉ်၏ အဖွဲ့ဝင်နိုင်ငံအဖြစ်၊ COMMIT နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ပြီး လူကုန်ကူးခြင်း တိုက်ဖျက်ရေး ဒေသအဆင့်လုပ်ငန်းစီမံကိန်း ရေးဆွဲရာတွင် ပါဝင်ခဲ့ကြောင်း၊ နောက်ဆုံးအနေဖြင့် ယနေ့အမျိုးသားအဆင့်နီးနှောဖလှယ်ပွဲကြီးမှာ ဆွေးနွေးကြမှာဖြစ်သည့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေ ရေးဆွဲပြဋ္ဌာန်းခဲ့ခြင်းပင်ဖြစ်ကြောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဦးဆောင်ပြီး ဆောင်ရွက်ခဲ့သည့် ဥပဒေရေးဆွဲရေးမှာ မြန်မာနိုင်ငံတော်အစိုးရ၏ စဉ်ဆက်မပြတ် အာရုံစိုက်ပံ့ပိုးပေးခဲ့မှုများကို တွေ့ရှိရသည်မှာ အလွန်မှ အားတက်ဖွယ်ရာဖြစ်ကြောင်း။

ဤဆွေးနွေးပွဲကြီးကနေ ဥပဒေကိုထိရောက်စွာ အကောင်အထည်ဖော်ရေးအတွက် လက်တွေ့အထောက်အကူပြုမည့် အကြံပြုချက်များ ရရှိလာလိမ့်မည်ဟု မျှော်လင့်ပါကြောင်းဖြင့်ပြောကြားပြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေဆိုင်ရာ အမျိုးသားအဆင့် နီးနှောဖလှယ်ပွဲဖွင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်မောင်ဦးနှင့် အဖွဲ့ဝင်များ၊ နီးနှောဖလှယ်ပွဲသဘာပတိအဖွဲ့ အဖွဲ့ဝင်များ၊ စာတမ်းရှင်များ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ သံတမန်အဖွဲ့နာယက ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး အမှူးပြုသော သံတမန်များ၊ မြန်မာနိုင်ငံရှိ ကုလသမဂ္ဂအဖွဲ့အစည်းများ၏ ညှိနှိုင်းရေးမှူး အမှူးပြုသော ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များသည် မှတ်တမ်းတင်ဓာတ်ပုံများရိုက်ကြသည်။ **(သတင်းစဉ်)**

လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေဆိုင်ရာ အမျိုးသားအဆင့် နီးနှောဖလှယ်ပွဲကို ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပစဉ်။ (သတင်းစဉ်)

ကွန်ပျူတာ လုပ်ငန်းရှင်အသင်း ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၈

မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းက ကြီးမှူးကျင်းပမည့် Chlanges and Opportunity in ICT Industry ဟောပြောပွဲကို မောင်စူးစမ်းက မတ် ၄ရက်(စနေနေ့)နံနက် ၉နာရီခွဲတွင် Myanmar Info-Tech (Room-205)တွင် ဟောပြောဆွေးနွေးမည်ဖြစ်ရာ မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းဝင်များနှင့်တကွ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြသည်။ တက်ရောက်လိုသူများသည် မြန်မာနိုင်ငံ ကွန်ပျူတာ လုပ်ငန်းရှင်အသင်းရုံးခန်း Myanmar Info-Tech (လှိုင်တက္ကသိုလ်နယ်မြေ) ဖုန်း-၆၅၂၂၃၈ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

သာယာမည်

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

သန့်ရှင်းကျန်းမာကြစေဖို့ သန့်လေးသန့်ဖြင့် ဆောင်ရွက်စို့

ဒေါက်တာခင်မောင်လွင်

မြန်မာနိုင်ငံရဲ့ ကျန်းမာရေးဆောင်ရွက်မှုတွေထဲမှာ အာရှဒေသသာမက ကမ္ဘာကပါ စိတ်ဝင်စားနေတဲ့ အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှုများအကြောင်းကို တင်ပြလိုပါတယ်။

၁၉၉၈ ခုနှစ်ကတည်းက စတင်ခဲ့တဲ့ အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှုဟာ အခုဆိုရင် နဝမအကြိမ်တိုင် ရောက်ခဲ့ပြီဖြစ်ပါတယ်။ ကမ္ဘာ့နိုင်ငံတွေထဲမှာ မြန်မာနိုင်ငံအနေနဲ့ ရှေ့ဦးတီထွင်ဆောင်ရွက်ခဲ့တဲ့ အမျိုးသားရေးလှုပ်ရှားမှုကြီးဖြစ်ပြီး ဒီအောင်မြင်မှုကို အကြောင်းပြုလို့ ကမ္ဘာ့နိုင်ငံအတော် များများမှာ အတုယူလှုပ်ရှားလာကြတဲ့ လုပ်ငန်းလဲဖြစ်လာပါတယ်။

ကမ္ဘာကစိတ်ဝင်စားလောက်အောင် ထူးကဲတဲ့ အချက်တွေရှိပါတယ်။

* **တစ်နိုင်ငံလုံးမှာ ယင်လုံအိမ်သာလွှမ်းခြုံမှု အများဆုံးနဲ့ အမြန်ဆုံးတိုးမြှင့်နိုင်စွမ်းရှိတယ်။**
* **နိုင်ငံတော်က ချမှတ်ပေးတဲ့ မူဝါဒကို ပြည်သူတစ်ရပ်လုံးက လက်တွေ့အကောင်အထည်ဖော်နိုင်စွမ်း ရှိတယ်။**
* **ကိုယ့်အားကိုယ်ကိုးပြီး ထိထိရောက်ရောက် ဆောင်ရွက်နိုင်စွမ်းရှိတယ်။**
* **ယင်လုံအိမ်သာနဲ့အတူ ရေကောင်းရေသန့်ရရှိရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေး၊ အစားအစာသန့်ရှင်းရေးဆိုတဲ့ သန့်လေးသန့်လုပ်ငန်းများကိုပါ ပူးတွဲဆောင်ရွက်နိုင်စွမ်းရှိတယ်**ဆိုတဲ့ အချက်တွေပါပဲ။

ပထမဦးဆုံးအချက်ဖြစ်တဲ့ ယင်လုံအိမ်သာ လွှမ်းခြုံမှုအပိုင်းမှာ အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှုတွေ မစတင်ခင်က ၄၀ ရာခိုင်နှုန်းလောက်ပဲရှိခဲ့ရာက ယခုဆိုရင် ၈၀ ရာခိုင်နှုန်းကျော်ကျော် လွှမ်းခြုံနိုင်ပြီဖြစ်ပါတယ်။ ကိုးနှစ်တာကာလအတွင်းမှာ နှစ်ဆတိုးသွားတဲ့ သဘောပါပဲ။ ဖွံ့ဖြိုးဆဲနိုင်ငံတွေရဲ့ ယင်လုံအိမ်သာ လွှမ်းခြုံမှုနှုန်းထားတွေကို ယှဉ်ကြည့်တဲ့အခါ မြန်မာနိုင်ငံဟာ အချိန်အတိုဆုံး၊ အမြန်ဆုံးနဲ့ အမြင့်ဆုံးတိုးတက်မှုနှုန်းထားရရှိခဲ့တာကို တွေ့ရပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနရဲ့ စာရင်းဇယားများကို ချိန်ထိုးဆန်းစစ်ကြည့်ဖို့ ပြည်တွင်း၊ ပြည်ပသုတေသနအဖွဲ့အစည်းများက အောက်ခြေအထိ ကွင်းဆင်းကြည့်တဲ့အခါမှာလည်း မှန်ကန်မှုရှိကြောင်း တွေ့ရပါတယ်။

အလွန်ကျယ်ပြန့်တဲ့ တစ်ကိုယ်ရေ သန့်ရှင်းရေးကဏ္ဍထဲက အချက်ကလေး တစ်ချက်သာဖြစ်တဲ့ လက်ကို ဆပ်ပြာနဲ့ စင်စင်ဆေးတဲ့ အကျင့်တစ်ခု ကျင့်သုံးရုံနဲ့ ရောဂါအန္တရာယ် ပေါင်းများစွာကို ကာကွယ်ပြီးသား ဖြစ်သွားပါတယ်. . .

ယင်လုံအိမ်သာလွှမ်းခြုံမှုဟာ ၈၀ရာခိုင်နှုန်းကျော် ရှိလာတာမှန်သော်လည်း လက်တွေ့မှာ အိမ်သာပြိုပျက်မှုတွေ ရှိနေတာကြောင့် ၇၀ ရာခိုင်နှုန်းလောက်သာ ယင်လုံပြီး ကျန်တဲ့ ၁၀ရာခိုင်နှုန်းက ယင်မလုံအိမ်သာတွေ ဖြစ်နေတဲ့အတွက် ဆဋ္ဌမအကြိမ်မြောက် အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေး ရက်သတ္တပတ် လှုပ်ရှားမှုကတည်းက ယင်လုံအိမ်သာအသစ် ဆောက်လုပ်ရန် စည်းရုံးလှုံ့ဆော်မှုနှင့်အတူ ရှိပြီးသားအိမ်သာတွေ ယင်မလုံတာကို ယင်လုံအောင်ပြုပြင်ဖို့ပါ တစ်ပြိုင်တည်း ဆော်ဩဆောင်ရွက်ခဲ့တဲ့အတွက် ယင်လုံအိမ်သာစု အရေအတွက်သာမက အရည်အသွေးပါ မြင့်မားလာခဲ့ပါတော့တယ်။

၂၀၀၄ ခုနှစ် သတ္တမအကြိမ်မှာတော့ ယင်လုံအိမ်သာအဆင့်ကနေ ပိုပြီးမြင့်မားအောင် စဉ်းစားကြံဆောင်နိုင်ဖို့ တွန်းအားပေးတဲ့အနေနဲ့ **“တစ်သက်တာကျန်းမာဖို့၊ သန့်ရှင်းအိမ်သာသုံးကြစို့”** ဆိုတဲ့ ဆောင်ပုဒ်ကို ရွေးချယ်စဉ်းစား အကောင်အထည်ဖော်လာခဲ့တာ ယခုတိုင်ပဲဖြစ်ပါတယ်။ **“ယင်လုံအိမ်သာ”** ဆိုတာက ရုပ်ဝတ္ထုတစ်ခုသာဖြစ်ပါတယ်။ ဆောက်ရတာလဲ မခက်ခဲပါဘူး။ **“သန့်ရှင်းအိမ်သာ”** ဖြစ်ဖို့ကတော့ ရုပ်ဝတ္ထုဖြစ်တဲ့ အိမ်သာတစ်ခုကောင်းရုံနဲ့ မပြီးဘဲ သန့်သန့်ရှင်းရှင်း သုံးတတ်တဲ့ အမူအကျင့်၊ အိမ်သာကို ပုံမှန်သန့်ရှင်းလေ့ရှိတဲ့ အမူအကျင့်၊ သန့်ရှင်းတဲ့ အိမ်သာဟာ မိသားစုကျန်းမာရေးအတွက် အရေးကြီးတယ်ဆိုတဲ့ ယုံကြည်မှု၊ ဦးစားပေးမှု၊ ရင်းနှီးမြှုပ်နှံမှုတွေ ပါလာပါတယ်။

တကယ်သန့်ရှင်းတဲ့ အိမ်သာဖြစ်ချင်ရင် တကယ်ဂရုစိုက်ရပါတယ်။ အိမ်သာဆောက်ပုံဆောက်နည်း၊ အိမ်သာဆောက်ရာမှာ သုံးစွဲတဲ့ပစ္စည်း၊ အိမ်သာသုံးဓလေ့၊ အိမ်သာသန့်ရှင်းမှုနည်းစနစ်ကအစ ကိုယ့်ဒေသအခြေအနေနဲ့ လိုက်လျောညီထွေဖြစ်အောင် ရွေးချယ်ဖို့လိုလာပါတယ်။ အိမ်သာသုံးဓလေ့တွေ ကျန်းမာရေးနှင့်ညီအောင် ပြုပြင်ပြောင်းလဲဖို့လိုလာပါတယ်။ ကိုယ့်မိသားစုဝင်တွေအားလုံး ယင်လုံ အိမ်သာကို စနစ်တကျ သုံးတတ်လာအောင် လေ့ကျင့်သင်ကြားပေးခြင်း၊ စည်းကမ်းကြပ်မတ်ခြင်း၊ အိမ်ထောင်ဦးစီး၊ အိမ်ရှင်မ စတဲ့ သူတွေကိုယ်တိုင်က စံနမူနာပြဆောင်ရွက်ခြင်းတွေ လုပ်ကြရပါတယ်။

ယင်လုံအိမ်သာတစ်လုံးဖြစ်ဖို့ မလွယ်ပါဘူး။ သန့်ရှင်းအိမ်သာအဖြစ် ရေရှည်ထိန်းသိမ်းဖို့က ပိုလို့ ခက်ခဲပါတယ်။ ဒါတွေကို ကျွန်တော်တို့ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြပါတယ်။ အကြောင်းရင်းကတော့ **“နိုင်ငံတော်က ချမှတ်ပေးလိုက်တဲ့ မူဝါဒကို ပြည်သူတစ်ရပ်လုံးက လက်တွေ့အကောင်အထည်ဖော်နိုင်စွမ်း”** ရှိလို့ပါပဲ။ မြန်မာနိုင်ငံမှာတော့ ပထမအကြိမ် လှုပ်ရှားမှုမှာတင် ယင်လုံအိမ်သာပေါင်း တစ်သန်းနီးပါးလောက် ဆောက်လိုက်နိုင်တဲ့အတွက် နိုင်ငံတကာက အံ့ဩရတာဖြစ်ပါတယ်။ လေ့လာရေးအဖွဲ့တွေလွှတ်ပြီး လေ့လာ ကြတဲ့ နိုင်ငံတွေလဲ ရှိပါတယ်။

ကျေးလက်ဒေသ လူနေမှုအဆင့်အတန်းမြင့်မားဖို့၊ ကျေးလက်ဒေသ ကျန်းမာရေးအဆင့် မြင့်မားဖို့အတွက် ယင်လုံအိမ်သာဟာ မရှိမဖြစ်လိုအပ်ချက်ပါပဲ။ မြို့ပြတွေရဲ့ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်တာဟာလည်း မစင်အညစ်အကြေး စွန့်ပစ်မှုကအစ သန့်ရှင်းတဲ့ ပတ်ဝန်းကျင်တစ်ခုကို စနစ်တကျတည်ဆောက်ဖို့ လိုရင်းပါပဲ။ ဌာနဆိုင်ရာအဖွဲ့အစည်းတွေ ပူးပေါင်းဆောင်ရွက်မှုနဲ့ တစ်နိုင်ငံလုံးမှာ လူတိုင်း ယင်လုံအိမ်သာသုံးစွဲနိုင်အောင် စည်းရုံးဆောင်ရွက်ကြရမယ်ဆိုတဲ့ မူဝါဒလမ်းညွှန်ချက်ဟာ အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေး လှုပ်ရှားမှုတွေကို မွေးဖွားစေခဲ့ပြီး ယင်လုံအိမ်သာလွှမ်းခြုံမှု အမြင့်ဆုံးနဲ့ အမြန်ဆုံး နှုန်းထားကို စံချိန်တင်နိုင်ခဲ့ခြင်းပဲ ဖြစ်ပါတယ်။

မူဝါဒလမ်းညွှန်ချက်တစ်ခုဟာ နိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ ကျေးရွာပေါင်းခြောက်သောင်းကျော်အထိ လွှမ်းခြုံရောက်ရှိနိုင်တဲ့အတွက်ကြောင့်လည်း နေရာတိုင်း၊ ဒေသတိုင်းက လူတိုင်းပါဝင်ပူးပေါင်းဆောင်ရွက်မှုကို ရခဲ့ခြင်းပဲဖြစ်ပါတယ်။ အိမ်သာတစ်လုံးကို ပျမ်းမျှကျပ်တစ်သောင်းလောက် ကုန်ကျစရိတ်ရှိပါတယ်။ တိုးဆောက်လိုက်တဲ့ အိမ်သာပေါင်းလေးသန်းရဲ့တန်ဖိုးဟာ ကျပ်ကုဋေလေးထောင်လောက်ရှိပါတယ်။ ဒီလောက်များပြားတဲ့ ရင်းနှီးမြှုပ်နှံမှုကို မြန်မာပြည်သူများက ယင်လုံအိမ်သာ ဆောက်လုပ်မှုတစ်ခုတည်းအတွက် ဖြည့်ဆည်းခဲ့ကြတာဖြစ်ပါတယ်။

ငွေကြေးတတ်နိုင်ရုံနဲ့ ဒီလိုရလဒ်မျိုးကို ရအောင်လုပ်ဖို့ မဖြစ်နိုင်ပါဘူး။ ဒီနေရာမှာ ငွေကြေးဟာအဓိကမကျဘဲ စိတ်ဓာတ်ကသာ အဓိကဖြစ်ပါတယ်။ ပြည်သူတွေရဲ့ ကိုယ့်အားကိုယ်ကိုးပြီး ကိုယ့်အသိစိတ်ဓာတ်နဲ့ ကိုယ် လုပ်တတ်တဲ့အတွက်ကြောင့်သာ ဒီလောက်ထုထည်ကြီးမားတဲ့ ရလဒ်ကို ရခဲ့တာဖြစ်ပါတယ်။ မိမိတို့ ရပ်ရွာကောင်းကျိုးကို ဆောင်ရွက်ဖို့ ဝန်မလေးတတ်တဲ့ မြန်မာ့စိတ်ဓာတ်ဟာ အတော်ပဲအရေးပါတဲ့ အဆုံးအဖြတ်ပါပဲ။ တကယ်တော့ ယင်လုံအိမ်သာဆောက်တာဟာ လူတစ်ဦး၊ မိသားတစ်စုရဲ့ ကျန်းမာရေးက အဓိကပါ။ ဒါပေမယ့် ရပ်ရွာကျန်းမာရေးနဲ့လည်း ဆက်စပ်နေပါတယ်။ ဒါကြောင့် ရပ်လုံးကျွတ်၊ ရွာလုံးကျွတ် ယင်လုံအိမ်သာဆောက်လုပ်ဖို့အတွက် လူထုလှုပ်ရှားမှုဟာ အဓိကကျပါတယ်။ တစ်ယောက်နဲ့တစ်ယောက်၊ တစ်ရွာနဲ့တစ်ရွာ ဖေးကူလက်တွဲ စည်းရုံးပြီး လုပ်သွားကြတာ များပါတယ်။

စောစောပိုင်းကတော့ ယင်လုံအိမ်သာ မဆောက်ဘူး၊ မသုံးဘူးသူ လူတွေမှာ အခက်အခဲတွေ့ပါတယ်။ ဆောက်တတ်၊ သုံးတတ်သွားတဲ့ အခါမှာတော့ တန်ဖိုးကို နားလည်သွားကြပါတယ်။ ယင်လုံအိမ်သာ တစ်လုံးရှိတာ ဂုဏ်ယူစရာပဲလို့ လက်ခံသွားတယ်။ မဆောက်ဘဲ ကျန်နေသေးတဲ့သူတွေကိုလည်း ဆောက်ချင်လာအောင် စည်းရုံးကြတယ်။ ကိုယ့်ရပ်ကိုယ့်ရွာမှာတင် အလွယ်တကူရနိုင်တဲ့ ပစ္စည်းတွေနဲ့ ဆောက်နိုင်တဲ့အတွက် မြန်မြန်ဆောက်ဖြစ်ကြပါတယ်။ ကိုယ့်ရေမြေသဘာဝနဲ့ ကိုက်ညီတဲ့ အိမ်သာပုံစံကိုလဲ ရွေးနိုင်တယ်။ ဒါကြောင့် လွယ်လွယ် ဆောက်နိုင်ပါတယ်။ တွင်းတည့်အိမ်သာ၊ တွင်းလွှဲအိမ်သာ၊ ပလတ်စတစ်၊ သစ်၊ ဝါးခွက်သုံး အိမ်သာတွေကို နှစ်သက်သလို တစ်နိုင်ဆောက်နိုင်တယ်။ ဆီလျော်တဲ့နည်းစနစ်နဲ့ ပြည်သူကို ပံ့ပိုးပေးထားခဲ့တဲ့အတွက် မခက်ပါဘူး။

လွယ်လွယ်ဆောက်တဲ့ အိမ်သာတွေဟာ လွယ်လွယ်ပဲ ပျက်သွားမှာလားလို့ စဉ်းစားစရာရှိနေပါတယ်။ သစ်ဝါးတွေနဲ့ဆောက်ရင် လွယ်လွယ် ပျက်ပါတယ်။ ပျက်သွားတာက ရုပ်ဝတ္ထုအဆောက်အအုံပါပဲ။ အိမ်သာသုံးဓလေ့ကတော့ ပျက်မသွားပါဘူး။ ကိုယ်ပိုင်အိမ်သာသုံးနေတဲ့ လူတစ်ယောက်ဟာ တောထိုင်ဖို့ ဝန်လေးသွားပါတယ်။ ဥပမာအားဖြင့် ရွာလေးတစ်ရွာအကြောင်း တင်ပြလိုပါတယ်။ အဲဒီရွာကလေးမှာ အိမ်သာ မရှိခဲ့ပါဘူး။ တောထိုင်တဲ့ဓလေ့ပဲ ရှိခဲ့ပါတယ်။ ယင်လုံအိမ်သာ စီမံချက်မှာ ပူးပေါင်းပါဝင်ခဲ့ပေမယ့် အခက်အခဲတွေ အများကြီးတွေ့ခဲ့ပါတယ်။ အိမ်သာကျင်းဟာ ငါးနှစ်ခံတယ်ဆိုပေမယ့် ကြွက်တွေတူးကြ၊ ယက်ကြဲနဲ့ တစ်ပတ်လောက်ပဲ ခံတော့တာမျိုးလဲ ကြုံရပါတယ်။ ဒါပေမယ့် သူတို့က မလျှော့ကြဘူး။ အိမ်သာကို ပိုကောင်းအောင် ပြုပြင်ကြရင်းနဲ့ အခုဆိုရင် တစ်ရွာလုံးနီးပါး အဆင့်မြင့်တဲ့ Septic tank ရေသိုးကန် အိမ်သာတွေကို သုံးနေကြပါပြီ။ ကမ္ဘာဆန်ချင်တယ်။ Globalization ဖြစ်ချင်တယ်ဆိုရင် ဒါမျိုးက အကျိုးရှိပါတယ်။

လူ့အဖွဲ့အစည်းထဲမှာ ယင်လုံအိမ်သာကို တန်ဖိုးထားမှုမရှိရင် မအောင်မြင်နိုင်ပါဘူး။ ရေရှည်ခံဖို့လဲ ခက်ပါတယ်။ ဒါကြောင့်လဲ တစ်ကမ္ဘာလုံးမှာ ထောင်စုနှစ် ရည်မှန်းချက်တစ်ရပ်အနေနဲ့ ၂၀၁၅ခုနှစ်ရောက်တဲ့အခါမှာ လောလောဆယ် ယင်လုံအိမ်သာ မရှိသူတွေရဲ့ အရေအတွက်ကို ထက်ဝက်လျှော့ချမယ်လို့ ဆုံးဖြတ်ခဲ့ကြတာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ယင်လုံအိမ်သာ ၈၀ရာခိုင်နှုန်းကျော်ရှိနေပြီမို့ ကျန်တဲ့ ၂၀ရာခိုင်နှုန်းထဲက ထက်ဝက်ဖြစ်တဲ့ ၁၀ရာခိုင်နှုန်း ယင်လုံအိမ်သာ ဆောက်လာရင် ၉၀ရာခိုင်နှုန်း လွှမ်းခြုံသွားနိုင်မှာ ဖြစ်ပါတယ်။

အိမ်တစ်အိမ်မှာ ယင်လုံအိမ်သာတစ်လုံးရှိနေရင် မိသားစုရဲ့ လူနေမှုအဆင့်အတန်းမြင့်သွားမှာ အမှန်ပါပဲ။ မိသားစုရဲ့ ကျန်းမာရေးအတွက်လဲ အထောက်အကူပြုပါတယ်။ ပိုပြီး ပြည့်စုံစေချင်ရင်တော့ ရေကောင်းရေသန့်ရဖို့၊ တစ်ကိုယ်ရေသန့်ရှင်းရေး အကျင့်ကောင်းတွေရှိဖို့၊ သန့်ရှင်းတဲ့ အစားအစာတွေကို စားသောက်နိုင်ဖို့ မိသားစုတိုင်း စီစဉ်ဆောင်ရွက်တတ်ကြဖို့ လိုပါတယ်။ ၁၉၈၀ ပြည့်လွန်နှစ်များက ကမ္ဘာပေါ်မှာ ရေသန့်ရရှိရေးအတွက် ဒေါ်လာငွေ ကုဋေပေါင်းများစွာ ရင်းနှီးမြှုပ်နှံခဲ့ဖူးတယ်။ ဒါပေမယ့် ထင်သလောက် မအောင်မြင်ခဲ့ဘူး။ ရေတွေရလာပေမယ့် ရောဂါတွေ ကျမသွားဘူး။ ပတ်ဝန်းကျင် သန့်ရှင်းရေး အထူးသဖြင့် ယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲရေးနဲ့ မတွဲရင် ရေအတွက် ရင်းနှီးမြှုပ်နှံမှုဟာ ကျန်းမာရေးအဆင့်မြင့်တဲ့အထိ ရောက်မလာနိုင်ဘူး။ ယင်လုံအိမ်သာ ဆောက်လုပ်ရေးတွေဟာလဲ ရေကောင်းရေသန့်ရရှိရေးနဲ့ မတွဲရင် ဝမ်းရောဂါ ဝဲဩဃထဲက ထွက်နိုင်ဖို့ မလွယ်ဘူး။

မြန်မာနိုင်ငံမှာ အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှု စကတည်းက ရေကောင်းရေသန့် ရရှိရေးကိုပါ ပူးတွဲပြီး ဆောင်ရွက်ခဲ့ပါတယ်။ တစ်ကိုယ်ရေသန့်ရှင်းရေး လုပ်ငန်းတွေကိုလဲ တစ်ပါတည်း တွဲပေးထားတယ်။ အိမ်သာသုံးဓလေ့တွေ၊ ရေသုံးဓလေ့တွေဟာ တစ်ကိုယ်ရေသန့်ရှင်းရေး ဓလေ့တွေနဲ့တွဲမှ အကျိုးရှိမှာဖြစ်ပါတယ်။ သီးခြားစီခွဲလုပ်လို့ မရပါဘူး။ တောထိုင်တဲ့ ဓလေ့ရှိနေတဲ့ နေရာမှာ ရေကောင်းရေသန့်ရဖို့ ခက်ပါတယ်။ ဆောက်လိုက်တဲ့ အိမ်သာတွေကလဲ ရေထုညစ်ညမ်းမှု မဖြစ်စေဖို့ သတိပြုရပါတယ်။ လူ့မစင်အညစ်အကြေးတွေထဲမှာ ပါရှိနေတဲ့ ရောဂါပိုးတွေဟာ လူတွေရဲ့ လက်၊ အစာနဲ့ ရေကနေတစ်ဆင့် ပါးစပ်ထဲကို ရောက်သွားပြီး ဝမ်းနဲ့ ပတ်သက်တဲ့ ရောဂါအမျိုးမျိုးတွေ၊ သန်ကောင်စွဲရောဂါတွေ၊ အသည်းရောင်ရောဂါ၊ အူရောင်ငန်းဖျားရောဂါ စတာတွေ ဖြစ်နိုင်ပါတယ်။ တစ်ယောက်ချင်း ဝေဒနာခံစားရတဲ့အပြင် လူအများ တစ်ပြိုင်နက် ရောဂါဖြစ်ပွားတတ်တဲ့ ကပ်ရောဂါအသွင်လဲ ဆောင်နိုင်ပါတယ်။ ဒါတွေကို ကာကွယ်ဖို့အတွက် လိုအပ်ပါတယ်။

လူ့မစင်အညစ်အကြေးတွေ ရေထဲကို၊ ပတ်ဝန်းကျင်ထဲကို ပြန့်မသွားအောင်လုပ်ဖို့ လိုတယ်။ လူ့မစင်ထဲမှာ ပေါက်ပွားတတ်တဲ့ ယင်ကောင်တွေကတစ်ဆင့် ရောဂါပြန့်မသွားအောင် လုပ်ဖို့လိုတယ်။ ယင်လုံအိမ်သာတွေ ဆောက်ကြတာဟာ ရောဂါကာကွယ်ရုံမက ဒီထက်မြင့်မားတဲ့ အကျိုးတရားတွေကိုပါ ခံစားရရှိစေနိုင်ပါတယ်။ ရေထဲမှာ ရောဂါပိုးတွေမပါအောင်၊ ကျန်းမာရေးအန္တရာယ်ရှိတဲ့ ဓာတ်ပစ္စည်းတွေမပါအောင် သေသေချာချာ စစ်ဆေးသောက်သုံးတတ်တဲ့ ပညာလဲ မိသားစုတိုင်းမှာ ရှိကြဖို့လိုပါတယ်။

အခု နဝမအကြိမ် အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေး ရက်သတ္တပတ် လှုပ်ရှားမှုနဲ့အတူ ယင်လုံအိမ်သာ မရှိသူတွေက ယင်လုံအိမ်သာ ဆောက်ကြမယ်။ အိမ်သာရှိပေမယ့် ယင်မလုံတာ၊ တွင်းပြိုတာ ဖြစ်နေရင် ပြုပြင်ကြမယ်။ ယင်လုံအိမ်သာ ရှိသူတွေအနေနဲ့လဲ သန့်ရှင်းတဲ့ ကျန်းမာရေးနဲ့ညီညွတ်တဲ့အိမ်သာ ဖြစ်လာအောင် အဆင့်မြှင့်ကြမယ်။ ရေမရတဲ့နေရာတွေမှာ ရေရအောင် လုပ်ကြမယ်။ ရေမကောင်းတဲ့ နေရာတွေမှာ ရေကောင်းအောင်လုပ်ကြမယ်။ တစ်ကိုယ်ရေ သန့်ရှင်းရေးနဲ့ အစားအစာ သန့်ရှင်းရေးကိုလဲ ဂရုစိုက်ကြမယ်ဆိုရင် စရိတ်စကသက်သာစွာနဲ့ ကျန်းကျန်းမာမာရှိမှာ အမှန်ဖြစ်ပါတယ်။

အလွန်ကျယ်ပြန့်တဲ့ တစ်ကိုယ်ရေ သန့်ရှင်းရေးကဏ္ဍထဲက အချက်ကလေး တစ်ချက်သာဖြစ်တဲ့ လက်ကို ဆပ်ပြာနဲ့ စင်စင်ဆေးတဲ့ အကျင့်တစ်ခု ကျင့်သုံးရုံနဲ့ ရောဂါအန္တရာယ်ပေါင်းများစွာကို ကာကွယ်ပြီးသား ဖြစ်သွားပါတယ်။ ဝမ်းလျှော၊ ဝမ်းပျက်ရောဂါကနေ တုပ်ကွေးရောဂါအထိ ကာကွယ်ပေးနိုင်တဲ့ အမူအကျင့်ကောင်းတစ်ခုပါပဲ။ အစားအစာတွေကို သန့်ရှင်းအောင် ချက်ပြုတ်၊ ထားသို၊ စားသောက်တတ်ခြင်းဟာလဲ မိသားစုတွင်း ပညာတစ်ရပ်ပဲ ဖြစ်ပါတယ်။ အိမ်သာသန့်၊ ရေသန့်၊ တစ်ကိုယ်ရေသန့်နဲ့အတူ အစာသန့်ကိုပါ ပေါင်းလိုက်မှ သန့် လေးသန့်နဲ့ ပြည့်စုံသွားပြီး ကျန်းမာကြမှာ ဖြစ်ပါတယ်။ ။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ရောဝတီတံတား (ရတနာပုံ)တည်ဆောက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

■ ကျောဖုံးမှ

ဆေးဝါးကုသရန် တက်ရောက်လျက်ရှိသော သက်တော်(၈၄)နှစ်၊ ဝါတော်(၆၄)ဝါရှိ မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက်(ပင်မ)နာယက ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တ ပညာသာမိဘိဝံသအား ဖူးမြော်ကန်တော့ပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ ကျန်းမာရေးအခြေအနေများ မေးမြန်းလျှောက်ထားသည်။

ကြိုဆို

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့သည် နံနက် ၈ နာရီ ၅ မိနစ်တွင် ဧရာဝတီတံတား(ရတနာပုံ)တည်ဆောက်ရေးစီမံကိန်း မန္တလေးဘက်ခြမ်းသို့ ရောက်ရှိရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ နယ်မြေခံ တပ်နယ်မှ ဗိုလ်မှူးချုပ်တင်ထွန်းအောင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ဆက်လက်၍ မန္တလေးဘက်ခြမ်း ရှင်းလင်းဆောင်၌ စီမံကိန်းတာဝန်ခံ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဌေးမြင့်က တံတားသံပေါင်ကြီးများတပ်ဆင်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

လိုအပ်သည်များမှာကြား

ထို့နောက် စစ်ကိုင်းဘက်ခြမ်းစီမံကိန်းတာဝန်ခံ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသန်းဝင်းက စစ်ကိုင်းဘက်ခြမ်း ချဉ်းကပ်လမ်းတည်ဆောက်နေမှု၊ မီးရထားလမ်း ဖောက်လုပ်နေသည့် အခြေအနေ၊ မီးရထားခုံးကျော်တံတားတည်ဆောက်မည့် အခြေအနေများကို တင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်သာအေးက ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များမှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် မန္တလေးဘက်ကမ်းမှ ရေယာဉ်ဖြင့် ထွက်ခွာပြီး တံတားတည်ဆောက်ပြီးစီးမှု အခြေအနေများကို ရေယာဉ်ပေါ်မှ ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် စစ်ကိုင်းဘက်ခြမ်း ချဉ်းကပ်လမ်းပေါ်မှ မြစ်လယ် ရေလယ်တိုင်နှင့် သံပေါင်တပ်ဆင်မှုလုပ်ငန်းများ၊ တံတားအောက်မှ မီးရထားလမ်းဖောက်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မန္တလေး-မြစ်ကြီးနား မီးရထားလမ်းကိုဖြတ်သည့် ကားလမ်းခုံးကျော်တံတား တည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကိုမှာကြားသည်။

ဧရာဝတီတံတား(ရတနာပုံ)တည်ဆောက်ရေးစီမံကိန်းတွင် တံတား ရေလယ်သံပေါင်ကြီး သုံးခုအနက် စစ်ကိုင်းဘက်ခြမ်း ရေလယ် သံပေါင်မှာ တပ်ဆင်ပြီးဖြစ်သည်။ အလယ် ရေလယ် သံပေါင်မှာ ၂၈ခန်းအနက် ၂၅ခန်း တပ်ဆင်ပြီးစီး၍ သုံးခန်းသာ တပ်ဆင်ရန် ကျန်ရှိသည်။

မန္တလေးဘက်ခြမ်း ရေလယ်သံပေါင်မှာ ၂၈ခန်းအနက် ၁၇ခန်း တပ်ဆင်ပြီးဖြစ်၍ သံပေါင်ခုံးများ တပ်ဆင်ပြီးစီးရေး အထူးကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တက်ရောက်အားပေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် စစ်ကိုင်းခရိုင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းရုံးတွင် ကျင်းပသော ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပြီးစီးမှုနှင့် ခြံစည်းရိုးကြက်ဆူပင်ပွဲခင်းပွဲတော် အခမ်းအနားသို့ တက်ရောက်အားပေးသည်။

အခမ်းအနားတွင် တိုင်းမန်နေဂျာ ဦးခင်မောင်လတ်က စစ်ကိုင်းတိုင်းအတွင်း ခြံစည်းရိုးကြက်ဆူပင် စိုက်ဧက ငါးသိန်း စိုက်ပျိုးရေးကို စီမံချက်ချ ဆောင်ရွက်လျက်ရှိကြောင်း၊ မျိုးကိုင်းဖြင့် ၇၆၁၆၂ဧက၊ မျိုးစေ့ဖြင့် ဧက ၆၀ စိုက်ပျိုးခဲ့ပြီးဖြစ်သဖြင့် လျာထားချက်၏ ၄၃ရာခိုင်နှုန်း ဆောင်ရွက်နိုင်ပြီးဖြစ်ကြောင်း ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်သာအေးက ၂၀၀၅-၂၀၀၆ခုနှစ်တွင် လျာထားချက်ပြည့်မီအောင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

အတွေ့အကြုံကိုယူ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တစ်နိုင်ငံလုံးကို ခြံစည်းရိုးကြက်ဆူပင်ဧကခုနစ်သန်းလျာထားရာ စစ်ကိုင်းတိုင်းအနေဖြင့် ဧကငါးသိန်း သတ်မှတ် လျာထားချက် အချိန်မီပြည့်မီအောင် အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မြန်မာတစ်နိုင်ငံလုံး မည်သည့်ဒေသတွင်းမဆို ခြံစည်းရိုးကြက်ဆူပင်ကို အောင်မြင်စွာ စိုက်ပျိုးနိုင်ကြောင်း၊ ခြံစည်းရိုးကြက်ဆူဆီဖြင့် လက်တွေ့ကျကျ အသုံးချနိုင်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယခုနှစ်တွင် ရရှိသည့် အတွေ့အကြုံကိုယူပြီး နောင်နှစ်တွင် ပိုမိုစိုက်ပျိုးနိုင်အောင် ကြိုးစားရမည်ဖြစ်ကြောင်းဖြင့် ကြက်ဆူဆီဖြင့် တောင်သူလယ်သမားတို့ဘဝ ထွန်းပြောင်စေရမည်ဖြစ်ကြောင်း မှာကြားသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ဗိုလ်မှူးချုပ်တင်ထွန်းအောင်တို့က ပျိုးဥယျာဉ်အတွင်း ခြံစည်းရိုး ကြက်ဆူပင်မျိုးကိုင်း၊ မျိုးစေ့များထည့် စိုက်ပျိုးပေးကြသည်။

စုပေါင်းစိုက်ပျိုး

အဆိုပါ ခြံစည်းရိုးကြက်ဆူပင် ပျိုးခင်းပွဲတော်တွင် ခြံစည်းရိုးကြက်ဆူပင် မျိုးကိုင်းနှစ်သောင်း၊ မျိုးစေ့ရှစ်သောင်း စုစုပေါင်း တစ်သိန်းကို စစ်ကိုင်းတိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်အသင်းဝင်များနှင့် ကျောင်းသူများက စုပေါင်းစိုက်ပျိုးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် နယ်မြေခံတပ်နယ်၏ ခြံစည်းရိုးကြက်ဆူပင် ပျိုးခင်းပွဲတော်သို့တက်ရောက်ပြီး တပ်အလိုက်မြေလွတ်မြေရိုင်းများတွင် တိုးချဲ့ စိုက်ပျိုးသွားရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အကျိုးအတွက် စံနမူနာပြ စိုက်ပျိုးသွားရမည်ဖြစ်ကြောင်း မှာကြားသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့သည် ခြံစည်းရိုးကြက်ဆူပင်ပျိုးပင်ငယ်ကို ထည့်စိုက်ပျိုးပေးကြသည်။

အဆိုပါ ခြံစည်းရိုးကြက်ဆူပင် ပျိုးခင်းပွဲတော်တွင် အပင်တစ်သိန်းကို တပ်နယ်အတွင်းရှိ တပ်မတော်သားများ၊ တပ်ရင်းတပ်ဖွဲ့မိသားစုများက စိုက်ပျိုးပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာန၏ ခြံစည်းရိုးကြက်ဆူပင် ပျိုးဥယျာဉ် (စစ်ကိုင်း ကောင်းမှုတော်)အတွင်းရှိ ခြံစည်းရိုးကြက်ဆူပင်ပျိုးပင်ငါးသောင်း စိုက်ပျိုးထားမှုကိုကြည့်ရှုစစ်ဆေးသည်။

ဖြည့်ဆည်းမှာကြား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် မြင်းမူမြို့နှင့် မြောင်မြို့အကြား ဧရာဝတီမြစ်ကမ်း တစ်လျှောက် နွေစပါးစိုက်ပျိုးမှုများကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ မြင်းမူမြို့နယ် ကွဲရိုက်လျှပ်စစ်မြစ်ရေတင်လုပ်ငန်းရှင်းလင်းဆောင်သို့ရောက်ရှိလာရာ ရေအရင်းအမြစ် အသုံးချရေး ဦးစီးဌာနမှ စစ်ကိုင်းတိုင်း ဦးစီးမှူး ဦးလှမင်းက လျှပ်စစ်မြစ်ရေတင်လုပ်ငန်းခြောက်ခုနှင့်စပ်လျဉ်း၍ ရှင်းလင်း တင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်သာအေးက ဖြည့်စွက် ရှင်းလင်းတင်ပြသည်။ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က မြင်းမူမြို့နယ်နှင့် မြောင်မြို့နယ်ကြားရှိ ဧရာဝတီတာပတ်လမ်းတစ်လျှောက်တွင် မိုးစပါး၊ နွေစပါးစိုက်ပျိုးမှုဖြင့် ထာဝစဉ် စိမ်းလန်းစိုပြည်ရေး စိုက်ပျိုးသွားကြရန် ဖြည့်ဆည်းမှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် ကွဲရိုက်လျှပ်စစ်မြစ်ရေတင်လုပ်ငန်း၏ ရေပေးဝေမှု မြောင်းလက်တက်များကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် မြင်းမူမြို့နယ်နှင့် မြောင်မြို့နယ်ကြား ဧရာဝတီတာပတ်လမ်းဘေးဝဲယာတွင် လက္ကပင်လျှပ်စစ်မြစ်ရေတင်လုပ်ငန်း ရေပေးဝေမှုဖြင့် နွေစပါးများစိုက်ပျိုးထားမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

မြေလပ်မကျန်စိုက်ပျိုး

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် ဧရာဝတီတာပတ်လမ်းပေါ်တွင် လက္ကပင်ကျေးရွာတောင်သူဦးကြီးများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တောင်သူဦးကြီးများက မိုးစပါး၊ နွေစပါးစိုက်ပျိုးခြင်းအပြင် အကျိုးဖြစ်ထွန်းသော ခြံစည်းရိုးကြက်ဆူပင်များ မြေလပ်မကျန် စိုက်ပျိုးကြရန်မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် မြောင်မြို့နယ် ဆင်ဂေါင်းတောင်ဒေသ ကျောက်နဂါး ရေလှောင်တမံသို့ ရောက်ရှိရာ စစ်ကိုင်းခရိုင် စိုက်ပျိုးရေးမန်နေဂျာ ဦးမျိုးညွန့်က ကျောက်နဂါးရေလှောင်တမံတွင် ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးမှုအခြေအနေကို တင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်သာအေးကဖြည့်စွက်ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် ဆင်ဂေါင်းတောင်ဒေသ ကျောက်နဂါးရေလှောင်တမံကုန်းတွင် မြောင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၏ကြက်ဆူအစေ့ချပျိုးပင်၁၃၄၀၊ ကိုင်းပျိုးပင် ၁၃၄နှင့် ကျောက်နဂါးကုန်းဂေါပကအဖွဲ့ဝင် ဦးဟန်တင်၏ခြံစည်းရိုးကြက်ဆူပင်ပျိုးဥယျာဉ်နှင့် လာမည့်မိုးရာသီတွင် စိုက်ပျိုးမည့်ပျိုးပင်ပေါင်း သုံးသောင်းအတွက် တစ်ပေ ပတ်လည် တွင်း ၁၂၆၀၀ တူးဖော်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း တိုင်းရောင်းဝယ်ရေးအရာရှိရုံး(က) လုပ်ငန်းအဆင့်(ချင်းပြည်နယ်/စစ်ကိုင်းတိုင်း) မုံရွာမြို့၏ ကြက်ဆူအစေ့ချ ပျိုးခင်း ပျိုးပင် ၁၀၀၀၀နှင့် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးနိုင်သည့် ကျောက်နဂါးကုန်းဝဲယာရှိမြေလွတ်မြေရိုင်းများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် မုံရွာမြို့ စက်မှုဇုန်သို့ရောက်ရှိပြီး သီဟထွန်းကုမ္ပဏီလီမိတက်၏ သံရည်ကျိုနှင့် စက်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ ချင်းတွင်းရတနာခန်းမ၌ ကျင်းပသည့် ခြံစည်းရိုးကြက်ဆူပင် ပျိုးဥယျာဉ်ပွဲတော်ကို တက်ရောက်အားပေးပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ခြံစည်းရိုးကြက်ဆူဆီမှ ဇီဝဒီဇယ်ဆီအဖြစ် သုံးစွဲနိုင်သည်သာမက ကြိတ်ဖတ်ကိုလည်း သဘာဝမြေဩဇာအဖြစ် အသုံးပြုနိုင်သဖြင့် စိမ်းလန်းစိုပြည်ရေးကိုလည်း အထောက်အကူ ပြုမှာဖြစ်ကြောင်း၊ စက်မှုလုပ်ငန်းရှင်များအနေဖြင့် စက်မှုလုပ်ငန်း တိုးတက်ရေးကို ပါဝင်ဆောင်ရွက်သကဲ့သို့ တစ်ဖက်တွင်လည်း ခြံစည်းရိုးကြက်ဆူပင် ပါဝင်စိုက်ပျိုးလာသဖြင့် နိုင်ငံတော်အတွက် အကျိုးများမှာဖြစ်ကြောင်း၊ စက်မှုလုပ်ငန်းရှင်များ ခြံစည်းရိုးကြက်ဆူဆီ ထုတ်လုပ်သည့် စွမ်းအားပြည့်ကြိတ်စက်များ တီထွင်ထုတ်လုပ်သွားရန် တိုက်တွန်းမှာကြားပြီး သီဟထွန်းကုမ္ပဏီလီမိတက်၏ ခြံစည်းရိုးကြက်ဆူပင်ပျိုးဥယျာဉ်တွင် မျိုးကိုင်းထည့် စိုက်ပေးကြသည်။

လက်တွေ့သရုပ်ပြသ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့သည် ခြံစည်းရိုးကြက်ဆူဆီဖြင့် ဆီမီးခွက်၊ မီးဖို၊ ကြက်ဆူစေ့အခွံခွာစက်၊ ကြက်ဆူဆီညှစ်စက်၊ ကြက်ဆူဆီကြိတ်စက်၊ မီးစက်၊တစ်လုံးထိုး အသံငြိမ်မီးစက်၊ လယ်ယာသုံးရေတင်စက်၊ လက်တွန်းထွန်းစက်၊ စက်မှုဇုန်ထုတ်ဂျစ်ကားများ၊ လေးဘီးထွန်စက်များ လက်တွေ့သရုပ်ပြသမှုကို ကြည့်ရှုစစ်ဆေးပြီး မုံရွာစက်မှုဇုန်မှ ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

အမှတ်(၁)တပ်မတော်သားဖွားမီးယပ်နှင့် ကလေးဆေးရုံသို့နို့မှုန့်လှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားလျက် အမှတ်(၁) တပ်မတော်သားဖွားမီးယပ်နှင့် ကလေးဆေးရုံ (ခုတင်-၃၀၀)ရှိ ကလေးများအတွက် ပြည်လမ်း ရန်ကုန်မြို့ရှိ Mo Asia Co., Ltd.(DUMEX) မှဒေါက်တာဗျူတီကြည်နှင့် အဖွဲ့မှ ငွေကျပ် ၃၅၀၀၀၀တန်ဖိုးရှိ နို့မှုန့်များကိုယနေ့နံနက်ပိုင်းတွင် လာရောက်လှူဒါန်းရာ ယာယီတပ်မှူး ပါမောက္ခ ဒုတိယဗိုလ်မှူးကြီးကျော်ညွန့် **(အောက်ပုံ)**က လက်ခံပြီး ကျေးဇူးတင်စကား ပြောကြား၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် သစ်တောဦးစီးဌာန မြန်မာနိုင်ငံ သစ်တောကျောင်း နှစ်(၁၀၀) ပြည့် သစ်တောကျောင်းဆင်းပွဲတွင် ထူးချွန်ဆုရ ကျောင်းသားအား ဆုချီးမြှင့်စဉ်။ (သစ်တောရေးရာ)

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် နှစ်(၁၀၀)ပြည့် သစ်တောကျောင်းဆင်းပွဲ တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဖေဖော်ဝါရီ ၂၈

သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန မြန်မာနိုင်ငံ သစ်တောကျောင်း နှစ်(၁၀၀)ပြည့် သစ်တောကျောင်းဆင်းပွဲကို ယမန်နေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့ရှိ သစ်တောကျောင်း၌ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ ပြင်ဦးလွင်တပ်နယ်မှူး စစ်တက္ကသိုလ်ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်ညီညီထွန်းနှင့် ပြင်ဦးလွင်တပ်နယ်မှ အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ သစ်တောဦးစီးဌာနမှ အငြိမ်းစား အရာရှိကြီးများ၊ ကျောင်းဆင်း သင်တန်းသားများ၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

ရှေးဦးစွာ အလံတော်အဖွဲ့နှင့် ကျောင်းဆင်းတပ်ခွဲများသည် စစ်ရေးပြကွင်းအတွင်းသို့ စစ်ကြောင်းများဖြင့် ချီတက်နေရာယူကြသည်။ ထို့နောက် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ကျောင်းဆင်းတပ်ခွဲများ၏ အလေးပြုမှုခံယူပြီး ထူးချွန်ဆုရ ကျောင်းသားများအား ဆုချီးမြှင့်သည်။ ထို့နောက် ဝန်ကြီးက သင်တန်းဆင်း မိန့်ခွန်းပြောကြားသည်။ ဆက်လက်ပြီး ကျောင်းဆင်းတပ်ခွဲများက ဝန်ကြီးအား ချီတက်အလေးပြုပြီး စစ်ရေးပြကွင်းအတွင်းမှ ထွက်ခွာကြသည်။

ထို့နောက် ဝန်ကြီးသည် မြန်မာနိုင်ငံ သစ်တောကျောင်း ကျွန်းရတနာခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံ သစ်တောကျောင်း နှစ်(၁၀၀)ပြည့် ကျောင်းဆင်းအောင်လက်မှတ် ပေးအပ်ချီးမြှင့်ပွဲ အခမ်းအနားကို တက်ရောက် အမှာစကားပြောကြားပြီး ဘာသာရပ်အလိုက် ဆုရရှိသူများကို ဌာနဆိုင်ရာအကြီးအကဲများက ဆုများ ပေးအပ်ချီးမြှင့်သည်။ ထို့နောက် ကျောင်းအုပ်ကြီးက သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီရုံးခန်းတွင် အမှတ် ၅၄ ပျဉ်းကတိုးလမ်း ၃၄ ရပ်ကွက် ဒဂုံမြို့သစ်(မြောက်ပိုင်း)နေ ဦးဝင်းဖေ-ဒေါ်အေးအေးမြင့် သားသမီး မြေးတစ်စုက အလှူငွေကျပ် နှစ်သိန်းကို ကျောင်းဖြစ်မြောက်ရေးကော်မတီ အတွင်းရေးမှူး ဦးမောင်မောင်မြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မြစိမ်းတောင်ညို တောရကျောင်းတိုက် ဗုဒ္ဓပူဇနီယပွဲတော်

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် ပန်းပင်တန်းအုပ်စု မြစိမ်းတောင်ညို တောရကျောင်းတိုက်တွင် (၂၇)ကြိမ်မြောက် မဟာပဋ္ဌာန်း ပူဇော်ပွဲနှင့် (၃၆)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို ၁၃၆၇ ခု တပေါင်းလဆန်း ၈ ရက် (မတ် ၆ ရက်)မှ တပေါင်းလပြည့်ကျော် ၁ ရက် (မတ် ၁၄ ရက်)အထိ ကိုးရက်တိုင် ကျင်းပမည်ဖြစ်ပြီး တပေါင်းလပြည့်နေ့ (မတ် ၁၃ ရက်) နံနက် ၈ နာရီတွင် နဂါးရုံဘုရားအား ဗုဒ္ဓါဘိသေက အနေကဇာတင်ပူဇော်မည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

မြန်မာလိဂ်အဆင့်မြင့်တန်းအမှတ်ပေးဘောလုံးပြိုင်ပွဲ ဆောက်လုပ်ရေးနှင့် စွန်ရဲအသင်းတို့ အနိုင်ရရှိ

ရန်ကုန် ဖေဖော်ဝါရီ ၂၈

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၅-၂၀၀၆ ခုနှစ် ဘောလုံးရာသီ မြန်မာလိဂ် အဆင့်မြင့်တန်းအမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ ညနေ ၃ နာရီခွဲက အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပရာ စွန်ရဲအသင်းက ကာကွယ်ရေးဝန်ကြီးဌာနအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ဦးဆောင်ဂိုးသွင်းယူပြီး ပထမပိုင်း၌ တစ်ဂိုးအသာဖြင့် ဦးဆောင်နိုင်ခဲ့သော်လည်း စွန်ရဲအသင်းက ဒုတိယပိုင်း၌ ချေပဂိုးနှင့် အနိုင်ဂိုးသွင်းယူခဲ့ခြင်းဖြစ်သည်။ ကာကွယ်ရေးဝန်ကြီးဌာနအသင်းအတွက် ဦးဆောင်ဂိုးကို ပွဲချိန် ၂၄ မိနစ်တွင် လှထွန်းအောင်ကသွင်းယူပေးသည်။ စွန်ရဲအသင်းအတွက် ပထမဂိုးကို ပွဲချိန် ၆၂ မိနစ်တွင် အောင်သူဝင်းကလည်းကောင်း၊ ဒုတိယဂိုးကို ပွဲချိန် ၇၁ မိနစ်တွင် မင်းကိုကိုကလည်းကောင်း သွင်းယူပေးသည်။

ဆောက်လုပ်ရေးနိုင်

လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ ဆောက်လုပ်ရေးအသင်းနှင့် စီးပွား/ကူးသန်းအသင်းတို့ ယှဉ်ပြိုင်ကစားရာ ဆောက်လုပ်ရေးအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ ဆောက်လုပ်ရေးအသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို ပထမပိုင်း၌ ထွန်းလင်းအောင်က သွင်းယူပေးသည်။

ယမန်နေ့က ဘဏ္ဍာ/အခွန်နှင့် ပို့ဆောင်ရေးတို့ သရေပွဲဖြစ်သွား၍ ချန်ပီယံဆုအတွက် မျှော်လင့်ချက်ရေးရေးပေါ်လာသော စီးပွား/ကူးသန်းအသင်းသည် ပထမဆုံး ရှုံးပွဲနှင့်ရင်ဆိုင်လိုက်ရသဖြင့် ဒုတိယဆုနှင့်သာ ကျေနပ်ရမည့် အနေအထားဖြစ်သွားသည်။

ယနေ့ပွဲ

မတ် ၁ ရက် **(ယနေ့)** ညနေ ၃ နာရီခွဲတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ တံခွန်အသင်းနှင့် ရထားပို့ဆောင်ရေးအသင်း၊ လူငယ်အားကစားလေ့ကျင့်ရေး စခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ လယ်ယာထွက်ကုန်အသင်းနှင့် တပ်မတော်(ကြည်း)အသင်းတို့ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။ **(မြန်မာ့အလင်း)**

မြန်မာလိဂ် အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပွဲများကို ဆက်လက် ကျင်းပရာ စီးပွား/ကူးသန်းအသင်းမှ မာလ၏ ထိုးဖောက်မှုကို ဆောက်လုပ် ရေးအသင်း နောက်တန်းမှ ပိတ်ဆို့ကာကွယ်စဉ်။

မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်မျိုးမြင့်၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်နိုင်နှင့်အမှုဆောင်များ ၂၀၀၆ ခုနှစ် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား ဟော်ကီပြိုင်ပွဲတွင် ပထမရရှိသော လစရ(၄) ရန်ကုန်တိုင်း ဟော်ကီအသင်းနှင့် ဆုဖလားကြီးနှင့်အတူ ဖေဖော်ဝါရီ ၁၈ ရက်က မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

နွေရာသီဘိလိယက်နှင့်စနူကာ အားကစားသင်တန်းဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၈

အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်မှုဖြင့် နွေရာသီ ဘိလိယက်နှင့် စနူကာ အခြေခံအားကစားသင်တန်းကို မတ် ၁၄ ရက်မှစတင်၍ ရန်ကုန်မြို့ တိရစ္ဆာန်ဥယျာဉ်ဝင်းအတွင်းရှိ Game City ဘိလိယက်စင်တာတွင်ဖွင့်လှစ်မည်ဖြစ်ရာ သင်တန်းတက်ရောက်လိုကြသော အားကစားသမားများသည် အောင်ဆန်း အားကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်၌ ရုံးချိန်အတွင်း စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မြန်မာ-ပီဂျီအေနှင့် မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့ ၁၈ ကျင်းပြိုင်ပွဲ ဆက်လက်ကျင်းပ

Myanmar PGA
&
Myanmar Golf Federation
President Cup

ရန်ကုန် ဖေဖော်ဝါရီ ၂၈

မြန်မာ-ပီဂျီအေနှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်တို့က ကြီးမှူးကျင်းပသော ၂၀၀၆ ခုနှစ် မြန်မာ-ပီဂျီအေနှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကို ယနေ့နံနက် ၈ နာရီတွင် ပဲခူးတိုင်း ပဲခူးမြို့နယ် ဆယ်မိုင်ကုန်းရှိ Hanthawaddy Golf and Country Club ၌ ကျင်းပသည်။

တတိယနေ့ ၁၈ ကျင်းပြိုင်ပွဲအပြီးတွင် Professional Golfers ပြိုင်ပွဲ၌ အောင်ဝင်း (Srixon+ YCDC) က ၆၉+၇၅+၇၂ ပေါင်း ၂၁၆ ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

အောင်ဆန်းဝင်း (Srixon)က ၇၃+၇၂+၇၃ ပေါင်း ၂၁၈ ချက်ဖြင့် ဒုတိယလိုက်နေပြီး မြင့်သောင်း (Bridgestone)က ၇၇+၇၂+၇၀၊ နေလင်းထွန်း (Srixon) က ၇၄+၇၄+၇၁ နှင့် စိုးကျော်နိုင်(Srixon)က ၆၈+၇၂+၇၉ ပေါင်း ၂၁၉ ချက်စီဖြင့် တတိယလိုက်နေကြသည်။

ဦးဆောင်ကစား

အမျိုးသားအပျော်တမ်းပြိုင်ပွဲတွင် ဘိုဘိုက ၇၄+၇၈+၇၁ နှင့် နိုင်နိုင်လင်းက ၇၄+၇၅+၇၄ ပေါင်း ၂၂၃ ချက်စီဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

အောင်ဝင်း(သစ်တောရေးရာ)က ၇၈-၇၄+၇၃ နှင့် ငွေအောင်ငွေက ၇၄+၇၃+၇၈ ပေါင်း ၂၂၅ ချက်စီဖြင့် ဒုတိယလိုက်နေကြသည်။

ပါဝင်ကူညီ

ယင်းပြိုင်ပွဲ၏ Official Bank အဖြစ် KBZ Bank Ltd., Official Golf Equipment အဖြစ် KM Golf Centre၊ Official Drinking Water အဖြစ် Imperial Jade Purified Drinking Water၊ Grand Royal Special Reserve၊ Myanmar Brewery Ltd., Eden Group Co., Ltd., Hanthawaddy Golf and Country Club တို့က အသီးသီးပါဝင်ကူညီကြကာ Hole-in-One Sponsor အဖြစ် Taunggyi Gem-master Enterprises Ltd., ကဖြစ်ပြီး၊ ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ဖြစ်မြောက်အောင်မြင်ရေးအတွက် Organized by Han Event Management က တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသည်။

မတ် ၁ ရက် နံနက် ၈ နာရီတွင် စတုတ္ထနေ့ ၁၈ ကျင်းပြိုင်ပွဲကို ယင်းဂေါက်ကလပ်၌ပင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကမ္ဘာတစ်လွှား အားကစား

ဘာစီလိုနာရမှတ်တိုးချိန် ပြိုင်ဘက်များရှုံးနိမ့်ခဲ့ရ ရီးရဲမက်ဒရစ်အသင်းဥက္ကဋ္ဌ ရာထူးမှနုတ်ထွက်သွားပြီ

ဘာစီလိုနာ ဖေဖော်ဝါရီ ၂၈

ဘာစီလိုနာအသင်းသည် ဖေဖော်ဝါရီ ၂၆ ရက်က စပိန်လာလီဂါပြိုင်ပွဲများအပြီး အနီးကပ်ပြိုင်ဘက် ဗလင်စီယာနှင့် ရီးရဲမက်ဒရစ်တို့ကို ရှစ်မှတ်အသာဖြင့် ဦးဆောင်လျက်ရှိသည်။

ဗလင်စီယာနှင့် ဂီတာဖေးတို့ ယှဉ်ပြိုင်ကစားရာတွင် တစ်ဖက်တစ်ဂိုးစီသရေပွဲဖြစ်သွားခဲ့သည်။ ထိုနေ့က ရီးရဲမက်ဒရစ်အသင်းသည် ချန်ပီယံလိဂ်တွင် အာဆင်နယ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်အပြီး လေးရက်အကြာ၌ ရီးရဲမာလော့ကာအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ထပ်မံရှုံးနိမ့်ခဲ့ပြန်သည်။

ဗလင်စီယာ

ဗလင်စီယာအသင်းသည် လာလီဂါထိပ်ပိုင်းနေရာကို ဘာစီလိုနာထံမှ အနီးကပ်လိုက်၍ ရယူရန်ကြိုးစားနေသည်။ သို့ရာတွင် ဂီတာဖေးက ဗလင်စီယာ၏ ကြိုးပမ်းချက်ကိုဟန့်တားလိုက်သည်။ ယင်းအဟန့်အတားကြောင့် ဗလင်စီယာအသင်း၏ ငါးနှစ်အတွင်း တတိယမြောက် စပိန်ချန်ပီယံဖြစ်ရေး မျှော်လင့်ချက် ပြန်လည်မှေးမှိန်သွားရသည်။

အခွင့်အလမ်း

ရီးရဲမက်ဒရစ်အသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ဖလားရရှိရေး အခွင့်အလမ်းများ ရှိနေသေးသော်လည်း ၂၀၀၃ခုနှစ်ကတည်းက ငွေတံဆိပ်တစ်ခုမျှပင် ဆွတ်ခူးနိုင်ခြင်းမရှိပေ။

စပိန်နာမည်ကြီး ရီးရဲမက်ဒရစ်အသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် မာလော့ကာအသင်းကို ပထမဆုံးအကြိမ် ရှုံးနိမ့်ခြင်းဖြစ်သည်။ ရီးရဲမက်ဒရစ်အသင်း အနိုင်ရရှိရေးသည် ဘရာဇီးစူပါစတားရော်နယ်ဒို၏ ဂိုးသွင်းနိုင်မှုအပေါ် တည်မှီနေသည်။

ယင်းကဲ့သို့ ရီးရဲမက်ဒရစ်အသင်း၏ အောင်မြင်မှုများကျဆင်းနေခဲ့သဖြင့် ဖလောရင်တီနိုပီရက်ဇ်သည် ရီးရဲမက်ဒရစ်အသင်း ဥက္ကဋ္ဌအဖြစ်မှ နုတ်ထွက်သွားခဲ့သည်။

အစားထိုးမည်

အသက် ၅၈နှစ်အရွယ်ရှိပြီဖြစ်သော ပီရက်ဇ်၏နေရာတွင် ယခင် ဒုတိယဥက္ကဋ္ဌ မာနန်ဒိုမာတင်အား ချက်ချင်းဥက္ကဋ္ဌအဖြစ် အစားထိုးမည်ဖြစ်ကြောင်း သိရသည်။

ပီရက်ဇ် ရီးရဲမက်ဒရစ်အသင်းကို ကိုင်တွယ်စဉ် ရီးရဲမက်ဒရစ်အသင်းသည် ပရီမီယာလီဂါဖလား နှစ်ကြိမ်၊ ချန်ပီယံလိဂ်တစ်ကြိမ် ဗိုလ်စွဲခဲ့ဖူးသည်။ သို့ရာတွင် ရီးရဲမက်ဒရစ်အသင်းသည် ၂၀၀၃ခုနှစ်နောက်ပိုင်း ဆုဖလားတစ်လုံးတစ်လေမျှပင် ဆွတ်ခူးနိုင်ခြင်းမရှိခဲ့ပေ။ ၎င်းသည် ၂၀၀၀ ပြည့်နှစ်က ရီးရဲမက်ဒရစ်အသင်းဥက္ကဋ္ဌဖြစ်လာသူဖြစ်သည်။

အကျော်အမော်များ

၎င်းဥက္ကဋ္ဌဖြစ်လာပြီးနောက် ဘောလုံးအကျော်အမော်များ ဖြစ်ကြသည့် လူးဝစ်ဖီဂို၊ ဇီဒန်း၊ ဘရာဇီး တိုက်စစ်မှူး ရော်နယ်ဒို၊ အင်္ဂလန်အသင်းခေါင်းဆောင် ဒေးဗစ်ဘက်ခမ်းတို့ကို ငွေပုံအော၍ဝယ်ယူခဲ့သည်။ သို့ရာတွင် ရီးရဲမက်ဒရစ်အသင်းသည် နာမည်ကြီးဘောလုံးသမားများ ဝယ်ယူအားဖြည့်ခဲ့သော်လည်း မျှော်မှန်းသလောက် အောင်မြင်မှုမရခဲ့ပါချေ။ **(အင်တာနက်)**

စုစည်းတင်ပြသူ - မောင်မောင်မြင့်ဆွေ



ကားလင်းဖလား ဗိုလ်လုပွဲတွင် မန်ယူမှ ရိုင်ယန်ဂစ်နှင့် ဂိုးသွင်းသူ ရွန်နေတို့ ဤကဲ့သို့ အောင်ပွဲခံပျော်မြူးခဲ့ကြသည်။

မန်ချက်စတာယူနိုက်တက်အသင်း ဖာဂူဆန်အတွက် နှစ်သိမ့်ဖလား ယူပေးနိုင်ခဲ့ပြီ

ကာဒစ်(အင်္ဂလန်) ဖေဖော်ဝါရီ ၂၈

ကားလင်းဖလား ဗိုလ်လုပွဲတွင် မန်ချက်စတာယူနိုက်တက်အသင်းက ဝီဂန်အသင်းကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိကာ ဗိုလ်စွဲခဲ့၍ မန်ယူမန်နေဂျာ ဖာဂူဆန်တစ်ယောက် အပျော်ကြီးပျော်မြူးခဲ့သည်။

ယုံကြည်

မန်ချက်စတာယူနိုက်တက်အသင်း အနိုင်ရဗိုလ်စွဲခဲ့၍ မန်ယူအသင်းသားများ ယုံကြည်မှုကို တည်ဆောက်နိုင်ပြီဖြစ်ကြောင်း၊ အောင်ပွဲများဆက်လက်ရရှိမည်ဟု ယုံကြည်နိုင်ကြောင်း ဖာဂူဆန်က ပြောကြားသည်။

ယင်းပွဲတွင် ရွန်နေအထူးခြေစွမ်းပြကစားနိုင်၍ လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း၊ ယင်းဖလားသည် ပရီမီယာရှစ်ဖလားပြိုင်ပွဲတွင် ချယ်လ်ဆီးအသင်းက ဒုတိယအကြိမ်မြောက် ဖလားဆွတ်ခူးမည်ဖြစ်၍ မန်ယူအတွက် နှစ်သိမ့်ဖလားပင်ဖြစ်ကြောင်း၊ မန်ချက်စတာယူနိုက်တက်အသင်းမှာ ယခုနှစ်ရာသီတွင် ချန်ပီယံလိဂ်နှင့် အက်ဖ်အေဖလားပြိုင်ပွဲများမှ စောစီးစွာထွက်ခွာခဲ့ရကြောင်း ၎င်းကပြောကြားသည်။

ကာကွယ်နိုင်

ယင်းပြိုင်ပွဲသည် ဝီဂန်အသင်းအတွက် ပထမဆုံးသောအဓိကဖလား ယှဉ်ပြိုင်မှုဗိုလ်လုပွဲကြီးဖြစ်သည်။ ဗိုလ်လုပွဲတွင် မိမိအသင်းသားများ အကောင်းဆုံးခြေစွမ်းပြကစားခဲ့ကြောင်း၊ ဝီဂန်အသင်းက ပြန်လည်တိုက်စစ်ဆင် ကစားရာတွင်လည်း အကောင်းဆုံးကာကွယ်ပေးနိုင်ခဲ့ကြောင်း ဖာဂူဆန်က ပြောကြားသည်။

ပွဲအပြီးတွင် ဝီဂန်မန်နေဂျာ ပေါလ်ဂျီးဝဲလ်က ပြောကြားရာ၌ မိမိအသင်းသည် မန်ယူအသင်းကိုမယှဉ်နိုင်သည်ကို ဝန်ခံပါကြောင်း၊ မိမိတို့အသင်းသည် ချေပဂိုးများသွင်းရန် အခွင့်အလမ်းများရသော်လည်း ဂိုးရအောင်မသွင်းနိုင်ခဲ့ကြောင်း၊ ဝီဂန်အသင်းတစ်သင်းသည် ဥရောပတွင် အကောင်းဆုံးဘောလုံးအသင်းတစ်သင်းအဖြစ် ဆက်လက်ရှိနေဆဲဖြစ်ကြောင်း၊ ကားလင်းဖလားဗိုလ်လုပွဲနှင့် ပရီမီယာရှစ်တွင် ထိပ်ပိုင်းအသင်းများနေရာရောက်အောင် ကစားနိုင်၍ ကျေနပ်မိကြောင်း ပြောကြားသည်။ **(အင်တာနက်)**

ကားလင်းဖလားပွဲ မနွဲရသည့် နစ္စတယ်ရိုင်း အနာဂတ်မန်ယူတွင် ဆက်ကစားနိုင်ရေးမရေရာ

လန်ဒန် ဖေဖော်ဝါရီ ၂၈

ကားလင်းဖလား ဗိုလ်လုပွဲတွင် မန်ချက်စတာယူနိုက်တက်အသင်း မန်နေဂျာဖာဂူဆန်က နစ္စတယ်ရိုင်းအား ထည့်မကစားဘဲ ထားလိုက်မိ၍ နစ္စတယ်ရိုင်း၏ အနာဂတ်အတွက် မန်ယူနှင့်သံသယပွားလာဖွယ်ရှိသည်။

အသက် ၂၉နှစ် အရွယ်ရှိ ဟော်လန်တိုက်စစ်မှူးအား မန်နေဂျာဖာဂူဆန်က ရွန်နေနှင့် တိုက်စစ်အတွဲကစားရန် လူးဝစ်ဆာဟာကို ထည့်ကစားရေး ဆုံးဖြတ်ခဲ့သည်။

အခွင့်အရေးပေးသင့်

နစ္စတယ်ရိုင်းသည် မန်ယူနှင့် ပွဲပေါင်း၂၀၈ပွဲကစားရာတွင် ၁၄၇ဂိုး သွင်းပေးခဲ့သူဖြစ်သည်။ ယင်းကဲ့သို့ ဖာဂူဆန်က နစ္စတယ်ရိုင်းအား ထည့်မကစားခဲ့သဖြင့် နစ္စတယ်ရိုင်းမှာ စိတ်ဓာတ်အကြီးအကျယ်ကျဆင်းသွားပုံရသည်။ ဖာဂူဆန်က လူးဝစ်ဆာဟာသည် ယခုကားလင်းဖလားဗိုလ်လုပွဲနှင့် ထိုက်တန်ကြောင်း၊ ၎င်းသည် ယခုပွဲမတိုင်မီက မန်ယူအတွက် လေးပွဲတွင် ငါးဂိုးသွင်းပေးခဲ့သူဖြစ်၍ အခွင့်အရေးတစ်ရပ်ပေးသင့်ကြောင်း ပြောကြားသည်။

ရှင်းပြပြီး

လူးဝစ်ဆာဟာအား ယင်းဗိုလ်လုပွဲတွင် ထည့်ကစားရန်ထိုက်သင့်သောအခွင့် အရေးပေးသင့်ကြောင်းလည်း နစ္စတယ်ရိုင်းအားရှင်းပြပြီးဖြစ်ကြောင်းလည်း ဖာဂူဆန်က ပြောဆိုသည်။

ဆာဟာကဲ့သို့ ကစားသမားများအပေါ်အထင်သေးလျှင် သင်သည် ပြဿနာကိုဖန်တီးနေသူဖြစ်ကြောင်း ဖာဂူဆန်က နစ္စတယ်ရိုင်းအား ပြောကြားလိုက်သည်။

နစ္စတယ်ရိုင်းအား ဖာဂူဆန်က မန်ချက်စတာယူနိုက်တက်အသင်းမှ ဥရောပထိပ်တန်းကလပ်များသို့ ပြောင်းရွှေ့ရန်လည်း ပြောကြားလိုက်သည်။ သို့ရာတွင် နစ္စတယ်ရိုင်းက ဖာဂူဆန်အသစ်ပြန်ဖွဲ့စည်းမည့် မန်ချက်စတာယူနိုက်တက်အသင်းတွင် ပါဝင်လိုကြောင်း နစ္စတယ်ရိုင်းက လွန်ခဲ့သောသီတင်းပတ်တွင် တွေ့ဆုံမေးမြန်းခန်းတစ်ရပ်၌ ပြောကြားလိုက်သည်။

အသင့်ရှိ

မိမိအနေဖြင့် မန်ယူအပေါ် သစ္စာရှိကြောင်း၊ တာဝန်ပေးလျှင် မန်ယူအတွက်ကစားပေးရန်အသင့်ရှိကြောင်း နစ္စတယ်ရိုင်းကပြောကြားသည်။ မိမိ၏နေရာသည် မန်ယူတွင် ရှိနေဆဲဖြစ်ကြောင်း၊ ကန့်ကွက်မှုများ ရှိနေသော်လည်း မန်ယူနှင့်အတူ အောင်မြင်မှုများ ဆက်လက်ရရှိလိမ့်မည်ဟု ယုံကြည်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ **ကိုးကား-စထရိတ်တိုင်းမ်။**

ဒူဘိုင်းအိုးပင်းဖလားတွင် ဗိုလ်စွဲခဲ့သော ဂျူစတင်ဟာနင်အား ဆုဖလားနှင့်အတူ တွေ့ရစဉ်။

ဒူဘိုင်းအိုးပင်းဖလားတင်းနစ်ပြိုင်ပွဲ ဟာနင်ဟာဒင်း ဗိုလ်စွဲ

ဒူဘိုင်း ဖေဖော်ဝါရီ ၂၈

ဘယ်လ်ဂျီယံနိုင်ငံသူ ဂျူစတင်ဟာနင်ဟာဒင်းသည် ဒူဘိုင်းအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် သူမ၏ သြစတြေးလျအိုးပင်း တင်းနစ်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲတွင်တွေ့ဆုံပြီး အနိုင်ရခဲ့သော ရုရှားသူ မာရီယာရှာရာပိုဗာအား အနိုင်ယူပြီး ယခုနှစ်အတွင်း ဒုတိယမြောက်ဆုဖလားကြီးကို ဆွတ်ခူးနိုင်ခဲ့သည်။

ဂျူစတင်ဟာနင်က ရှာရာပိုဗာအား ၇-၅၊ ၆-၂ဖြင့် ဗိုလ်လုပွဲတွင် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ယင်းအနိုင်ရဗိုလ်စွဲမှုသည် သူမအတွက် ဒူဘိုင်းအိုးပင်းတင်းနစ်ပြိုင်ပွဲ၌ တတိယအကြိမ်ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ ၎င်းသည် လွန်ခဲ့သော ၁၂ပွဲ ယှဉ်ပြိုင်ရာတွင် ရှုံးပွဲမရှိစံချိန်တင်ထားသူလည်းဖြစ်သည်။

ဖလားနှစ်လုံး ဆွတ်ခူးထား

ဘယ်လ်ဂျီယံတင်းနစ်မယ်သည် ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင်နံပါတ်(၄) အဆင့်ရှိသူဖြစ်ပြီး ယခုနှစ်အစောပိုင်းက ဆစ်ဒနီအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ပွဲဦးထွက်ဖလားကို ဆွတ်ခူးနိုင်ခဲ့သူဖြစ်သည်။ ယခုဆွတ်ခူးနိုင်သည့်ဖလားနှင့်ဆိုပါလျှင် ယခုနှစ်တွင် ဖလားနှစ်လုံးဆွတ်ခူးထားနိုင်ပြီဖြစ်သည်။

ပြိုင်ပွဲတွင် အနိုင်ရရှိခဲ့သော်လည်း သူမသည် ယခုသီတင်းပတ်ပြိုင်ပွဲ၌ ဝမ်းဗိုက်၊ ဒူးနှင့်ပခုံးတို့တွင် ဒဏ်ရာများရရှိကာ လဲကျသွားခဲ့သည်။

ယင်းပြိုင်ပွဲသည် မိမိအတွက်တော့ အဆင့်အတန်းမြင့်သည့်ပြိုင်ပွဲကြီးတစ်ရပ်ဖြစ်ကြောင်း၊ ပထမအကျော့မှာပင် ရှာရာပိုဗာက မိမိအား ဖိကစားခဲ့ကြောင်း၊ ခက်ခဲသည့်ပြိုင်ပွဲဖြစ်ကြောင်း ဂျူစတင်ဟာနင်က ပြိုင်ပွဲအပြီး ပြောကြားသည်။

ဆက်တိုက်ရှုံးခဲ့

ရှာရာပိုဗာသည် အကြိုဗိုလ်လုပွဲ၌ ယခင်ကမ္ဘာ့နံပါတ်(၁) တင်းနစ်ကစားသမားအမေရိကန်မှလင်ဆေးဒေဗင်ပို့တ်အား အနိုင်ရခဲ့သော်လည်း လွန်ခဲ့သော တင်းနစ်ပြိုင်ပွဲများတွင် အကြိုဗိုလ်လုပွဲခြောက်ကြိမ်ဆက်တိုက်ရှုံးနိမ့်ခဲ့ရသည်။ **(အင်တာနက်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန
ပြည်လမ်း၊ ရန်ကုန်မြို့

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ဦးစီးဌာနတို့ ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့်ကျောင်းသူ၊ ကျောင်းသားများအတွက် စာမေးပွဲ အထောက်အကူပြု ဘောဂဗေဒဘာသာ သင်ခန်းစာကို ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင်တန်းစာမေးပွဲ
ဘောဂဗေဒ ဘာသာ သိမှတ်ဖွယ်ရာ

၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာရပ်နဲ့ ပတ်သက်တဲ့ သိကောင်းစရာကို နှစ်ပိုင်းခွဲပြီး ရှင်းလင်းတင်ပြပါမယ်။ ပထမအပိုင်းမှာ မေးခွန်းပုံစံကိုတင်ပြပြီး ဒုတိယပိုင်းမှာ မေးခွန်းဖြေဆိုပုံဖြေဆိုနည်းကို ရှင်းလင်းတင်ပြပါမယ်။

ဘောဂဗေဒမေးခွန်းပုံစံ

ဘောဂဗေဒမေးခွန်းလွှာကို အပိုင်း (က)နဲ့ အပိုင်း (ခ)ဆိုပြီး နှစ်ပိုင်းခွဲခြားမေးထားပါတယ်။ အပိုင်း (က) မဖြေမနေရဖြေဆိုရမယ့် မေးခွန်းနှစ်ပုဒ် မေးထားပါတယ်။ မေးခွန်းနံပါတ်(၁)နဲ့ မေးခွန်းနံပါတ်(၂) ဖြစ်ပါတယ်။ မေးခွန်းနံပါတ် (၁)ကို ထပ်ပြီး (၁က)နဲ့ (၁ခ)ဆိုပြီး ခွဲမေးထားပါတယ်။ (၁က)က ပေးထားတဲ့ ဖော်ပြချက်များကို မှား/မှန်ဖြေဆိုရမယ့် မေးခွန်းဖြစ်ပါတယ်။ မေးခွန်း(၁၀)ခု မေးထားပြီး တစ်ခုကို တစ်မှတ်စီနဲ့ စုစုပေါင်း (၁၀) မှတ်ပေးထားတဲ့ မေးခွန်းဖြစ်တယ်။ (၁ခ)ကတော့ ကွက်လပ်ဖြည့်ခိုင်းတဲ့ မေးခွန်းဖြစ်ပါတယ်။ (၁ခ)မှာလည်း မေးခွန်း(၁၀)ခုပေးထားပြီး တစ်ခုကို တစ်မှတ်စီနဲ့ စုစုပေါင်း(၁၀)မှတ် ပေးထားပါတယ်။ ဒါကြောင့် မေးခွန်းနံပါတ် (၁) အားလုံးမှန်လျှင် အမှတ်ပြည့် (၂၀)မှတ် ရနိုင်ပါတယ်။

မေးခွန်းနံပါတ်(၂)ကတော့ အဓိပ္ပာယ်ဖွင့်ဆိုချက် မေးခွန်းဖြစ်ပါတယ်။ ဒီမေးခွန်းမှာ အဓိပ္ပာယ် ဖွင့်ဆိုရမယ့် ဝေါဟာရ(၁၈)ခုပေးထားပြီး နှစ်သက်ရာ(၁၀)ခုကို ရွေးချယ်ဖြေဆိုရမှာ ဖြစ်ပါတယ်။ အဓိပ္ပာယ်ဖွင့်ဆိုချက် တစ်ခုကို (၂)မှတ်စီနဲ့ စုစုပေါင်း အမှတ်(၂၀)ပေးထားပါတယ်။ ပြဋ္ဌာန်းထားတဲ့ သင်ရိုးစာအုပ်မှာ ဖော်ပြထားတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို တိတိကျကျပြည့်ပြည့်စုံစုံ ရေးသားနိုင်လျှင် အမှတ်ပြည့် (၂၀)မှတ် ရနိုင်ပါတယ်။

ဒါကြောင့် အပိုင်း(က)မှာ မေးခွန်းနံပါတ်(၁)နဲ့ မေးခွန်းနံပါတ်(၂)နှစ်ခုပေါင်းမှာ အမှတ်(၄၀)ဖိုး ဖြစ်ပါတယ်။

အပိုင်း(ခ)မှာ စုစုပေါင်း မေးခွန်း(၄)ပုဒ်မေးထားပါတယ်။ မေးခွန်းနံပါတ်(၃)၊ (၄)၊ (၅)၊ (၆) တို့ဖြစ်ပါတယ်။ ဒီ(၄)ပုဒ်ထဲက နှစ်သက်ရာ(၃)ပုဒ်ရွေးချယ် ဖြေဆိုရမှာဖြစ်ပါတယ်။ မေးခွန်းနံပါတ်(၃)၊ (၄)၊ (၅) တို့က ပုံစံတူမေးခွန်းများ ဖြစ်ပါတယ်။ မေးခွန်းတစ်စုစီမှာ အပိုင်းနှစ်ပိုင်းစီပါဝင်ပြီး (က)အပိုင်းက မေးခွန်းရှည်၊ (ခ)အပိုင်းကမေးခွန်းတို ဖြေဆိုရန်မေးထားပါတယ်။ (ခ)အပိုင်းမှတ်စုတိုမှာ (၄)ပုဒ်မေးထားပြီး (၂)ပုဒ် ရွေးချယ်ဖြေဆိုရမှာ ဖြစ်ပါတယ်။ စာမေးပွဲဖြေဆိုသူသည် အပိုင်း(က) မေးခွန်းရှည် သို့မဟုတ် အပိုင်း(ခ) မှတ်စုတိုနှစ်ပုဒ် နှစ်သက်ရာရွေးချယ် ဖြေဆိုရမှာ ဖြစ်ပါတယ်။ အပိုင်း(က)နဲ့ အပိုင်း(ခ)နှစ်ပိုင်းစလုံး ဖြေဆိုရန် မလိုပါ။ အပိုင်း(က)မေးခွန်းရှည်တစ်ပုဒ်တည်းအတွက် အမှတ်(၂၀)ပေးထားပြီး အပိုင်း(ခ) မှတ်စုတိုအတွက် တစ်ပုဒ်လျှင်(၁၀)မှတ်နဲ့ (၂)ပုဒ်အတွက် အမှတ်(၂၀)ပေးထားပါတယ်။

နောက်ဆုံးမေးခွန်းဖြစ်တဲ့ မေးခွန်းနံပါတ်(၆)က ဥဏ်စမ်းမေးခွန်းဖြစ်ပြီး ပေးထားတဲ့ စာရင်းအင်းများကို အခြေခံပြီး မျဉ်းကွေးများရေးဆွဲခြင်း၊ တွက်ချက်သုံးသပ်ဖြေဆိုခြင်း ပြုလုပ်ရမှာ ဖြစ်ပါတယ်။ မေးခွန်းနံပါတ် (၆)မှာ မေးခွန်း (၃) ပုဒ် (က)၊ (ခ)၊ (ဂ) ပါဝင်ပြီး နှစ်သက်ရာ (၂) ပုဒ် ရွေးချယ် ဖြေဆိုရမှာ ဖြစ်ပါတယ်။ တစ်ပုဒ်ကို (၁၀)မှတ်ပေးထားပြီး (၂)ပုဒ်ကို အမှတ် (၂၀) ရနိုင်မှာဖြစ်ပါတယ်။

၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒမေးခွန်းလွှာပုံစံကို ခြုံပြီးပြောရမယ်ဆိုလျှင် မေးခွန်း (၅) မျိုးပါဝင်တဲ့ မေးခွန်း(၆)ပုဒ် မေးထားတဲ့မေးခွန်းလွှာဖြစ်ပါတယ်။ မေးခွန်း (၅) မျိုးကတော့ (၁) ဓမ္မဓိဋ္ဌာန်မေးခွန်း၊ (၂) အဓိပ္ပာယ်ဖွင့်ဆိုချက်မေးခွန်း၊ (၃) မှတ်စုတိုမေးခွန်း၊ (၄) မေးခွန်းရှည်နဲ့ (၅) မျဉ်းကွေးရေးဆွဲ၊ တွက်ချက်သုံးသပ်ရမယ့် မေးခွန်းတွေဖြစ်တယ်။ မေးထားတဲ့မေးခွန်း (၆)ပုဒ်မှာ အပိုင်း (က)မှာ ပါဝင်တဲ့ မေးခွန်းနံပါတ် (၁)နဲ့ မေးခွန်းနံပါတ် (၂)က မဖြေမနေရဖြေဆိုရမယ့် မေးခွန်းဖြစ်ပြီး အပိုင်း (ခ)မှာ ပါဝင်တဲ့ မေးခွန်း (၄)ပုဒ်မှာ နှစ်သက်ရာ (၃)ပုဒ်ကို ရွေးချယ်ဖြေဆိုရမှာဖြစ်တဲ့အတွက် စုစုပေါင်း မေးခွန်း (၅)ပုဒ် ဖြေဆိုရမှာဖြစ်ပါတယ်။

မေးခွန်းဖြေဆိုပုံဖြေဆိုနည်း

မေးခွန်းနံပါတ် (၁က)ဓမ္မဓိဋ္ဌာန်မေးခွန်းဖြစ်တဲ့ မှား/မှန် မေးခွန်းကိုဖြေတဲ့အခါ မေးခွန်းကို သေသေချာချာဖတ်ပြီး သဘောပေါက်နားလည်အောင် စဉ်းစားပြီးမှ ''မှား' သို့မဟုတ် 'မှန်'လို့ ဖြေဆိုသင့်ပါတယ်။ အဖြေမှန်နိုင်အောင် ပြဋ္ဌာန်းစာအုပ်ကို သင်ရိုးကုန်ကျေညက်အောင် ဖတ်ရှုလေ့လာမှတ်သားရန်လိုပါတယ်။ ဥပမာ 'ထုတ်လုပ်မှုအင်အားစုများသည် လူတို့၏ လိုအင်ဆန္ဒများနှင့် နှိုင်းစာလျှင် ပေါများသည်ဟု ဆိုနိုင်သည်' ဟု မေးထားပြီး မှား/မှန်ဖြေဆိုခိုင်းလျှင် အဖြေမှန်မှာ "မှား"ဖြစ်ပါတယ်။ ပြဋ္ဌာန်းစာအုပ်ရဲ့အခန်း (၁) အပိုင်း ၁–၂မှာ "ထုတ်လုပ်မှုအင်အားစုများသည် တိုင်းပြည်တွင် အကန့်အသတ်ဖြင့်သာ ရရှိနိုင်သောကြောင့်၊ ၎င်းတို့ကို အသုံးပြုပြီး ဖြည့်ဆည်းပေးရမည့်လူတို့၏ လိုအင်ဆန္ဒများနှင့် နှိုင်းစာလျှင် ရှားပါးသည်"ဟု ဖော်ပြထားကြောင်းကို သတိပြုနိုင်ပါသည်။ မေးထားသည့်မေးခွန်းမှာ အဖြေမှန်ကို ဆန့်ကျင်နေလို့ "မှား"လို့ ဖြေဆိုရမှာဖြစ်ပါတယ်။

မေးခွန်းနံပါတ် (၁ ခ) ကွက်လပ်ဖြည့်မေးခွန်းကို ဖြေဆိုနိုင်ရန်လည်း ပြဋ္ဌာန်းစာအုပ်ကို သင်ရိုးကုန်ကျေညက်အောင် ဖတ်ရှုလေ့လာမှတ်သားထားဖို့လိုပါတယ်။ ပေးထားတဲ့စာကြောင်းရဲ့ ကွက်လပ်ထဲမှာတိကျတဲ့ စကားလုံးများကိုသာရေးရမှာဖြစ်ပါတယ်။ ဥပမာ "မျက်မှောက်ခေတ်ကာလတွင် ကုန်စည်ထုတ်လုပ်သူများသည် စားသုံးသူများ၏ –––––––ကို နည်းအမျိုးမျိုးဖြင့် ကြော်ငြာ၍ ဆွဲဆောင်လေ့ရှိသည်"လို့ ပေးထားလျှင် ကွက်လပ်ထဲမှာ ဖြည့်ရမည့်စကားစုက "ကြိုက်နှစ်သက်မှု" ဖြစ်ပါတယ်။ နောက်ဥပမာတစ်ခုထပ်ပေးရမယ်။ "အခြားကုန်စည်တစ်ခု၏ ဈေးနှုန်းတက်လာခြင်းကြောင့် လေ့လာနေသည့်ကုန်စည်၏ ဈေးနှုန်း မပြောင်းလဲဘဲ ဝယ်ယူသည့်အရေအတွက်များလာလျှင် ထိုကုန်စည် နှစ်ခုသည် –––––––များဖြစ်ကြသည်" လို့ ပေးထားလျှင် ကွက်လပ်ထဲမှ ဖြည့်စွက်ရမည့်အဖြေမှန်မှာ "အစားထိုးကုန်စည်များ"ဖြစ်ပါသည်။ "အစားထိုး"လို့ ဖြေလျှင် မပြည့်စုံတဲ့အတွက် အမှတ်ရမှာမဟုတ်ပါ။ မေးခွန်းနံပါတ် (၂)အဓိပ္ပာယ်ဖွင့်ဆိုချက်မေးခွန်းမှာလည်း ပြဋ္ဌာန်းစာအုပ်မှာ ဖော်ပြထားသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်များကိုသာ ရေးသားရမှာဖြစ်ပါတယ်။ အဓိပ္ပာယ်ပြည့်စုံအောင် ရေးသားမှ အမှတ်ပြည့်ရမှာဖြစ်တယ်။

မေးခွန်းနံပါတ်(၃)၊ (၄)၊ (၅)မှ မေးခွန်းရှည် သို့မဟုတ် မှတ်စုတို(၂)ပုဒ်ကို ရွေးချယ်ဖြေဆိုရာမှာ မေးခွန်းမှာပါရှိတဲ့ အကြောင်းအရာနဲ့ပတ်သက်တဲ့အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ပထမရေးပြီးမှ ရှင်းလင်းချက်များကို ဆက်ရေးရမှာဖြစ်ပါတယ်။ ဥပမာ "ဝယ်လိုအားတိုးခြင်းနဲ့လျော့ခြင်း"ကို မှတ်စုတိုမှာ မေးထားလျှင် ဝယ်လိုအားတိုးခြင်း၊ ဝယ်လိုအားလျော့ခြင်းတို့၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကိုဖော်ပြပြီးမှ ပုံနှင့်တကွ ဝယ်လိုအားတိုးခြင်း၊ ဝယ်လိုအားလျော့ခြင်းကို ရှင်းပြရမှာဖြစ်ပါတယ်။ နောက်ထပ် ဥပမာပေးရမယ်ဆိုလျှင် "ရသုံးမှန်းခြေငွေစာရင်း အကြောင်းရှင်းလင်းပါ" ဆိုတဲ့ မေးခွန်းရှည်ကိုဖြေဆိုရာမှာ ပထမရသုံးမှန်းခြေငွေစာရင်းရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ကိုရေးပြီးမှ ရသုံးမှန်းခြေ ငွေစာရင်းအကြောင်းကို ဆက်ရှင်းလင်းရမှာ ဖြစ်ပါတယ်။

မေးခွန်းနံပါတ် (၆)ကို အထူးရှင်းပြလိုပါတယ်။ ဒီမေးခွန်းကပေးထားတဲ့ စာရင်းအင်းများကို အခြေခံပြီး မျဉ်းကွေးများ ရေးဆွဲရမှာ တွက်ချက်သုံးသပ်ရမှာ ဖြစ်ပါတယ်။ ဘောဂဗေဒ ပြဋ္ဌာန်းစာအုပ်ရဲ့အခန်း ၁၊ ၂၊ ၃ တို့မှ မေးထားတာဖြစ်ပါတယ်။ မေးခွန်းမှာပေးထားတဲ့စာရင်းအင်း သတင်းအချက်အလက်များကို အခြေခံပြီး မျဉ်းကွေးများရေးဆွဲခိုင်းလျှင် တိကျမှန်ကန်စွာရေးဆွဲရမယ်။ ဥပမာ နိုင်ငံတစ်နိုင်ငံရဲ့ ထုတ်လုပ်နိုင်မှုအခြေပြမျဉ်းကွေးကိုပေးထားတဲ့ ထုတ်လုပ်နိုင်မှု အခြေပြဇယားမှ ရေးဆွဲခိုင်းတယ်ဆိုပါစို့။ ဇယားမှာဖော်ပြထားတဲ့ ကုန်စည်(၂)မျိုး (ဥပမာ–ဆန်နှင့်အထည်)ကို ဒေါင်လိုက် ဝင်ရိုးမှာကုန်စည် တစ်မျိုး(ဥပမာ–ဆန်(တင်း)၊ အလျားလိုက်ဝင်ရိုးမှာကုန်စည်တစ်မျိုး ဥပမာ–အထည်(ကိုက်)ကို စကေးမှန်မှန်မှတ်သားဖော်ပြပြီး ကုန်စည်ပမာဏအတွဲအမျိုးမျိုးကို မှတ်သားရေးဆွဲရင် ထိုနိုင်ငံရဲ့ ထုတ်လုပ်နိုင်မှုအခြေပြမျဉ်းကွေးရမှာဖြစ်တယ်။ ကုန်စည်ပမာဏအတွဲအမျိုးမျိုးကို အမှတ်စဉ် က၊ ခ၊ ဂ၊ ဃ၊ င နဲ့ရေးဆွဲထားတဲ့ ထုတ်လုပ်နိုင်မှုအခြေပြမျဉ်းကွေးပေါ်မှာ မှန်မှန်ကန်ကန် ဖော်ပြရမယ်။ ထုတ်လုပ်နိုင်မှု အခြေပြမျဉ်းကွေးပေါ်ရှိ အမှတ်တစ်ခုမှတစ်ခု ပြောင်းရွှေ့ထုတ်လုပ်ခြင်းဟာ ကုန်စည်တစ်ခုကိုတိုးထုတ်ဖို့ နောက်တစ်မျိုးကို လျော့ထုတ်ရမယ်ဆိုတဲ့ ဘောဂဗေဒဘာသာရပ်ရဲ့အရေးကြီးတဲ့ အခွင့်အလမ်းစရိတ် သဘောတရားကိုဖော်ပြတယ်။ ကုန်စည်တစ်ခုရဲ့ အခွင့်အလမ်းစရိတ်က ယင်းကုန်စည် တစ်ယူနစ်တိုးထုတ်ဖို့ စွန့်လွှတ်ရတဲ့ အခြားကုန်စည်ပမာဏဖြစ်တယ်။ ဒါကြောင့် အထည်ကိုက် ၂၀ တိုးထုတ်ဖို့ ဆန် ၁၀တင်း လျှော့ထုတ်ရတယ်ဆိုရင် အထည်ကိုက် ၂၀ တိုးထုတ်ခြင်းရဲ့ အခွင့်အလမ်းစရိတ်က ဆန် ၁၀ တင်းကို အထည်ကိုက် ၂၀နဲ့ စားခြင်းရဲ့ ရလဒ်ပဲဖြစ်တယ်။ အထည်ရဲ့ အခွင့်အလမ်းစရိတ်က (–၁၀) ÷ (+၂၀)=–၀ဒသမ၅ဖြစ်တယ်။ အနုတ် လက္ခဏာဖြစ်ရခြင်းဟာ အထည်ကိုတိုးထုတ်ဖို့ ဆန်ကိုလျှော့ထုတ်ရတဲ့ သဘောကိုဖော်ပြတာဖြစ်တယ်။

အခန်း(၂) ဝယ်လိုအားနှင့် ရောင်းလိုအား ဆန်းစစ်မှု၏အခြေခံမှုများအခန်းမှာ ပေးထားတဲ့ စာရင်းအင်း သတင်းအချက်အလက်များကို အခြေခံပြီးမျဉ်းကွေးဆွဲ တွက်ချက်သုံးသပ်ရမယ့်မေးခွန်း အတော်များများ မေးနိုင်ပါတယ်။ ဥပမာကုန်စည်တစ်ခုအတွက် ဝယ်လိုအားနဲ့ရောင်းလိုအား ဇယားပေးထားပြီး ဝယ်လိုအားမျဉ်းကွေးရောင်းလိုအား မျဉ်းကွေးရေးဆွဲမယ်ဆိုရင် ဒေါင်လိုက်ဝင်ရိုးမှာ ဈေးနှုန်း(မေးခွန်းမှာ ဖော်ပြထားတဲ့ ငွေကြေးဖြင့် –ဥပမာ၊ ကျပ်)၊ အလျားလိုက်ဝင်ရိုးမှာ အရေအတွက် (မေးခွန်းမှာဖော်ပြထားတဲ့ယူနစ်ဖြင့်– ဥပမာ၊ တင်း)ကို စကေးမှန်မှန်သတ်မှတ်ပြီး မျဉ်းကွေးများကို ရေးဆွဲရမှာဖြစ်တယ်။ ဝယ်လိုအားမျဉ်းကွေးကို DD၊ ရောင်းလိုအား မျဉ်းကွေးကို SS လို့လည်း ပုံမှာဖော်ပြရမှာဖြစ်တယ်။ အကယ်လို့ပေးထားတဲ့ စာရင်းအင်းများ (ကုန်စည်၏ဈေးနှုန်းနှင့် ဝယ်ယူမည့်အရေအတွက်များ)မှ ကုန်စည်ရဲ့ ဝယ်လိုအား၏ ဈေးနှုန်းအလျော့အတင်း တွက်ချက်သုံးသပ်ခိုင်းတယ်ဆိုရင် ဝယ်လိုအား အလျော့အတင်းတွက်တဲ့ ပုံသေနည်းအရ တွက်ချက်အဖြေရှာရမှာဖြစ်တယ်။ ဥပမာ အထည်ရဲ့ဈေးနှုန်း တစ်ကိုက်လျှင် ကျပ် ၁၀၀၀ မှ ကျပ် ၁၂၀၀ ဖြစ်သွားခြင်းကြောင့် အထည်ဝယ်ယူတဲ့ အရေအတွက် ၁၀ ကိုက်မှ ၅ ကိုက်သို့ လျော့နည်းသွားခြင်းရဲ့ အထည်၏ဝယ်လိုအား၏ ဈေးနှုန်းအလျော့အတင်းသည် ဝယ်ယူမည့် အရေအတွက် ပြောင်းလဲမှု ရာခိုင်နှုန်းကို ဈေးနှုန်းပြောင်းလဲမှုရာခိုင်နှုန်းနဲ့ စားခြင်းဖြင့်ရရှိနိုင်တယ်။ အထည်ဝယ်ယူမည့် အရေအတွက် ပြောင်းလဲမှုရာခိုင်နှုန်းဟာ (၅–၁၀) ÷ ၁၀ x ၁၀၀=၅၀ %၊ အထည်ဈေးနှုန်းပြောင်းလဲမှုရာခိုင်နှုန်းဟာ (၁၂၀၀–၁၀၀၀) ÷ ၁၀၀၀ x ၁၀၀ = ၂၀ % ဖြစ်တယ်။ ဒါကြောင့် အထည်ရဲ့ဝယ်လိုအား၏ ဈေးနှုန်းအလျော့အတင်းဟာ ၅၀ % ÷ ၂၀ % = ၂.၅ ဖြစ်တယ်။ ဒီအဖြေကို သုံးသပ်ရမယ်ဆိုရင် အထည်၏ဝယ်လိုအား အလျော့အတင်းဟာ (၁)ထက်ကြီးတဲ့အတွက် ဝယ်လိုအား အလျော့အတင်းများတယ်လို့ သုံးသပ်ရတယ်။ ဝယ်လိုအား အလျော့အတင်းနဲ့ ပတ်သက်ပြီး ဝယ်လိုအား၏ ဝင်ငွေအလျော့အတင်း၊ ဝယ်လိုအား၏ အပြန်အလှန် အလျော့အတင်းကိုလည်း တွက်ချက်သုံးသပ်ခိုင်းတဲ့ မေးခွန်းမျိုးမေးနိုင်ပါတယ်။

အခန်း(၃) တိုင်းပြည်ဝင်ငွေနဲ့ ပတ်သက်ပြီး နိုင်ငံတစ်နိုင်ငံရဲ့ တိုင်းပြည်ဝင်ငွေဆိုင်ရာ ကိန်းဂဏန်းများ ပေးထားပြီး စုစုပေါင်း ပြည်တွင်းထုတ်ကုန် (GDP)၊ စုစုပေါင်း တိုင်းပြည်ထုတ်ကုန်(GNP)၊ အသားတင် တိုင်းပြည်ထုတ်ကုန် (NNP) ကို တွက်ခိုင်းနိုင်ပါတယ်။ တိုင်းပြည်ဝင်ငွေ တွက်ချက်တဲ့နည်း (၃)နည်းကို သေသေချာချာ မှတ်သားထားဖို့ လိုပါတယ်။ ဥပမာ ကုန်ထွက်နည်းနဲ့ တိုင်းပြည်ဝင်ငွေ တွက်ချက်ခိုင်းပါက ကဏ္ဍအလိုက် ကုန်ထွက်စုစုပေါင်း (ထုတ်လုပ်သူများ၏ ဈေးနှုန်းဖြင့်)မှ လုပ်ငန်းချင်း အသုံးပြုမှု တန်ဖိုးကို နုတ် ရလဒ်မှာ စုစုပေါင်း ပြည်တွင်းထုတ်ကုန် (အင်အားစုအခငွေဈေးနှုန်း) ဖြစ်မယ်၊ ဒီအဖြေမှ အခွန်အကောက်များပေါင်း၊ ထောက်ပံ့ကြေးမှာ နုတ်ရင် စုစုပေါင်း ပြည်တွင်းထုတ်ကုန်(ဈေးကွက်ပေါက်ဈေး) ဖြစ်မယ်။ ဒီအဖြေမှ ကုန်ထုတ်အင်အားစုများအတွက် နိုင်ငံခြားသို့ အသားတင်ပေးရသော ဝင်ငွေနုတ်ရင် စုစုပေါင်း တိုင်းပြည်ထုတ်ကုန်ရမယ်။ ဒီအဖြေမှ ချွတ်ယွင်းဖြုန်းတီးမှု တန်းဖိုးနုတ်ရင် အသားတင် တိုင်းပြည် ထုတ်ကုန်ရမယ်။

၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်တန်း ဘောဂဗေဒဘာသာရပ် ဖြေဆိုမယ့်ကျောင်းသူကျောင်းသားများကို နောက်ဆုံး မှာကြားလိုတာကတော့ တက္ကသိုလ်ဝင်တန်းအတွက် ပြဋ္ဌာန်းထားတဲ့ ဘောဂဗေဒစာအုပ်မှာပါတဲ့ သဘောတရားတွေကို ကောင်းစွာနားလည်သဘောပေါက်ပြီး ကျေညက်အောင် ဖတ်ရှုမှတ်သားထားခဲ့ပြီဆိုရင် အခက်အခဲမရှိ ဖြေဆိုနိုင်မှာ ဖြစ်ပါတယ်။ တပည့်တို့ရဲ့ လိုအင်ဆန္ဒများပြည့်ပါစေလို့ ဆုတောင်းရင်း ဒီသိကောင်းစရာ ပို့ချချက်ကို ရပ်နားလိုက်ပါတယ်။ ။

ဖားကန့်မြို့ လုံးခင်းဈေးလမ်း ကတ္တရာလမ်းသစ်ဖွင့် ငွေကျပ် ၃၉သိန်းဖြင့် အကုန်အကျခံဆောင်ရွက်ခဲ့

ဖားကန့် ဖေဖော်ဝါရီ ၁၈

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ဖားကန့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၅-၂၀၀၆ခု ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းလုပ်ငန်းဖြစ်သော ဖားကန့်မြို့ လုံးခင်းဈေးလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၁ရက်က အဆိုပါကတ္တရာလမ်းသစ် မုခ်ဦးရှေ့တွင် ကျင်းပသည်။

အခမ်းအနားသို့ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့်ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ နယ်မြေခံတပ်နယ်မှ ဒုတိယ ဗိုလ်မှူးကြီး ဆန်းညွှန့်ဦး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ထွေး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပြည်သူများတက်ရောက်ကြသည်။

အခမ်းအနားတွင် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က အမှာစကားပြောကြားပြီး လုံးခင်းကတ္တရာလမ်း ဆောင်ရွက်မှုအခြေ အနေများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင် အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းဟန်က ရှင်းလင်းတင်ပြသည်။

ထို့နောက် လုံးခင်းဈေးလမ်း ကတ္တရာလမ်းသစ်ကို နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး ဆန်းညွှန့်ဦး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးကျော်ထွေးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းဟန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ကတ္တရာလမ်းသစ်မှာ အရှည်ပေ ၁၃၀၀၊ အကျယ် ၁၂ပေဖြစ်ပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ငွေကျပ် ၃၉၀၀၀၀၀ဖြင့် အကုန်အကျခံ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် စည်ပင်)**

ထားဝယ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော နိဗ္ဗာန်လမ်း ထပ်ပိုး ကတ္တရာလမ်းသစ် ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက်က ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ခင်မောင်ညို၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းထွန်းလွင်နှင့် မြို့နယ်စည်ပင်သာယာ ရေးအဖွဲ့အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်သန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် စည်ပင်)

ဝမြို့နယ် ကျောက်ကြီးရွာဝင် ကျောက်ချောလမ်းဖွင့်ပွဲကို ဇန်နဝါရီ ၃ ရက်ကကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးခင်ဝင်းနှင့် အမှုဆောင်အရာရှိ ဦးတင်မောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (ခရိုင်ပြန်/ဆက်)

ပြည်သူ့အခြေပြု ကျန်းမာရေးလုပ်ငန်းများ ပျော်ဘွယ်မြို့နယ်အဆင့် ဆရာဖြစ်သင်တန်းဖွင့်

ပျော်ဘွယ် ဖေဖော်ဝါရီ ၂၅

ပျော်ဘွယ်မြို့နယ် ကျန်းမာရေးဦးစီးဌာနက ကြီးမှူးကျင်းပသော ပြည်သူ့အခြေပြု ကျန်းမာရေးလုပ်ငန်းများ မြို့နယ်အဆင့် ဆရာဖြစ်သင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၁၀ နာရီက မြို့နယ် ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ကြည်က အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေး ဦးစီးဌာနဦးစီးမှူး ဒေါက်တာ အေးမောင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်း ပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြက သင်တန်းစည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး သင်တန်းကို ဆက်လက် ပို့ချသည်။ အဆိုပါ သင်တန်းအောင်မြင်ပါက သင်တန်းသားများက ရန်အောင်၊ ယင်းတော်၊ လျှော်ဖြူကုန်း ကျေးလက်ကျန်းမာရေးဌာနခွဲများတွင် ဆင့်ပွားသင်တန်းများအဖြစ် ပြန်လည်ပို့ချမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပျဉ်းမနား မဟာဝိသုတာရာမ ဈေးကုန်းပရိယတ္တိစာသင်တိုက် ဗုဒ္ဓပူဇနိယပွဲနှင့် ဓမ္မဝိနယစာတော်ပြန်ပွဲကျင်းပ

ပျဉ်းမနား ဖေဖော်ဝါရီ ၁၆

ပျဉ်းမနား မဟာဝိသုတာရာမ ဈေးကုန်း ပရိယတ္တိ စာသင်တိုက်ကြီးရှိ (၁၀၈) ဆူအောင်တော်မူဘုရား(၃၈) ကြိမ်မြောက်ဗုဒ္ဓပူဇနိယပွဲတော် ဓမ္မဝိနယ စာတော်ပြန်၊ ပွဲနှင့်စုပေါင်းရှင်ပြုပွဲကို ဖေဖော်ဝါရီ ၇ရက်မှ ၁၂ ရက်အထိ ကျင်းပရာ ပဓာန-နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ကဝိသာရ၊ မန္တလေးတိုင်း သံဃနာယကတွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ဓမ္မသာရ၊ နာယက ဆရာတော်ကြီး များနှင့် သံဃာတော်အပါး ၂၀၀ ကျော်တို့ကြွရောက်တော်မူကြပြီး နယ်မြေခံတပ် နယ်မှတပ်မတော်အရာရှိကြီးများ၊မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ဦးတင်အောင်နှင့် ဂေါပကအဖွဲ့ဝင်များနှင့် ဘာသာရေးအသင်းအဖွဲ့များ တက်ရောက်ကြည်ညိုကြသည်။ ဗုဒ္ဓပူဇနိယ ပွဲတော်ကြီးတွင် (၃၈)ကြိမ်မြောက် ဓမ္မဝိနယ စာတော်ပြန်ပွဲနှင့် မူလတန်းအခြေခံမှ ပထမကြီး တန်းအထိ သံဃာတော်များစာတော်ပြန်ကြရာစာအောင်သံဃာတော်များအား အောင်လက်မှတ်နှင့်စုငွေ ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြောင်းသိရသည်။ (၁၀၁)

ကျောက်ဆည်မြို့နယ် ကြွံခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေး ညှိနှိုင်းစည်းဝေး

ကျောက်ဆည် ဖေဖော်ဝါရီ ၁၅

ကျောက်ဆည်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေးညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၈ ရက် ညနေ ၅ နာရီက မြို့နယ်အသင်းရုံးတွင် ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အသင်းအတွင်းရေးမှူး ဦးသီဟဆွေနှင့် အလုပ်အမှုဆောင်များ တက်ရောက်ကြပြီး အတွင်းရေးမှူးက ခြံစည်းရိုးကြက်ဆူပင်ကို မြို့နယ်အသင်းပိုင်စိုက်ခင်းတွင် စိုက်ပျိုးရေး၊ အလုပ်အမှုဆောင်များ၊ စည်းရုံးရေးမှူးများနှင့် အသင်းဝင်များကပါဝင်စိုက်ပျိုးရေး၊ မြို့နယ်အသင်းရုံးဝင်းတွင် ပျိုးဥယျာဉ်တည်ထောင်ရေး ရှင်းလင်းရာ တက်ရောက် လာကြသူများက အကြံပြုဆွေးနွေးကြသည်။

ခြံစည်းရိုးကြက်ဆူစိုက်ပျိုး

ထို့နောက် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မောင်းထောင်စိုက်ခင်းတွင် ခြံစည်းရိုးကြက်ဆူပင်၅ဧကစိုက်ပျိုးကြကြောင်း သိရသည်။

(ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း)

မော်ကျွန်း၌ ရပ်ကွက်ပေါင်းစုံ ထမနဲထိုးပြိုင်

မော်လမြိုင်ကျွန်း ဖေဖော်ဝါရီ ၁၉

မော်လမြိုင်ကျွန်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ ရပ်ကွက်ပေါင်းစုံ စုပေါင်းထမနဲထိုး ပြိုင်ပွဲကို ဖေဖော်ဝါရီ၁၂ရက် ညနေ ၃ နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးဝင်း၌ ကျင်းပရာ မြို့ပေါ်ရပ်ကွက် ၁၂ ရပ်ကွက်မှ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များက တပျော်တပါး ထမနဲထိုးပါဝင်ယှဉ်ပြိုင်ကြသည်။

အဆိုပါ ထမနဲထိုးပြိုင်ပွဲတွင် ဆုရရှိသော အသင်းများအား မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်စန်းမြင့်က ဆုများ ပေးအပ် ချီးမြှင့်သည်။ **(ဝ၉၇)**

မြဝတီမြို့ မနော်ဟရီလမ်း ကျောက်ရောမြေဖြင့် အမာခံလမ်း ခင်းမှုကို ဇန်နဝါရီ ၁၀ ရက်က မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးလှိုင်တိုး ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်မောင်သန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်သန်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် စည်ပင်)

ဒီမောဆိုမြို့ မြို့မဈေး ခြံစည်းရိုးပြင်ဆင်မှုကို ဇန်နဝါရီ ၁၆ရက်က အမှုဆောင်အရာရှိ ဦးအေးဖဲကြီးကြပ်ပေးစဉ်။ (နယ်စပ်/ စည်ပင်)

သံဖြူဇရပ်မြို့နယ် ပညာရေးမှူးရုံးက ကြီးမှူးကျင်းပသော ၂၀၀၅-၂၀၀၆ခုပညာသင်နှစ်ကျောင်းပေါင်းစုံ (တာဝေး)ပြေးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၅ ရက်ကကျင်းပရာ မြို့နယ်ပညာရေးမှူးဦးခင်မောင်ဦးက ဆုရ ကျောင်းသားတစ်ဦးအား ဆုချီးမြှင့်စဉ်။ (မြို့နယ်ပညာရေး)

ပဲခူးတိုင်း ညောင်လေးပင်မြို့နယ်သာသနာ့ဗိမာန်တည်ဆောက်ရေး အတွက် မန္တလေးမြို့ ၃၁ လမ်း၊ ၇၇-၇၈ကြားနေ ဦးတင်မောင် (ဟွန်ဒါ မြန်မာ ဂ ရိတ် ဝေါလ် ကုမ္ပဏီ လီမိတက်) က ငွေကျပ် သိန်း ၃၀ ကိုဖေဖော်ဝါရီ၂၂ ရက်က ပေးအပ်လှူဒါန်းရာ မြို့နယ်ဥက္ကဋ္ဌဦးသိမ်းဌေးနှင့်သာသနာ့ဗိမာန်တည်ဆောက်ရေးအဖွဲ့ဝင်များက လက်ခံယူကြစဉ်။(က-ပ)

မြန်မာ့အသံ

၂-၃-၂၀၀၆ (ကြာသပတေးနေ့)
(တောင်သူလယ်သမားနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ဓဇဂ္ဂသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၀၉း၃၅ ဆွေးနွေးခန်း (စစ်ကိုင်းတိုင်း ဆည်မြောင်းဦးစီးဌာန၏ စိုက်ပျိုးရေးကဏ္ဍအားဖြည့် ဆောင်ရွက်မှုများ)
၁၁း၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား (ရွှေဘိုစက်မှုဇုန်ထုတ် စပါးခြွေလှေ့စက်အကြောင်း)
၁၁း၃၅ စာအုပ်စာပေလူ့မိတ်ဆွေ (၁)လေလွင့်ငှက်ငယ်များဒဿန ရသကဗျာများ (ကောင်းသန့်) (၂)ဆားပုလင်းနှင့်မောင်ဝတ္ထုတိုပေါင်းချုပ် (အမှတ်-၁၊ ၂) (မင်းသိခ်)
၁၂း၀၀ သိပ္ပံပညာသိကောင်းစရာ (သူ့မျက်နှာ၏ပတ်ဝန်းကျင် အကြောင်း-မောင်ဆုရှင်)
၁၂း၃၀ အစာနှင့် အာဟာရ (မန္တလေးမြို့မှ မန္တလေးလက်ဖက်)

ညနေပိုင်း

၁၆း၁၅ ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သင်ခန်းစာအစီအစဉ် (စိတ်ကြိုက်မြန်မာစာ)
၁၆း၃၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ
၁၇း၀၀ တပ်မတော်စာတိုက်
၁၇း၁၅ ထူးဆန်းထွေလာသတင်းပဒေသာ
၁၉း၁၅ ဇာတ်လမ်းပမာနားဆင်စရာ (အဖော်မွန်)

ဖျာပုံမြို့တွင်း ရေမြောင်းများ ရေစီး ရေလာ ကောင်းမွန်ရေးနှင့် ခြင် များ မပေါက်ပွားနိုင်ရေး အတွက် ဖေဖော်ဝါရီ ၂၂ ရက်က အောင်မေ တ္တာ လမ်းဝဲ ယာ ရေ နုတ်မြောင်းများ မြေကော်စက်ဖြင့် တူးဖော်ရှင်းလင်းရေးလုပ်ငန်း ဆောင်ရွက်ရာ မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးမြင့်ဇော်နှင့် အမှုဆောင်အရာရှိ ဦးသက်ပိုင်တို့က ကွင်းဆင်းကြီးကြပ်ပေးစဉ်။ (၁၅၈)

ချင်းပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာနကြီးမှူး ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးသင်တန်းဖွင့်

တီးတိန် ဖေဖော်ဝါရီ ၁၅

ချင်းပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး သင်တန်းနှင့် အခြေခံလူမှုဝန်ထမ်းလုပ်ငန်းများ သင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၈ရက် နံနက်၁၀နာရီက မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ဇော်မိုးက သင်တန်းဖွင့် အမှာစကားပြောကြားပြီး ပြည်နယ် လူမှု ဝန်ထမ်းဦးစီးအရာရှိ ဦးချန်းပဲ့က သင်တန်း ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ပြောကြား၍ သင်တန်းကို ဆက်လက်ပို့ချကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကျောက်တံခါးမြို့နယ် ကညင်ကျိုး–ရွာမ–ပိန်းဇလုပ် ကျေးလက်ဂဝံလမ်းခင်းခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၁၀ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ကြည့်ရှုစစ်ဆေးရာ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆန်းထွန်းက ရှင်းလင်းပြသစဉ်။ (မြို့နယ် ပြန်/ဆက်)

ကြေးပိဋကတ်တော်ပြုလုပ်ရန် အလှူငွေများ ပေးအပ်လှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ဗုဒ္ဓသာသနာ အဓွန့်ရှည်တည်တံ့လေအောင် မြတ်ဗုဒ္ဓ၏ပိဋကတ် ကျမ်းစာတော်များကို ကြေးပြားတွင် ရေးထွင်း၍ ကြေးပိဋကတ်တော်တစ်ဆူ ပြုလုပ်လှူဒါန်းရေးအတွက် ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏ သာသနာ့ဇဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတထံ အလှူရှင်များဖြစ်ကြသည့် အမှတ်(၁၆) ၁၅၆လမ်း တာမွေ(က) ၈ရပ်ကွက် တာမွေမြို့နယ် ဒေါ်ညွန့် မိသားစုက ကြေးပြား ၁၀ချပ်၊ အမှတ်(၄၈) ၅၂လမ်း ဗိုလ်တထောင်မြို့နယ်နေ ဦးသန်းစိန်–ဒေါ်ခင်ခင်အေး၊ သားထွန်းအောင်စံ၊ သမီး မမြသူစံတို့က ကြေးပြားနှစ်ချပ်၊ အမှတ် (၁၁၈) ၄၆လမ်း ဗိုလ်တထောင် မြို့နယ်နေ မိခင်ဒေါ်ငွေရှင်နှင့် ခင်ပွန်း ဦးကျော်လွင်တို့အား ရည်စူး၍ ဒေါ်ဝင်းအေး မိသားစုက ကြေးပြား၂ချပ်၊ အမှတ်၁၁ သုဒဿနလမ်း ဌေးကြွယ် ရပ်ကွက် (က)တာမွေမြို့နယ်နေ ဦးဘသင်အား ရည်စူး၍ ဇနီး ဒေါ်အမာမိသားစုက ကြေးပြားနှစ်ချပ်၊ အမှတ် ၁၁၁/က ကန်တော်မြိုင်လမ်း ပါရမီ ရန်ကင်းမြို့နယ်နေ ဦးလှကျော်–ဒေါက်တာဒေါ်စန်းစန်းထွန်း မိသားစု၊ ကြေးပြား သုံးချပ်၊ အမှတ်(၇၉) ၆က မလွကုန်းလမ်း ကျောက်မြောင်း တာမွေ မြို့နယ်နေ မိခင်ဒေါ်အေးမေ၊ ဦးစိုးဝင်း–ဒေါ်မိမိခင်အေး သား မောင်ကျော်စိုးဟန် မိသားစုက ကြေးပြား သုံးချပ်၊ အမှတ် (၁၂၁) ပထမထပ်၊ အင်းစိန်လမ်း ကမာရွတ်မြို့နယ်နေ ဒေါ်နုနုတင်က ကြေးပြားနှစ်ချပ် လှူဒါန်းကြသည်။

လှူဒါန်းနိုင်

အလှူရှင်များ လှူဒါန်းလိုပါက ကြေးပြားတစ်ချပ်လျှင် အလှူငွေကျပ်၁၈၀၀၀ဖြင့် မင်္ဂလာတိုက်ကျောင်း ကျောင်းတော်ရာ ရွှေကျင်တိုက် ကိုယ့်မင်းကိုယ့်ချင်းလမ်း ဗဟန်းမြို့နယ် ဖုန်း–၅၄၈၈၀၅သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က–ပ)**

လှိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ကန္တာဟောဝန်ပန်းခြံအတွင်းရှိ စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်အမှတ်(၁) နှင့် မြေယာရှုခင်းအလှ ဆောင်ရွက်ထားရှိမှုကို ကယားပြည်နယ် စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးအောင်ကျော်မင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးကြစဉ်။
(နယ်စပ်/စည်ပင်)

အမြို့မြို့ အနယ်နယ် သတင်းများ



(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြု ဖိုးခေါင်–တောင်လုံးညိုကျောက်ချောလမ်းဖွင့်

ရွှေတောင် ဖေဖော်ဝါရီ ၂၀

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်ခရိုင် ရွှေတောင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၀၅–၂၀၀၆ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော ရွှေတောင်မြို့နယ်၊ ဖိုးခေါင်–တောင်လုံးညိုကျေးလက်ကျောက်ချောလမ်းကို ဖေဖော်ဝါရီ ၁၀ရက်က ဖိုးခေါင်ကျေးရွာအဝင် မင်္ဂလာမုခ်ဦးနှင့်မဏ္ဍပ်၌ ကျင်းပသည်။

ထို့နောက် ဖိုးခေါင်–တောင်လုံးညို ကျေးလက်ကျောက်ချောလမ်းကို မြို့နယ်ဥက္ကဋ္ဌ ဦးသန်းမြင့်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးသန်းဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး**(အောက်ပုံ)**ကျေးရွာဥက္ကဋ္ဌ ဦးစန်းမြင့်က ဒေသခံပြည်သူများကိုယ်စား ကျေးဇူးတင်စကား ပြောကြားသည်။

အဆိုပါ ဖိုးခေါင်–တောင်လုံးညိုကျောက်ချောလမ်းသည် အကျယ် ၁၂ပေ၊ အရှည်ပေ ၃၅၀၀ဖြစ်ပြီး ဆည်ကြီးကုန်းကျေးရွာအုပ်စု၊ ကသစ်တိုင်း ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများ ရာသီမရွေး ရန်ကုန်–ပြည်လမ်းမကြီးသို့ တိုက်ရိုက်ဆက်သွယ်သွားလာနိုင်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ခါမ်းပတ်မြို့ စပယ်လမ်း ကျောက်ချောလမ်းသစ်ဖွင့်

တမူး ဖေဖော်ဝါရီ ၁၅

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ခါမ်းပတ်မြို့ စပယ်လမ်းကျောက်ချောလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၉ရက် နံနက် ၁၁နာရီခွဲက အဆိုပါလမ်း မုခ်ဦးတွင် ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက ကျောက်ချောလမ်းသစ်ခင်းကျင်းမှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး **(အောက်ပုံ)**စပယ်လမ်း ကျောက်ချောလမ်းသစ်ကို စစ်ကိုင်းတိုင်း စည်ပင်သာယာ ရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဗိုလ်မှူးနေဝင်း၊ ခရိုင်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဝင်းဇော်နှင့် တမူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသောင်းညွန့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(မြို့နယ် စည်ပင်)**

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြု မြန်အောင် ကျောင်းတိုက်ကြီးလမ်း ကတ္တရာလမ်းဖွင့်

မြန်အောင် ဖေဖော်ဝါရီ ၂၀

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ၂၀၀၅–၂၀၀၆ခု ဘဏ္ဍာရေးနှစ်အတွင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော မြန်အောင်မြို့ အမှတ်(၄)ရပ်ကွက် ကျောင်းတိုက်ကြီးလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ၁၀ရက် နံနက်က ကျောင်းတိုက်ကြီးလမ်းနှင့် ကြာနီကန်လမ်းဆုံရှိ မုခ်ဦးတွင် ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်သိန်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမိုးဟိန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။**(အပေါ်ပုံ)** အဆိုပါလမ်းမှာ အရှည် ၁၃၅၅ ပေ၊ အကျယ် ၁၂ပေဖြစ်ပြီး မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ငွေကျပ် ၅၀၈၂၀၀၀ဖြင့် အကုန်အကျအခံ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် စည်ပင်)**

လှိုင်းဘွဲမြို့၌ ထမနဲထိုးယှဉ်ပြိုင်

လှိုင်းဘွဲ ဖေဖော်ဝါရီ ၁၆

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ဖေဖော်ဝါရီ၁၂ရက် နံနက်က လှိုင်းဘွဲမြို့ အောင်ဆန်းခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုအလံကို အလေးပြုပြီး (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာကို မြို့နယ်ဥက္ကဋ္ဌ ဦးလွင်မင်းက ဖတ်ကြားသည်။

ဆက်လက်၍ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ထမနဲထိုးပြိုင်ပွဲကို ယင်းခန်းမဆောင်ဝင်း မြက်ခင်းပြင်ပေါ်၌ ကျင်းပရာ ပြိုင်ပွဲဝင် ဌာနဆိုင်ရာများနှင့် ရပ်ကွက် ၁၅ရပ်ကွက်တို့မှ တပျော်တပါး ယှဉ်ပြိုင်ကြရာ ပြိုင်ပွဲပထမဆုရ ပညာရေးဌာန၊ ဒုတိယဆုရ (ခ)ရပ်ကွက်နှင့် တတိယဆုရ(ဃ)ရပ်ကွက်အဖွဲ့တို့အား မြို့နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မုံရွာမြို့စက်မှုဇုန် သီဟထွန်းကုမ္ပဏီလီမိတက်၌ ခြံစည်းရိုးကြက်ဆူဆီဖြင့် ဆီမီးခွက်၊ မီးဖို၊ ကြက်ဆူစေ့ အခွံခွာစက်၊ ကြက်ဆူဆီညှစ်စက်၊ ကြက်ဆူဆီကြိတ်စက်၊ မီးစက်၊ တစ်လုံးထိုး အသံငြိမ်မီးစက်၊ လယ်ယာသုံး ရေတင်စက်နှင့် လက်တွန်းထွန်းစက် လက်တွေ့သရုပ်ပြသမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေ စိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စက်မှုလုပ်ငန်းရှင်များ ကြက်ဆူပင် ပါဝင်စိုက်ပျိုးလာခြင်းဖြင့် အကျိုးများစွာဖြစ်ထွန်း ကြက်ဆူဆီထုတ်လုပ်သည့် စွမ်းအားပြည့် ကြိတ်စက်များ တီထွင်ကြံဆထုတ်လုပ်

ရန်ကုန် ဖေဖော်ဝါရီ ၂၈

မန္တလေးမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ၂၇ရက် နံနက်၇နာရီမိနစ်၃၀က နန်းမြို့ဧည့်ရိပ်သာမှ ထွက်ခွာလာရာ နံနက် ၇နာရီ၃၅မိနစ်တွင် မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့ ရောက်ရှိကြပြီး မန္တလေး အထွေထွေရောဂါကု ဆေးရုံကြီး နှလုံးရောဂါကုသဆောင်တွင်

စာမျက်နှာ ၁၁ ကော်လံ ၁ ■

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် ဒေသခံပြည်သူများ ရင်းငြိမ်ရေထိန်းတံခါးကို ကြည့်ရှုကြစဉ်။

(သတင်းစဉ်)

မွန်ပြည်နယ်၏ စိုက်ပျိုးမှုစွမ်းအားတိုးတက်လာမည့် ရင်းငြိမ်ရေထိန်းတံခါးဖွင့်လှစ် ပေါင်မြို့နယ်အတွင်းရှိ ရေနက်ကွင်း၊ ရေကြီးကွင်း၊ လယ်ယာမြေများ ဖော်ထုတ်စိုက်ပျိုးနိုင် လယ်မြေဧက ၂၀၀၀၀ အထောက်အကူပြု၍ ဒေသခံတောင်သူလယ်သမားများ အကျိုးဖြစ်ထွန်း



လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆)မှ မွန်ပြည်နယ် ပေါင်မြို့နယ်၌ တည်ဆောက်ခဲ့သော ရင်းငြိမ်ရေထိန်းတံခါးကို တွေ့ရစဉ်။

(မြန်မာ့အလင်း)

ရန်ကုန် ဖေဖော်ဝါရီ ၂၈

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆)မှ မွန်ပြည်နယ် ပေါင်မြို့နယ်၌ တည်ဆောက် ပြီးစီးသွားသော ရင်းငြိမ်ရေထိန်းတံခါးဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၈နာရီခွဲက အဆိုပါရေထိန်းတံခါး အနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို တက်ရောက်၍ အမှာစကားပြောကြားပြီး

စာမျက်နှာ ၃ ကော်လံ ၁ ❐